# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁ ရက် | ၂၀၂၀ ပြည့်နှစ်၊ ဇွန် ၂၀ ရက်၊ စနေနေ့ | အတွဲ (၅၉)၊ အမှတ် (၂၆၁)


# ဒုတိယသမ္မတ ဦးမြင့်ဆွေ (၇၃)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား





ဒုတိယသမ္မတ ဦးမြင့်ဆွေ (၇၃) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေးဗဟိုကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**ရန်ကုန် ဇွန် ၁၉**

၂၀၂၀ ပြည့်နှစ် (၇၃)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် (၇၃)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသ ကြီး အစိုးရအဖွဲ့ရုံး၊ မင်္ဂလာခန်းမ၌ ကျင်းပရာ ဗဟိုကော်မတီနာယက၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ (၇၃)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ဝင် ဦးသက်ထွန်း၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးတင်မြင့်၊ ဗိုလ်ချုပ်စိုးတင့်နိုင်၊ ဗိုလ်ချုပ်မြင့်နွယ်နှင့် ဦးကြည်မင်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဝန်ကြီးများ၊ တပ်မတော်မှ အရာရှိကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ် များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက် ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖

**နိုင်ငံတော်အဆင့် အခမ်းအနား ဖြစ်သည့်အတွက် လုံခြုံရေး အပိုင်းကို အထူးအလေးထား ဆောင်ရွက်ရန်နှင့် လုံခြုံရေး တာဝန်ရှိသူများအနေဖြင့် လုံခြုံရေးလုပ်ငန်း တာဝန်(၁၂)ချက် နှင့်အညီ စနစ်တကျစီမံချက်များ ရေးဆွဲကာ လစ်ဟာမှုများ မရှိအောင် ဟန်ချက်ညီညီ ပေါင်းစပ်ညှိနှိုင်းကာ အထူးအလေးထား ကြပ်မတ်ဆောင်ရွက်**

## Special Covid-19 Relief Loan ချေးငွေမှ တစ်နိုင်ငံလုံးရှိ တောင်သူများအတွက် တစ်ကေလျှင် ငွေကျပ်ငါးသောင်းနှုန်း ထပ်တိုး၍ ဘီလီယံ ၆၀၀ ထုတ်ချေးမည်

**နေပြည်တော် ဇွန် ၁၉**

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် တစ်နိုင်ငံလုံးရှိ တောင်သူ လယ်သမားများအတွက် မိုးစပါးချေးငွေ တစ်ဧကလျှင် ငွေကျပ် တစ်သိန်းခွဲအပြင် Special Covid–19 Relief Loan ချေးငွေမှ တစ်ဧကလျှင် ငွေကျပ် ငါးသောင်းနှုန်းဖြင့် ငွေကျပ်ဘီလီယံ ၆၀၀ အား ဇွန် ၂၂ ရက်မှ စတင်ထုတ်ချေး သွားမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူ၏ ပြောကြားချက်အရ သိရသည်။

*စာမျက်နှာ ၁၁ ကော်လံ ၁* ◆

**သတင်းစာတွေရဲ့ ကြံ့ကြံ့ခံနိုင်စွမ်းကို စမ်းသပ်လာတဲ့ ကိုဗစ်–၁၉ ကပ်ရောဂါ**

နိုင်ငံတကာရေးရာ စာ ၁၄



**COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

(၁၉-၆-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

စာ ၁၅




မြန်မာ့အလင်း

# သတိပြုကာကွယ် မိုးကြိုးအန္တရာယ်

မိုးကြိုးဘေးအန္တရာယ်နှင့်ပတ်သက်၍ မီဒီယာများမှတစ်ဆင့် အသိပေးနှိုးဆော်လျက်ရှိသည်။ သဘာဝဘေးအန္တရာယ်တစ်ခု ဖြစ်သည့် မိုးကြိုးပစ်ခြင်းကြောင့် ယမန်နှစ်(၂၀၁၉ ခုနှစ်)အတွင်း လူ ၁၃၃ ဦး သေဆုံးခဲ့ပြီး ၅၂ ဦး ဒဏ်ရာရရှိခဲ့သည်။ ယခုနှစ်တွင်လည်း ဇန်နဝါရီ ၁ ရက် မှ ဇွန် ၁၁ ရက်အထိ မိုးကြိုးပစ်မှုကြောင့် သေဆုံးသူ ၇၂ ဦး၊ ဒဏ်ရာ ရရှိသူ ၃၂ ဦး ရှိနေပြီဖြစ်သည်။ မိုးကြိုးအန္တရာယ်သည် မိုးကြိုကာလနှင့် မိုးနှောင်းကာလများတွင် ပိုမိုဖြစ်ပွားတတ်သည့် သဘာဝရှိ ခြင်းကြောင့် ကျန်ရှိကာလများအတွင်း နောက်ထပ်မိုးကြိုး အန္တရာယ်များဖြစ်ပေါ်လာဦးမည်ဖြစ်ရာ မိုးကြိုး၏သဘောသဘာဝ ကို သိရှိနားလည်ပြီး သတိပြုနေထိုင်တတ်ကြရန် လိုအပ်မည် ဖြစ်သည်။

မိုးကြိုးအများဆုံးပစ်တတ်သည့်ရာသီမှာ မိုးကြိုနှင့် မိုးနှောင်း ကာလများတွင် ဖြစ်သည်။ မိုးကြိုးအများဆုံးပစ်တတ်သည့်အချိန် မှာ မွန်းတည့် ၁၂ နာရီမှ ညနေ ၆ နာရီအတွင်းဖြစ်သည်ဟု လေ့လာ တွေ့ရှိချက်များအရ သိရသည်။ မိုးကြိုးဘေးအန္တရာယ်နှင့် အများဆုံး ကြုံတွေ့နိုင်သူများမှာ လယ်ယာလုပ်ငန်းခွင်ဝင်နေသူများ၊ ကွဲ နွားကျောင်းနေသူများ၊ မြစ်ချောင်းများ၌ ငါးဖမ်းနေသူများ၊ ဆောက်လုပ်ရေးလုပ်ငန်းလုပ်ကိုင်နေသူများဖြစ်သည်။ မိုးကြိုးပစ် ၍ သေဆုံးဒဏ်ရာရသည့်ဖြစ်စဉ်များတွင် မိုးထစ်ချုန်းလျှပ်စီး လက်နေစဉ် နေအိမ်အတွင်း ရေဒီယိုနားထောင်နေသူ၊ လက်ကိုင်ဖုန်း ဖြင့် စကားပြောနေသူ၊ လက်ကိုင်ဖုန်းဖြင့် အင်တာနက်သုံးစွဲနေသူ များပင်ပါရှိနေရာ အန္တရာယ်ကျရောက်နိုင်သည့် အခြေအနေကို သတိပြုကြရမည် ဖြစ်သည်။

မိုးကြိုးပစ်ခြင်းဆိုသည်မှာ သဘာဝအလျောက် လျှပ်စစ်ခုန်ကူး ခြင်းဖြစ်သည်။ ရွေ့လျားနေသည့် မိုးတိမ်တိုက်များ အကြားတွင် လည်းကောင်း၊ မိုးတိမ်တိုက်နှင့် မြေလွှာကြားတွင် လည်းကောင်း၊ လျှပ်စစ်ဖိအားခြားနားရာမှ လျှပ်လက်ခြင်း၊ မိုးကြိုးပစ်ခြင်းတို့ ဖြစ်ပေါ်သည်။ မိုးဥတုအခါတွင် ကောင်းကင်မှ မိုးတိမ်၏အောက်ခြေ ပိုင်းတွင် စုဝေးနေသည့် လျှပ်စစ်အမဓာတ်များနှင့် မြေပြင်ပေါ်ရှိ လျှပ်စစ်အဖိုဓာတ်တို့ ရွေ့လျားဆွဲငင်ကြရင်း မြေပြင်ရှိ လျှပ်စစ် ဓာတ်ဖိုတို့က မြင့်သောနေရာများဖြစ်သည့် မျှော်စင်၊ ဓာတ်တိုင်၊ သစ်ပင်၊ အလံတိုင်၊ အဆောက်အအုံ၊ တာဝါတိုင် စသည်တို့၏ ထိပ်ဖျားပေါ်သို့ တက်ရောက်လာကာ လျှပ်စစ်ဓာတ်ဖိုနှင့် လျှပ်စစ် ဓာတ်မတို့ နီးကပ်စွာ စုဝေးမိကြပြီး ခုန်ကူးပေါင်းစပ်ရာမှ မိုးကြိုး ပစ်ခြင်းဖြစ်စဉ် ပေါ်ပေါက်လာသည်။


သို့ဖြစ်ခြင်းကြောင့် မိုးထစ်ချုန်းခြင်း၊ လျှပ်စီးလက်ခြင်းတို့ ဖြစ်ပေါ်လာချိန်တွင် လယ်ကွင်း၊ ယာကွင်း၊ မြစ်ချောင်း၊ ငါးမွေးကန် စသည့် မျက်နှာပြင်ကျယ်ပြန့်သည့် နေရာများတွင် ရောက်ရှိနေ ပါက လုံခြုံသည့်နေရာ အမိုးအကာအောက်တွင် ခိုလှုံရန်လိုသည်။ သို့ရာတွင် လွင်တီးခေါင်တွင် ထီးထီးကြီး တည်ရှိနေသည့် လယ်တဲ၊ သစ်ပင် စသည်တို့မှာလည်း မိုးကြိုးအန္တရာယ်ရှိသည့်နေရာများပင် ဖြစ်သည်ကိုလည်း သတိမူကြရမည်ဖြစ်သည်။ အကောင်းဆုံးမှာ မိုးထစ်ချုန်းသံနှင့် လျှပ်လက်သည်တို့ကို မြင်ရ ကြားရသည်နှင့် မိမိရှိရာဆီသို့ရောက်မလာမီ လုပ်လက်စတို့ကို ခေတ္တရပ်သိမ်း၍ လုံခြုံဘေးကင်းရာနေရာဆီ သွားရောက်နေထိုင်ခြင်းက ဘေး အကင်းဆုံးပင်ဖြစ်သည်။ မိုးထစ်ချုန်းနေစဉ် အိမ်အပြင်၌ နေခြင်း၊ ခြံဝင်းထဲ၌ အလုပ်လုပ်နေခြင်း၊ ရေချိုးအဝတ်လျှော်နေခြင်းတို့က ဘေးမကင်းသကဲ့သို့ပင် အိမ်ထဲတွင်နေကာ ရေဒီယိုနားထောင်၊ တီဗွီကြည့်နေခြင်း၊ လက်ကိုင်ဖုန်း သုံးစွဲနေခြင်းတို့ကလည်း အန္တရာယ်ရှိသည်။ ထို့အပြင် တံခါးပေါက်၊ ပြတင်းပေါက် များအနီးနေခြင်း၊ လျှပ်စစ်ကိရိယာများ ကိုင်တွယ်သုံးစွဲခြင်း၊ လျှပ်ကူးပစ္စည်းများဖြစ်သည့် သံထည် သတ္တုထည်များကိုင်တွယ် ခြင်း၊ ရေသုံးစွဲခြင်းတို့ကလည်း လျှပ်စီးကြောင်းစီးဝင်မှုဖြစ်စေပြီး အန္တရာယ်ရှိသည်သာ ဖြစ်သည်။ နေအိမ်များ မိုးကြိုးကာကွယ် ရေးအတွက် မိုးကြိုးလွှဲများ စနစ်တကျတပ်ဆင်ပြီး လိုအပ်သည့် နေရာများတွင် လျှပ်ကာပစ္စည်းများ ကာကွယ်ထားရှိခြင်းဖြင့် မိုးကြိုးအန္တရာယ်ကျရောက်မှုမှ ရှောင်ရှားနိုင်ကြမည် ဖြစ်သည်။

ရာသီဥတုပြောင်းလဲမှုများနှင့်အတူ မိုးလေဝသဖြစ်စဉ်များက ပိုမို၍ပြင်းထန်ကြမ်းတမ်းလာနေသည်။ သဘာဝဘေးအန္တရာယ် တို့ ပိုမိုကြီးမားလာသည့်နှင့်အမျှ အသက်ကို ဉာဏ်စောင့်ဖို့လည်း လိုလာသည်။ သဘာဝဘေးကာကွယ်ရေးအတွက် နှိုးဆော်ချက် များကို လေ့လာမှတ်သားကာ အန္တရာယ်ဘေးမှ ရှောင်ရှားနိုင်ကြ ပါစေကြောင်း။ ။

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၇၅)နှစ်ပြည့် စိန်ရတုမွေးနေ့အားဂုဏ်ပြု၊ မြန်မာအမျိုးသမီး ပန်းချီပညာရှင် ၇၅ ဦးတို့ပူးပေါင်းပြီး အမျိုးသားပြတိုက်(ရန်ကုန်)မှ “75 for 75th” အွန်လိုင်းပန်းချီပြပွဲ ပြသ

**ရန်ကုန် ဇွန် ၁၉**

ယနေ့တွင် ကျရောက်သည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၅) နှစ်ပြည့် စိန်ရတုမွေးနေ့ကို ဂုဏ်ပြုသည့် အနေဖြင့် မြန်မာအမျိုးသမီး ပန်းချီပညာရှင် ၇၅ ဦးတို့ စုပေါင်းရေးဆွဲ ဂုဏ်ပြုသော “75 for 75th” အွန်လိုင်းပန်းချီပြပွဲကို အမျိုးသားပြတိုက် (ရန်ကုန်)က ယနေ့မှစတင်၍ အွန်လိုင်း၌ လွှင့်တင် ပြသလျက်ရှိကြောင်း သိရသည်။




မြန်မာအမျိုးသမီး ပန်းချီပညာရှင် ၇၅ ဦးကိုယ်စား ပန်းချီဆရာမ ဒေါက်တာဒေါ်ခင်မေကြည်က “မနှစ်က ပန်းချီပြပွဲလုပ်ရင်းနဲ့ အမျိုးသမီး ပန်းချီပညာရှင်တွေ စုပြီး ရှေ့နှစ်ကျရင် အမေစုရဲ့ (၇၅) နှစ်မြောက် စိန်ရတုမွေးနေ့ရှိတယ်။ ဒါဟာ တစ်သက်မှတစ်ကြိမ် ကြုံတောင့်ကြုံခဲပွဲလေးပါ။ တို့တွေ အမေစုမွေးနေ့မှာ မှတ်မှတ်ရရ ပွဲတစ်ခု လုပ်ရအောင်၊ အမေစုရဲ့ပုံတူ ပန်းချီကား ၇၅ ကားပြမယ်၊ ဆရာမ ၇၅ ယောက် ရေးဆွဲကာ ပြကြမယ် ဆိုပြီး တိုင်ပင်ဆုံးဖြတ်ခဲ့ကြတယ်။ ဒါကြောင့် ဒီပွဲလေးလုပ်ဖြစ်တာပါ။ ဒီပွဲမှာ အမေစုရဲ့ (၇၅) နှစ်ပြည့် စိန်ရတုပွဲဆိုတော့ အမေစုကို ပန်းချီဆရာမ အားလုံးကလည်း ချစ်ကြတယ်။ အမေစုရဲ့ ပုံတူပန်းချီဆွဲတဲ့အခါမှာ ကန့်သတ်ချက်တွေ မထားဘူး။ ပန်းချီဆရာမ ၇၅ ဦးထဲမှာ ပန်းချီဆရာမ သက်ကြီး၊ သက်လတ်တွေအပြင် မျိုးဆက်သစ် လူငယ်တွေလည်း ပါဝင်ပါတယ်။ ပန်းချီဆရာကြီး ဦးလွန်းကြွယ်နဲ့ ပန်းချီဆရာကြီး ဦးလှတင်ထွန်းတို့က “ဒီပွဲက တကယ်ကို မှတ်တမ်းတင် ထိုက်တဲ့ပွဲကြီးပါ။ အမျိုးသမီးတွေရဲ့ ကဏ္ဍကိုလည်း ထုတ်ဖော်ရာကျ တယ်။ အမျိုးသားပြတိုက်မှာ ပြသင့် တယ်ဆိုပြီး အကြံပေးခဲ့တယ်။ ကိုဗစ်-၁၉ ဖြစ်တော့ ပြပွဲကြီးမလုပ်ဖြစ်တော့ အွန်လိုင်းကနေပဲ ပြဖြစ်သွားတယ်။ အွန်လိုင်းကနေ ဒါက ပထမဆုံး ပြဖြစ်တဲ့ပွဲပါ။ ပန်းချီကားတွေအပြင် အမေစုရဲ့ ပုံတူရုပ်တုတစ်ခုလည်း ပြသထားပါတယ်”ဟု ပြောသည်။

အဆိုပါပြပွဲတွင် မြန်မာပြည် အနှံ့အပြားမှ ပန်းချီဆရာမ ၇၅ ဦးက ပန်းချီကားများကို ရေဆေး၊ ဆီဆေး၊




Acrylic၊ Pencil/color pencil ၊ Charcoal အမှုန့်၊ Mixed Medium၊ Pastel တို့ဖြင့် ရေးဆွဲထားကြပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ပုံတူ ပန်းပုရုပ်တုတစ်ခုလည်း ပါဝင်ပြသ ထားသည်။

“ဒီပန်းချီပြပွဲကို ပုံမှန်ကတော့ အမျိုးသား ပြတိုက်(ရန်ကုန်)မှာ ဇွန် ၁၉ ရက်ကနေ ၂၃ ရက်အထိ ပြသဖို့ ရည်ရွယ်ခဲ့ပါတယ်။ ဒါက နဂိုမူလ စီမံချက်ပါ။ ဒါပေမယ့် ကိုဗစ်-၁၉ ကာလဖြစ်သွားတဲ့အခါမှာ လူစု လူဝေးနဲ့ ဆောင်ရွက်လို့မရဘူး။ တစ်ယောက်နဲ့တစ်ယောက် ခပ်ခွာ ခွာနေရမယ်ဆိုတဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန် ထားတဲ့ အချက်တွေနဲ့ ကြည့်လိုက် တဲ့အခါ ဒီပြပွဲကို ဆောင်ရွက်ဖို့မဖြစ် နိုင်တော့ဘူး။ ဒီပြပွဲရဲ့ ရည်ရွယ်ချက် ကလည်း ကောင်းတယ်၊ အမျိုးသမီး ပန်းချီပညာရှင်တွေ ၇၅ ဦး စုစည်း ထားပြီး ပန်းချီကား ၇၅ ကားကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ (၇၅)နှစ်ပြည့် မွေးနေ့အတွက် ဂုဏ်ပြု တင်ဆက်မယ့်ပွဲလည်း ဖြစ်တော့ ကျွန်မတို့အနေနဲ့ ပုံမှန် ခင်းကျင်းပြသလို့မရရင် အွန်လိုင်း ကနေ ခင်းကျင်းပြသမယ်ဆိုပြီး ပန်းချီဆရာမတွေနဲ့ ဆွေးနွေးကြ တယ်။ အွန်လိုင်းကဆိုရင် ပြည်သူ တိုင်း ကြည့်ရှုခွင့်ရကြမယ်။ ဒါက အားသာချက်တစ်ခု ဖြစ်လို့ အွန်လိုင်းကနေပြဖို့ ဆုံးဖြတ်ခဲ့ကြ တယ်။ ဒီပန်းချီပြပွဲက အမျိုးသား ပြတိုက် (ရန်ကုန်)ရဲ့ ပထမဆုံးသော အွန်လိုင်းပန်းချီပြပွဲ ဖြစ်တာ ကြောင့် ပိုပြီးအားစိုက်ရပါတယ်” ဟု အမျိုးသားပြတိုက်(ရန်ကုန်) ညွှန်ကြားရေးမှူး ဒေါ်နန်းလောဝ် ငင်းက ပြောသည်။

အမျိုးသားပြတိုက်(ရန်ကုန်)၏ ပထမဆုံးသော အွန်လိုင်းပန်းချီ ပြပွဲတစ်ခုဖြစ်သည့် “75 for 75th” အွန်လိုင်းပန်းချီပြပွဲကို အမျိုးသား ပြတိုက်(ရန်ကုန်)၏ လူမှုကွန်ရက် စာမျက်နှာ https://www.facebook.com/nationalmuseum-yangon/ နှင့် ၎င်း၏ဝက်ဘ်ဆိုက် https://www.nationalmuseum-yangon.gov.mm/ တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်း၊ ဓာတ်ပုံ – ရီရီမြင့်**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၇၅ နှစ်ပြည့် စိန်ရတုမွေးနေ့ အထိမ်းအမှတ်အဖြစ် ပြည်သူများစုပေါင်းကာ စတုဒိသာ အလှူပြုလုပ်

**ရန်ကုန် ဇွန် ၁၉**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၇၅ နှစ်ပြည့် စိန်ရတုမွေးနေ့ မင်္ဂလာအထိမ်း အမှတ်အဖြစ် စတုဒိသာ အလှူကို ယနေ့ ညနေပိုင်းက ရန်ကုန်တိုင်း ဒေသကြီး လှိုင်မြို့နယ်၌ ပြည်သူများ စုပေါင်းကာ ပြုလုပ်ကြသည်။

ထိုသို့ ဆောင်ရွက်မှုအနေဖြင့် ယနေ့ညနေပိုင်းက အဆိုပါမြို့နယ်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးရှေ့ ၌ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူများစုပေါင်းကာ စတုဒိသာ အလှူအဖြစ် လမ်းသွားလမ်းလာ များအား ကြာဆံကြော်ဘူး၊ နို့အေး ဘူးနှင့် နှာခေါင်းစည်းများ ဝေငှခြင်း တို့အပြင် နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၇၅ နှစ်ပြည့် စိန်ရတုမွေးနေ့ အထိမ်းအမှတ်အဖြစ် ပုံနှိပ်ထားသော အင်္ကျီများကို ကံစမ်းမဲဖောက်ခြင်း အစီအစဉ်များပြုလုပ်ကြသည်။




လှူဒါန်းမှုနှင့်ပတ်သက်၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်မာဌေးက “လူထုခေါင်းဆောင် ရဲ့မွေးနေ့ကို ကျွန်မတို့နှစ်စဉ်ပြုလုပ် ခဲ့ပါတယ်။ ဒီနှစ်မှာတော့ ကိုဗစ်-၁၉ ရောဂါကြောင့် ဘုရားမှာသွားရောက် ပြီး ဆုတောင်းတာမျိုးတွေမလုပ်နိုင် ဘူး။ အခုအချိန်မှာ လူစုလူဝေး မဖြစ်အောင် ဂရုစိုက်ပြီး လုပ်နေရ တယ်။ လမ်းသွားလမ်းလာတွေကိုပဲ အဓိကထားပြီး စတုဒိသာအဖြစ် ကြာဆံကြော်တွေလှူတယ်။ အထိမ်း အမှတ် အပင်စိုက်တာမျိုးတွေလုပ် ပါတယ်။ အဓိက ကတော့ ကျွန်မတို့ရဲ့ ခေါင်းဆောင် အသက်ရှည်ကျန်းမာ ပြီး နိုင်ငံအကျိုးကို ထမ်းရွက်နိုင်ဖို့ ဆုတောင်းပြီး ပြုလုပ်ကြတာ ဖြစ်ပါ တယ်”ဟု ပြောသည်။

ထို့အပြင် စတုဒိသာ အလှူအဖြစ် ကြာဆံကြော်ဘူးများကို အဆိုပါ မြို့နယ်ရှိ ရဲတပ်ဖွဲ့ဝင်များ၊ အချုပ်သား များနှင့် စည်ပင်သာယာဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရှိ ဝန်ထမ်းများအတွက် သက်ဆိုင်ရာ ဌာနများသို့ ပေးပို့လှူဒါန်းခဲ့ကြောင်း ဒေါ်ခိုင်မာဌေးက ပြောသည်။

အလားတူ နံနက်ပိုင်းကလည်း ရန်ကုန်မြို့ရှိ မြို့နယ်များ၌ နိုင်ငံတော် ၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်း စုကြည်၏ ၇၅ နှစ်ပြည့် စိန်ရတု မွေးနေ့မင်္ဂလာအထိမ်းအမှတ် အဖြစ် စတုဒိသာအလှူကို ပြည်သူများ စုပေါင်းကာ ပြုလုပ်ကြသည်။

**သတင်း–ဇော်ကြီး၊ ဓာတ်ပုံ–ဖေဇော်**

# ပြည်သူသာလျှင် အဓိက

❖ *ရွှေဖုံးမှ*

ရှေးဦးစွာ ဒုတိယသမ္မတ ဦးမြင့်ဆွေက အဖွင့်အမှာစကားပြောကြားရာ၌ ယခုနှစ်တွင် ကျင်းပမည့် (၇၃)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် (၇၃)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ လုံခြုံရေးကော်မတီနှင့် ဆပ်ကော်မတီ (၇)ခုတို့ကို ဖွဲ့စည်းခဲ့ပြီး အဆိုပါကော်မတီများနှင့် ဆပ်ကော်မတီများအနေဖြင့်လည်း သတ်မှတ်ပေးထားသည့် လုပ်ငန်းတာဝန်များကို အချိန်မီပြီးစီးရေး ပူးပေါင်းညှိနှိုင်း ဆောင်ရွက်နေသည်ကို တွေ့ရှိရပါကြောင်း။

## ဆုံးဖြတ်ချက် (၂၆)ချက် ချမှတ်

(၇၃)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေးဗဟိုကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၃ ရက်နေ့တွင် နေပြည်တော်၌ ကျင်းပခဲ့ပြီး အစည်းအဝေးဆုံးဖြတ်ချက် (၂၆)ချက် ချမှတ်ခဲ့ပါကြောင်း၊ အဆိုပါ အစည်းအဝေးဆုံးဖြတ်ချက်များနှင့် ချမှတ်ထားသည့် လုပ်ငန်းတာဝန်များကို သတ်မှတ်ချိန်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် (၇၃) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ အစည်းအဝေးကို ဇွန်လ ၁၅ ရက်နေ့တွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ဦးဆောင်၍လည်းကောင်း၊ ဇွန်လ ၁၇ ရက်နေ့တွင် ဗဟိုကော်မတီဥက္ကဋ္ဌ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ဦးဆောင်၍လည်းကောင်း အစည်းအဝေးများ ကျင်းပပြုလုပ်ခဲ့သည်ကို သိရှိရပါကြောင်း၊ သက်ဆိုင်ရာ ကော်မတီများနှင့် ဆပ်ကော်မတီများအနေဖြင့် အစည်းအဝေးဆုံးဖြတ်ချက်များနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများကို သတ်မှတ်ချိန်အတွင်း ပြီးစီးရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

## ညွှန်ကြားချက်များ ထည့်သွင်းစဉ်းစား

အာဇာနည်နေ့ အခမ်းအနားသည် နှစ်စဉ်နှစ်တိုင်း ကျင်းပနေသည့် နိုင်ငံတော်အဆင့် အခမ်းအနား ဖြစ်ပါကြောင်း၊ နှစ်စဉ်နှစ်တိုင်း ဆောင်ရွက်နေကျ ဖြစ်သော်လည်း ယနေ့ကာလသည် ကမ္ဘာ့ကပ်ရောဂါ Coronavirus Disease 2019 (COVID–19) ဖြစ်ပွားနေသည့် အချိန်ကာလဖြစ်သည့်အတွက် မိမိတို့နိုင်ငံအနေဖြင့် အဆိုပါကပ်ရောဂါကို စနစ်တကျ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေရသည့် အချိန်ကာလလည်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် (၇၃)နှစ်မြောက် အာဇာနည်နေ့နှင့် သက်ဆိုင်သည့် အခမ်းအနားများ ကျင်းပရာတွင် ယခင်နှစ်က ဆောင်ရွက်ခဲ့သည့် လုပ်ငန်းတာဝန်များအပြင် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ပြည်သူသို့ ပန်ကြားချက်များ၊ အမိန့်များ၊ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များကိုပါ အရေးတကြီးကိစ္စရပ်အနေဖြင့် ထည့်သွင်းစဉ်းစား ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

အထူးသဖြင့် အာဇာနည်နေ့ အခမ်းအနားများ ကျင်းပမည့်နေရာများအားလုံးတွင် ရောဂါကင်းရှင်းရေးအတွက် ကြိုတင်၍ ပိုးသတ်ဆေးများ ဖျန်းထားရန်နှင့် အဆိုပါနေရာများတွင် တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများအနေဖြင့် အခမ်းအနားသို့ တက်ရောက်လာသူများနှင့် ထိတွေ့နိုင်မှုများရှိပါက ကျန်းမာရေးစစ်ဆေးမှုများ ကြိုတင်ဆောင်ရွက်ထားပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတ်မှတ်ထားသည့် Social Distancing အတိုင်း အမှတ်အသားများ ကြိုတင်သတ်မှတ် ဆောင်ရွက်ထားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ယခုနှစ်တွင် ကျင်းပမည့် အာဇာနည်နေ့ အခမ်းအနားအနေဖြင့် လက်ရှိဖြစ်ပေါ်နေသည့် COVID–19 ကူးစက်ရောဂါကြောင့် ရန်ကုန်မြို့ရှိ အာဇာနည်ဗိမာန်တွင် လွှမ်းသူ့ပန်းခွေချ အလေးပြုခြင်းအခမ်းအနား၊ အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)တွင် နိုင်ငံတော်အလံတင်ခြင်းနှင့် အလေးပြုခြင်း အခမ်းအနား၊ နေပြည်တော်ကောင်စီရုံး၊ ဇမ္ဗူသီရိခန်းမနှင့် ရန်ကုန်မြို့ မြို့တော်ခန်းမတို့တွင် အာဇာနည်ခေါင်းဆောင်ကြီးများကို ရည်စူး၍ သံဃာတော်များအား



ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ရှင်းလင်းတင်ပြစဉ်။

ဆွမ်းဆက်ကပ်လှူဒါန်းခြင်းများကိုသာ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ရန်ကုန်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်၊ နတ်မောက်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်၊ ရန်ကုန်မြို့ အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)ရှိ အာဇာနည် ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့်အခန်းနှင့် တိုင်းပြုပြည်ပြု လွှတ်တော်အစည်းအဝေးခန်းမတို့ကို ဖွင့်လှစ်ဆောင်ရွက်ခြင်းမပြုရန် ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ညှိနှိုင်းဆွေးနွေး ဆုံးဖြတ်ထားပြီးဖြစ်ပါကြောင်း။

## ကြိုတင်လေ့ကျင့်ဆောင်ရွက်

ရန်ကုန်မြို့ရှိ အာဇာနည်ဗိမာန်တွင် ကျင်းပမည့် (၇၃)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားသို့ တက်ရောက်လာကြမည့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များ အပါအဝင် တက်ရောက်လာကြသူများအနေဖြင့် မိမိတို့၏ ယာဉ်များပေါ်တွင်သာ အဆင်သင့်ရှိနေပြီး မိမိအလှည့်ရောက်မှသာ ယာဉ်ပေါ်မှဆင်း၍ ဂါရဝပြုရန် စီစဉ်ပေးရမည် ဖြစ်ပါကြောင်း၊ ဂါရဝပြုရာတွင်လည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတ်မှတ်ထားသော Social Distancing နှင့်အညီ စနစ်တကျဖြစ်စေရေး၊ လစ်ဟာမှုမရှိစေရေး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အဝင်အထွက် အချိန်ကိုက် ဖြစ်စေရေးတို့အတွက် စနစ်တကျ စီမံဆောင်ရွက်သွားရန်နှင့် အချိန်ကိုက်ဖြစ်အောင် ကြိုတင်ဇာတ်တိုက် လေ့ကျင့်ခြင်းများကိုလည်း အကြိမ်ကြိမ်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ထို့အပြင် ဝတ်စုံပြည့် ကြိုတင်ဇာတ်တိုက် လေ့ကျင့်မည့်ရက်နှင့် အခမ်းအနားကျင်းပမည့်ရက်တို့တွင် ကားလမ်းများ ပိတ်ဆို့မှုမဖြစ်အောင် လမ်းလွှဲများ စီမံဆောင်ရွက်ပေးထားရန်နှင့် ပြည်သူလူထုကိုလည်း ကြိုတင်အသိပေး နှိုးဆော်ထားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

နိုင်ငံတော်အဆင့် အခမ်းအနား ဖြစ်သည့်အတွက် တက်ရောက်ဂါရဝပြုသည့်အခါ ပြည်ထောင်စုအင်္ဂါစဉ်နှင့်အညီ စီစဉ်ဆောင်ရွက်ရန်နှင့် နိုင်ငံခြားသံရုံးများကိုလည်း ဝါစဉ်အတိုင်း စီစဉ်ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ မိုးရာသီဖြစ်သည့်အတွက် ဂါရဝပြုသူများ အဆင်ပြေချောမွေ့စေရေး လိုအပ်သည်များကို ကြိုတင်စီမံဆောင်ရွက်ထားရမည်ဖြစ်ပါကြောင်း။

## ထုတ်ပြန်ကြေညာပေးသွားရန်လို

ပြည်သူများ လာရောက်ဂါရဝပြုနိုင်မည့် အချိန်နှင့် ဆောင်ရန်ရှောင်ရန် အချက်များကိုလည်း ကြိုတင်သိရှိနိုင်ရေးအတွက် ရုပ်မြင်သံကြား၊ သတင်းစာများနှင့် ရေဒီယိုများမှတစ်ဆင့် ထုတ်ပြန်ကြေညာပေးသွားရန် လိုပါကြောင်း၊ ပြည်သူလူထုအနေဖြင့် ယခုနှစ် ဂါရဝပြုသည့်အခါ တစ်ဦးချင်း (၆)ပေအကွာ ရှေ့နောက်တန်းစီပြီး (၁၀) ယောက်တစ်ဖွဲ့စီဖြင့် တစ်ဖွဲ့ပြီးတစ်ဖွဲ့ ဂါရဝပြုရန် စီစဉ်ထားပါကြောင်း၊ ထို့အပြင် အခမ်းအနားကျင်းပမည့် နေ့တွင်လည်း ဆောင်ရန်ရှောင်ရန်နှင့် ကျန်းမာရေးနှင့် ပတ်သက်၍ လိုက်နာရမည့် အချက်များကို ပိုစတာများ၊ လက်ကမ်းစာစောင်များ၊ Hand Speaker များနှင့်လည်း အသိပေးကြေညာသွားရန် လိုအပ်သည်ကို ပြောကြားလိုပါကြောင်း။

ထို့အပြင် အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)၌ ကျင်းပမည့် နိုင်ငံတော်အလံတင်ခြင်းနှင့် အလေးပြုခြင်း အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သတ်မှတ်ထားသည့် လုပ်ငန်းတာဝန်များနှင့်အညီ သင့်လျော်သည့် လူဦးရေဖြင့်သာ စနစ်တကျစုဖွဲ့၍ ကြိုတင်ဇာတ်တိုက် လေ့ကျင့်သွားရန် ပြောကြားလိုပါကြောင်း။

(၇၃)နှစ်မြောက် အာဇာနည်နေ့တွင် အာဇာနည်



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ရှင်းလင်းတင်ပြစဉ်။

ခေါင်းဆောင်ကြီးများအား ရည်စူး၍ ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို နေပြည်တော်ကောင်စီရုံး၊ ဇမ္ဗူသီရိခန်းမနှင့် ရန်ကုန်မြို့ မြို့တော်ခန်းမတို့တွင် ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကော်မတီနှင့် ဆပ်ကော်မတီများအနေဖြင့် ယခင်နှစ် ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများအပြင် လက်ရှိဖြစ်ပွားနေသည့် COVID–19 ကူးစက်ရောဂါနှင့် ပတ်သက်၍ လိုက်နာရမည့်အချက်များကိုပါ ထည့်သွင်းစဉ်းစား၍ အသေးစိတ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားကြစေလိုပါကြောင်း၊ ထို့အပြင် အခမ်းအနားတွင် ဆက်ကပ်မည့် ဆွမ်းဟင်းနှင့် ဧည့်ခံမည့် အစားအသောက်များ ပြင်ဆင်ချက်ပြုတ်ရာတွင် သန့်ရှင်းလတ်ဆတ်ပြီး ကျန်းမာရေးနှင့် ညီညွတ်အောင် စနစ်တကျ စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားကြရန် လိုအပ်မည် ဖြစ်ပါကြောင်း။

နိုင်ငံတော်အဆင့် အခမ်းအနားဖြစ်သည့်အတွက် လုံခြုံရေးအပိုင်းကို အထူးအလေးထား ဆောင်ရွက်ရန်နှင့် လုံခြုံရေးတာဝန်ရှိသူများအနေဖြင့် လုံခြုံရေးလုပ်ငန်းတာဝန် (၁၂)ချက်နှင့်အညီ စနစ်တကျစီမံချက်များ ရေးဆွဲကာ လစ်ဟာမှုများမရှိအောင် ဟန်ချက်ညီညီ ပေါင်းစပ်ညှိနှိုင်းကာ အထူးအလေးထား ကြပ်မတ်ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

(၇၃)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် ယနေ့ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီများနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများအနေဖြင့် သက်ဆိုင်ရာ ကဏ္ဍများအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများ၊ တွေ့ကြုံရသော အခက်အခဲများနှင့် လိုအပ်သည့် အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြရန် ဖိတ်ခေါ်ပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် (၇၃)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ကော်မတီများ၊ ဆပ်ကော်မတီများအနေဖြင့် ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များကို အောင်မြင်အောင် ဆောင်ရွက်ရာတွင် စီမံခန့်ခွဲရေးရှုထောင့်၊ လုံခြုံရေးရှုထောင့်တို့အပြင် ကျန်းမာရေးရှုထောင့်ကိုပါ ထည့်သွင်းစဉ်းစားပြီး အားနည်းချက်မရှိအောင် အချင်းချင်း ပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အာဇာနည်နေ့ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ၏ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများနှင့် အခမ်းအနားကျင်းပသည့်နေ့တွင် လူစုလူဝေးမဖြစ်စေရေးအတွက် Social Distancing နှင့်အညီ စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လုံခြုံရေးကော်မတီဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်၊ ယာယီရဲမှူးချုပ် ဝင်းမင်းသိန်းနှင့် ရဲမှူးကြီး ကျော်သီဟတို့က အာဇာနည်နေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုံခြုံရေးဆိုင်ရာ အကြံပြုချက်များ၊ လုံခြုံရေးဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းက အာဇာနည်နေ့ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကော်မတီများနှင့် ဆပ်ကော်မတီများ အချင်းချင်း ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးသက်ထွန်းက အာဇာနည်နေ့ အခမ်းအနားသို့ တက်ရောက်ဂါရဝပြုမည့် ရန်ကုန်မြို့အခြေစိုက် နိုင်ငံရေးပါတီများနှင့် ပါတီရုံးခွဲများမှ ကိုယ်စားလှယ်များစာရင်း၊ ဖိတ်ကြားမည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်က နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်များတွင် အာဇာနည်နေ့ အခမ်းအနားကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်သွားမည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အခမ်းအနားပြင်ဆင်ရေးနှင့် စီစဉ်ရေး ဆပ်ကော်မတီနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး ဒေါ်လှိုင်မော်ဦးနှင့် တွဲဖက်အတွင်းရေးမှူး(၂) ဦးတင်မောင်ကြည်တို့က လည်းကောင်း၊ ဖိတ်ကြားရေး၊ ပြန်ကြားရေးနှင့် မှတ်တမ်းပြုစုရေး ဆပ်ကော်မတီနှင့် စပ်လျဉ်း၍ ဥက္ကဋ္ဌ ဦးဇော်အေးမောင်နှင့် အတွင်းရေးမှူး ဒေါ်သန်းမြင့်အောင်တို့ကလည်းကောင်း၊ လွှမ်းသူ့ပန်းခွေချ အလေးပြု အခမ်းအနားစီစဉ်ရေး ဆပ်ကော်မတီနှင့် စပ်လျဉ်း၍ ဥက္ကဋ္ဌ ဦးဟံထွန်းက လည်းကောင်း၊ ကျန်းမာရေးဆပ်ကော်မတီနှင့်စပ်လျဉ်း၍ ဥက္ကဋ္ဌ ဦးနိုင်ငံလင်းက လည်းကောင်း၊ စည်းကမ်းထိန်းသိမ်းရေးဆပ်ကော်မတီနှင့် စပ်လျဉ်း၍ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး အောင်စိုးမိုးက လည်းကောင်း၊ ဆွမ်းဆက်ကပ်ရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီနှင့် အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး) အလံတင် အခမ်းအနားကျင်းပရေး ဆပ်ကော်မတီတို့နှင့် စပ်လျဉ်း၍ ဥက္ကဋ္ဌ ဦးမောင်မောင်စိုးနှင့် ဒုတိယဥက္ကဋ္ဌ(၂) ဦးသန်းတို့က လည်းကောင်း သက်ဆိုင်ရာ ဆပ်ကော်မတီများအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

## ဖြည့်စွက်ရှင်းလင်း

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမင်းသိမ်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဇော်သန်းထွန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီး သန်းထူးဇော်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံနှင့် ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးများဖြစ်ကြသည့် ဦးသိန်းနိုင်နှင့် ဦးကြည်ထွန်းတို့က အာဇာနည်နေ့ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဗဟိုကော်မတီနာယက၊ ဒုတိယသမ္မတ ဦးမြင့်ဆွေက ရှင်းလင်းတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ် အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဝန်ကြီးများနှင့် အတူ ၂၀၂၀ ပြည့်နှစ်၊ (၇၃) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပမည့် အာဇာနည်ဗိမာန်သို့ သွားရောက်ပြီး အာဇာနည်နေ့ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ဇာတ်တိုက်လေ့ကျင့်နေမှု အခြေအနေများနှင့် အခမ်းအနားကျင်းပရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတ်မှတ်ထားသော Social Distancing နှင့်အညီ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ရပ်ဝန်းနှင့် ပိုးလမ်းမနိုင်ငံများ၏ ကိုဗစ်-၁၉ ကူးစက်ရောဂါဆိုင်ရာ အဆင့်မြင့် ဗီဒီယိုကွန်ဖရင့်သို့ ပါဝင်တက်ရောက်

**နေပြည်တော် ဇွန် ၁၉**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ယမန်နေ့ညနေ ၆ နာရီခွဲတွင် ကျင်းပသည့် ရပ်ဝန်းနှင့် ပိုးလမ်းမ နိုင်ငံများအကြား ကိုဗစ်-၁၉ ကူးစက်ရောဂါ တိုက်ဖျက်ရေးဆိုင်ရာ အဆင့်မြင့်ဗီဒီယိုကွန်ဖရင့်သို့ နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပါဝင်တက်ရောက်ဆွေးနွေးခဲ့သည်။

**ပါဝင်တက်ရောက်**

အစည်းအဝေးတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိက သဘာပတိအဖြစ် ဆောင်ရွက်ပြီး ရပ်ဝန်းနှင့် ပိုးလမ်းမ ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်နိုင်ငံ ၂၆ နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် သက်ဆိုင်ရာဝန်ကြီးများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်နှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် အုပ်ချုပ်ရေးမှူးတို့ ပါဝင်တက်ရောက်ခဲ့ကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ရပ်ဝန်းနှင့် ပိုးလမ်းမနိုင်ငံများ၏ ကိုဗစ်-၁၉ ကူးစက်ရောဂါဆိုင်ရာ အဆင့်မြင့် ဗီဒီယိုကွန်ဖရင့်သို့ ပါဝင်တက်ရောက်စဉ်။ သတင်းစဉ်

အစည်းအဝေးတွင် ဝန်ကြီးများက ကိုဗစ်-၁၉ ကူးစက်ရောဂါ၏ စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရေးအတွက် မိမိတို့နိုင်ငံအလိုက် ကြိုးပမ်းဆောင်ရွက်မှုများကို ဆွေးနွေးခဲ့ကြပြီး ကူးစက်ရောဂါအား တိုက်ဖျက်ရာတွင် လိုအပ်သည့် သတင်းအချက်အလက်များအား အချိန်နှင့်တစ်ပြေးညီ ဖလှယ်နိုင်ရေး၊ ပြည်သူ့ကျန်းမာရေးစနစ် စွမ်းဆောင်ရည် မြှင့်တင်ရေး၊ ကျန်းမာရေးပညာရှင်များအကြား ပူးတွဲလျက် သိပ္ပံနည်းကျသည့် သုတေသနများနှင့် နိုင်ငံတကာဆွေးနွေးပွဲများကို တိုးမြှင့်ပြုလုပ်နိုင်ရေးနှင့် အကူအညီလိုအပ်သည့် နိုင်ငံများအား အထောက်အပံ့ပေးရေး စသည့်ကဏ္ဍများတွင် အပြန်အလှန် ပူးပေါင်းဆောင်ရွက်သွားရေးတို့နှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

**နည်းလမ်းသစ်များရှာဖွေရေး**

ထို့ပြင် ဝန်ကြီးများက ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် ဖြစ်ပေါ်လာသည့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးသက်ရောက်မှုများ လျော့ပါးသက်သာစေရန်အတွက် ဒစ်ဂျစ်တယ်စီးပွားရေး၊ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းနှင့် စားနပ်ရိက္ခာဖူလုံမှု ကဏ္ဍများတွင် ရပ်ဝန်းနှင့်ပိုးလမ်းမ အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးနှင့် ဖွံ့ဖြိုးမှုနည်းလမ်းသစ်များ ရှာဖွေရေးတို့၏ အရေးပါမှုတို့အပေါ် အမြင်ချင်းဖလှယ်ခဲ့ကြသည်။ ဝန်ကြီးများသည် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းနှင့် ထိခိုက်လွယ်သည့် စီးပွားရေးကဏ္ဍများအတွက် သဟဇာတဖြစ်စေမည့် စီးပွားရေးမူဝါဒများ ချမှတ်သွားရေးနှင့် စီးပွားရေး၊ လူမှုရေး၊ ငွေရေးကြေးရေး၊ ဘဏ္ဍာရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်တည်တံ့သည့် စီမံကိန်းများ၏ အရေးပါမှုတို့ကို လည်းကောင်း၊ ရပ်ဝန်းနှင့်ပိုးလမ်းမ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်းအားဖြင့် လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေး၊ စီးပွားရေးနာလန်ထူရေးအတွက် အထောက်အကူပြုစေရေး ကိစ္စများကိုလည်းကောင်း အလေးပေး ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က မြန်မာနိုင်ငံအစိုးရအနေဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်တားဆီးရေးနှင့် ထိန်းချုပ်ရေးအတွက် ပြည်သူများ၏ အင်အားနှင့် မိတ်ဖက်များ၏ ပံ့ပိုးမှုကိုရယူ၍ "တစ်နိုင်ငံလုံးပါဝင်သည့် ချဉ်းကပ်မှုပုံစံ"ဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့မှုကြောင့် ကူးစက်ရောဂါအား ယနေ့အထိ ထိန်းချုပ်ထားနိုင်သည့် အခြေအနေတွင်ရှိကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်တားဆီးရေးနှင့် ထိန်းချုပ်ရေးတို့တွင် လူမှုအသိုက်အဝန်းအားလုံး အကျုံးဝင်စေရန် မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရှိစေရေးမူကို လက်ကိုင်ပြုလျက် နေရပ်စွန့်ခွာသူများ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များနှင့် မသန်စွမ်းသူများအပါအဝင် လူမှုအသိုက်အဝန်း၏ အလွှာအသီးသီးအတွက် ဆောင်ရွက်ပေးနေမှုများကို အလေးထား ပြောကြားသည်။

**စီမံချက်ချမှတ်ဆောင်ရွက်**

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ကူးစက်ရောဂါကြောင့် စီးပွားရေးအပေါ် ထိခိုက်မှုများ လျော့ပါးသက်သာစေရေးအတွက် ကိုဗစ်-၁၉ စီးပွားရေး ထိခိုက်မှုသက်သာရေး စီမံချက် (CERP) ချမှတ် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး ရပ်ဝန်းနှင့် ပိုးလမ်းမနိုင်ငံများအကြား ကူးစက်ရောဂါကို တုံ့ပြန်ဆောင်ရွက်ရာတွင် အကူအညီလိုအပ်သည့် နိုင်ငံများသို့ လိုအပ်သော ဆေးဝါးပစ္စည်းများ ပံ့ပိုးပေးနိုင်မည့် အစီအစဉ်တစ်ရပ် ချမှတ်၍ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ပြုလုပ်နိုင်ရေးအတွက် တိုက်တွန်းပြောကြားခဲ့သည်။ ထို့ပြင် မက်ခရိုစီးပွားရေး မူဝါဒညှိနှိုင်းပေါင်းစပ်မှုမှတစ်ဆင့် ထောက်ပံ့ရေးကွင်းဆက်လမ်းကြောင်းများကို ဆက်လက်ထိန်းသိမ်းထားနိုင်ရေး၏ အရေးပါမှုနှင့် စားသောက်ကုန်ပစ္စည်းများ၊ အရေးကြီးသည့် ဆေးပစ္စည်းကိရိယာများနှင့် အထောက်အပံ့များအား နယ်စပ်ဖြတ်ကျော်လျက် လွယ်ကူချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်ရေး ကိစ္စရပ်များ၊ မြန်မာ-တရုတ် နယ်စပ်တွင် ကူးစက်ရောဂါထိန်းချုပ်ရေး အစီအမံများကြောင့် ကုန်စည်စီးဆင်းမှုများ အဟန့်အတား မဖြစ်စေရေးအတွက် ကူညီပံ့ပိုးဆောင်ရွက်ပေးရေး ကိစ္စများအား ပြောကြားခဲ့သည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါကြောင့် စိန်ခေါ်မှုများ ရှိနေသော်လည်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးတို့အတွက် သက်ဆိုင်ရာနိုင်ငံများ၏ ဖွံ့ဖြိုးမှုလုပ်ငန်းစဉ်များ၊ မူဝါဒများနှင့်အညီ ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းများကို ဆက်လက်အကောင်အထည်ဖော်ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစီမံကိန်းများကို ဆောလျင်စွာ အကောင်အထည်ဖော်ခြင်းနှင့် ကုန်သွယ်မှုမြှင့်တင်ခြင်းတို့ကို အတူတကွ ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းကိုလည်း ထည့်သွင်းပြောကြားသည်။

အစည်းအဝေးအပြီးတွင် ရပ်ဝန်းနှင့် ပိုးလမ်းမနိုင်ငံများ၏ အဆင့်မြင့် အစည်းအဝေးက ကိုဗစ်-၁၉ ကူးစက်ရောဂါအား စုစည်းညီညွတ်စွာ တိုက်ဖျက်ရေး ပူးတွဲကြေညာချက်ကို ထုတ်ပြန်ကြေညာသည်။ အဆိုပါ အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်နှင့် အဆင့်မြင့်အရာရှိများလည်း ပါဝင်တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံဥယျာဉ်မြို့တော်ရှိ ဇေကမ္ဘာပြတိုက်တည်ဆောက်နေမှု လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇွန် ၁၉**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ခရေပင်လမ်း မင်္ဂလာဒုံဥယျာဉ်မြို့တော် Royal Mingalardon Golf Club အနီးရှိ မြေလေးဧကခွဲပေါ်တွင် ဇေကမ္ဘာကုမ္ပဏီလီမိတက်မှ တည်ဆောက်လျက်ရှိသည့် ဇေကမ္ဘာပြတိုက် တည်ဆောက်နေမှု လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် ဇေကမ္ဘာကုမ္ပဏီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ပြတိုက်တည်ဆောက်မှု လုပ်ငန်းများ၊ ရှေးဦး ဆင်ငါးမျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းများနှင့် ကမ္ဘာဦးသတ္တဝါများ၏ ကျောက်ဖြစ်ရုပ်ကြွင်းများ ခင်းကျင်းဆောင်ရွက်နေမှု၊ မြန်မာ့မြေပေါ်တွင် ထွန်းကားခဲ့သည့် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်ဆိုင်ရာ ယဉ်ကျေးမှုအထောက်အထားများ ခင်းကျင်းမှု၊ စုဆောင်းထိန်းသိမ်းထားသည့် ယဉ်ကျေးမှုအမွေအနှစ်နှင့် မြန်မာ့အနုလက်ရာပစ္စည်းများနှင့် ပတ်သက်၍ လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ယခုကဲ့သို့ ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများကို တန်ဖိုးထားမြတ်နိုးစွာ ထိန်းသိမ်းစုဆောင်းထားခြင်း အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ပြတိုက်ကြီးအမြန်ဆုံးပြီးစီးအောင် တည်ဆောက်သွားရန်နှင့် စုဆောင်းထိန်းသိမ်းပြသမည့် ရှေးဟောင်းဝတ္ထုပစ္စည်းများကို ဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်းများ ဆောင်ရွက်ထားသည့်အတွက် ဆက်လက်၍လည်း မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ပျောက်ဆုံးပျက်စီးမှုမရှိစေရေးအတွက် ထိန်းသိမ်းစောင့်ရှောက်သွားရန် မှာကြားကာ ပြတိုက်ကြီး ဖွင့်လှစ်နိုင်ရေးနှင့် သမိုင်းကြောင်းမှန်ကန်စွာ ခင်းကျင်းပြသနိုင်ရေးအတွက် လိုအပ်သည်များကို ဝန်ကြီးဌာနအနေဖြင့် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဇေကမ္ဘာကုမ္ပဏီ အနေဖြင့် ပြတိုက်ဖွင့်လှစ်ရန် စတင်စီစဉ်ခဲ့စဉ်ကတည်းက စုဆောင်းထားသော ရှေးဟောင်းပစ္စည်းများ၊ ကျောက်ဖြစ်ရုပ်ကြွင်းများကို ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေနှင့်အညီ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ မှတ်ပုံတင်ခွင့် လျှောက်ထားရယူစုဆောင်းလျက်ရှိပြီး မြန်မာနိုင်ငံပြတိုက်များ ဥပဒေပြဋ္ဌာန်းပြီးပါက ဥပဒေနှင့်အညီ ဖွင့်လှစ်ခွင့် လျှောက်ထားပြီး ဖွင့်လှစ်သွားနိုင်ရန် စီစဉ်လျာထားဆောင်ရွက်လျက် ရှိပါကြောင်း သိရသည်။ **သတင်းစဉ်**



# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးလှုံ့ဆော်ရေး အစီအစဉ်များ ရိုက်ကူးထုတ်လွှင့်မှုနှင့် ပတ်သက်၍ တင်ပြဆွေးနွေး

**နေပြည်တော် ဇွန် ၁၉**

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးလှုံ့ဆော်ရေးအစီအစဉ်များ ရိုက်ကူးထုတ်လွှင့်မှုနှင့်ပတ်သက်၍ တင်ပြဆွေးနွေးခြင်းကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ပြုလုပ်သည်။ **(ယာပုံ)**





အဆိုပါ တင်ပြဆွေးနွေးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးလှုံ့ဆော်ရေး အစီအစဉ်များအဖြစ် အသိပညာပေး TV Spot များ၊ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးအစီအစဉ်များ၊ လှုံ့ဆော်ရေးတေးသီချင်းများ၊ ဇာတ်လမ်းများ၊ ဇာတ်လမ်းတိုများ ထုတ်လုပ်ရိုက်ကူးနိုင်ရန် စီစဉ်လျက်ရှိသည့် အခြေအနေ၊ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးအစီအစဉ်များကို ယခုလ ၁၇ ရက်မှ စတင်ထုတ်လွှင့်ပြသမှု၊ ရွေးကောက်ပွဲဆိုင်ရာ လှုံ့ဆော်တေးသီချင်းများနှင့် ဇာတ်လမ်းတိုများကို ဇူလိုင်လဆန်းမှစ၍ ထုတ်လွှင့်ပြသနိုင်ရန် စီစဉ်ဆောင်ရွက်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရိုက်ကူးထားသည့် TV Spot များ၊ တေးသီချင်းများနှင့် အသိပညာပေးအစီအစဉ် နမူနာများကို ကြည့်ရှုကြသည်။

ယင်းနောက် အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က အသိပညာပေးလှုံ့ဆော်ရေးအစီအစဉ်များ ရိုက်ကူးထုတ်လွှင့်နိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နေမှု အခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းတို့က အသိပညာပေးလှုံ့ဆော်ရေးအစီအစဉ်များ ရိုက်ကူးထုတ်လွှင့်ရန်အတွက် စီစဉ်ဆောင်ရွက်ရာတွင် ကိုဗစ်-၁၉ ဖြစ်ပွားနေသည့် ကာလဖြစ်သည့်တွက် Social distancing သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရေး၊ အသိပညာပေးအစီအစဉ်များဖြစ်သည့်အတွက် အများပြည်သူ စိတ်ဝင်စားမှုရှိပြီး ရွေးကောက်ပွဲဆိုင်ရာ အသိပညာရရှိနိုင်သည့် အစီအစဉ်များဖြစ်စေရေး၊ စိတ်ဝင်စားဖွယ် ရိုက်ကူးထုတ်လွှင့်နိုင်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

**သတင်းစဉ်**

---

# ပညာရေးဝန်ကြီးဌာန၏ပံ့ပိုးမှုဖြင့် တီထွင်ရေးဆွဲထားသော 360ed Universe Learning Platform မိတ်ဆက်ပွဲနှင့် M Pride Company မှ အခြေခံပညာသင်ရိုးသစ် Grade-2 နှင့် Grade-3 အင်္ဂလိပ်စာဘာသာရပ် အခမဲ့သင်ထောက်ကူ Application များ လှူဒါန်းမှုအခမ်းအနားကျင်းပ

**နေပြည်တော် ဇွန် ၁၉**

ပညာရေးဝန်ကြီးဌာန၏ ပံ့ပိုးမှုဖြင့် တီထွင်ရေးဆွဲထားသော 360 ed Universe Learning Platform မိတ်ဆက်ပွဲနှင့် M Pride Company မှ အခြေခံပညာသင်ရိုးသစ် Grade-2 နှင့် Grade-3 အင်္ဂလိပ်စာဘာသာရပ် အခမဲ့သင်ထောက်ကူ Application များ လှူဒါန်းမှုအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။




### နည်းပညာများအသုံးပြု

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ၂၀ ရာစု အလယ်ပိုင်းကာလအထိ သင်ယူမှုအခွင့်အလမ်းများကို သင်ရိုးညွှန်းတမ်းအရ ပုံနှိပ်ထားသော ကျောင်းသုံးဖတ်စာအုပ်များအသုံးပြုပြီး ကျောင်းစာသင်ခန်းများတွင် သင်ကြားသင်ယူမှုနည်းလမ်းများဖြင့်သာ အများဆုံးရရှိနိုင်ပါကြောင်း၊ သင်ယူမှုအရင်းအမြစ်ဆိုင်ရာများအတွက်လည်း စာကြည့်တိုက်များ၊ စာအုပ်ဆိုင်များကိုသာ အဓိကအားကိုးရပါကြောင်း၊ ၂၀ ရာစုနှောင်းပိုင်းမှ ယနေ့ ၂၁ ရာစု အစပိုင်းအထိ နည်းပညာဖွံ့ဖြိုးမှု အရှိန်အဟုန်မြင့်မားစွာတိုးတက်နေသကဲ့သို့ ပညာရေးတွင်လည်း နည်းပညာများကို အသုံးပြုကာ သင်ယူမှုအရည်အသွေး ပိုမိုကောင်းမွန်လာစေရန် အပြိုင်အဆိုင် ကြိုးပမ်းဆောင်ရွက်လာသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ဘဝအတွက် အကျိုးရှိမည့် ဘာသာရပ်များကို တစ်သက်တာ သင်ယူနိုင်မည့် အခွင့်အလမ်းများအတွက်လည်း စာသင်ခန်းအတွင်း သင်ယူခြင်း၊ အွန်လိုင်းသင်ယူခြင်း၊ off-line သင်ယူခြင်း၊ ပေါင်းစပ်သင်ယူခြင်း စသည့် နည်းလမ်းမျိုးစုံတို့ဖြင့် အချိန်နှင့် နေရာဒေသမရွေး သင်ယူနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုကဲ့သို့သင်ယူရာတွင် နည်းပညာတိုးတက်မှုအပေါ်မူတည်၍ ၂၁ ရာစုဆိုင်ရာ ကျွမ်းကျင်မှုများရရှိပြီး ကောင်းမွန်သော အလုပ်အကိုင်အတွက် ယှဉ်ပြိုင်နိုင်စွမ်းရှိ၍ သာယာလှပသောဘဝကို ပိုင်ဆိုင်နိုင်ခွင့်ရရှိစေရန် ကြိုးပမ်းဖြည့်ဆည်းနေကြသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

### လိုအပ်သည်များဖြည့်ဆည်း

မြန်မာနိုင်ငံတွင်လည်း အွန်လိုင်းသင်ကြားသင်ယူမှုများအတွက် လိုအပ်သည်များ ဖြည့်ဆည်းနိုင်ရေး စီစဉ်ဆောင်ရွက်နေပါကြောင်း၊ မြန်မာဒစ်ဂျစ်တယ်ပညာရေး ပလက်ဖောင်း (MDEP)ကို တည်ဆောက်ပြီးဖြစ်ရာ ဆရာ ဆရာမ တစ်သိန်းဝန်းကျင်ခန့် မှတ်ပုံတင်သွင်းထားပြီး သင်ယူလေ့ကျင့်လျက်ရှိပါကြောင်း၊ ဝေးလံသောဒေသများရှိ ကျောင်းများသို့ ဦးစားပေး၍ ကျောင်းသုံးဖတ်စာအုပ်များ၊ သင်ကြားသင်ယူမှုဆိုင်ရာ ဗီဒီယိုများ စသည့်သင်ယူလေ့လာစရာများပါဝင်သည့် DBE Box များကို ဖြန့်ဝေထားပါကြောင်း၊ ကျောင်းများသို့ Tablet တစ်လုံးစီ ဖြည့်ဆည်းပေးနိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံမှုရှိသော စဉ်ဆက်မပြတ်သင်ယူမှု ပတ်ဝန်းကျင်ကောင်းများဖန်တီးရေး၊ ဆရာ အရည်အသွေး မြှင့်တင်ရေးနှင့် အရည်အသွေးရှိသော သင်ယူမှုရလဒ်ကောင်းများ ပေါ်ထွက်ရေးတို့အတွက် ဒေသတွင်းအခြေအနေနှင့် လိုက်လျောညီထွေဆောင်ရွက်နိုင်ရေး ဦးတည်ကာ စာသင်ခန်းအတွင်း သင်ကြားသင်ယူခြင်းနှင့် နည်းပညာအသုံးပြုပေါင်းစပ်သင်ကြား သင်ယူခြင်းတို့ကို ဦးစားပေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ သင်ယူမှုအခွင့်အလမ်း ပိုမိုရရှိစေရန်နှင့် အရည်အသွေးရှိသော သင်ယူမှုများ အရှိန်အဟုန်ဖြင့် တိုးတက်စေရန် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

### လက်ရှိအခြေအနေကို မြှင့်တင်

ဇွန် ၁၈ ရက်တွင် ကျင်းပသည့် ဆီမီယိုနိုင်ငံ ပညာရေးဝန်ကြီးများ၏ မူဝါဒဆိုင်ရာ ဆွေးနွေးပွဲမှ ပေါ်ထွက်လာသည့်ရလဒ်များမှာ သင်ယူသူများအား နည်းပညာဆိုင်ရာ တိုးတက်မှုရှိစေရန်အတွက် ပြင်ဆင်ပေးရန်၊ နိုင်ငံအနေအထားပေါ်မူတည်၍ အမျိုးမျိုးသော ပညာရေးဆိုင်ရာ ပလက်ဖောင်းများကို အသုံးပြုရန်၊ ဆရာ ဆရာမများ၏ လက်ရှိအခြေအနေကို မြှင့်တင်ပြီး ၎င်းတို့အတွက် အတတ်ပညာဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းများနှင့် သင်တန်းများတိုးချဲ့ ဆောင်ရွက်ရန်၊ ဖွံ့ဖြိုးမှုအနည်းဆုံးသော သင်ယူသူများနှင့် ဖွံ့ဖြိုးမှုနည်းသောဒေသရှိ ကျောင်းများအထိ ရောက်ရှိရေး ဆောင်ရွက်ရန်၊ ၂၁ ရာစု ပညာရေးဆောင်ရွက်သူများအတွက် လိုအပ်သော အသိပညာ၊ ကျွမ်းကျင်မှုသဘောထားများ၊ တန်ဖိုးထားမှုများကို အပြည့်အဝ အသုံးပြုရန်၊ ပညာရေးအတွက် အခြေခံအဆောက်အအုံများကို ပိုမိုမြှင့်တင်ရန်နှင့် ပညာရေးရလဒ်ကောင်းများ ရရှိစေရန်အတွက် ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာစေရန်တို့ ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယနေ့ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၊ 360° ed နှင့် M Pride တို့ ပူးပေါင်း၍ အခြေခံပညာသင်ရိုးသစ် ဒုတိယတန်းနှင့် တတိယတန်း အင်္ဂလိပ်စာသာသာရပ် အခမဲ့အထောက်အကူ App များ ဆောင်ရွက်ခြင်းဖြင့် ကျောင်းသား ကျောင်းသူများ၏ သင်ယူမှုရလဒ်ကောင်းများ ပိုမိုရရှိရန် များစွာအထောက်အကူပြုမည်ဟု ယုံကြည်ပါကြောင်းနှင့် လှူဒါန်းကြသူများ၊ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ကြသူများ အားလုံးကို ကျေးဇူးအထူးတင်ရှိ၍ မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒေါ်လှလှဝင်း (Founder&CEO 360ed Degree Edu Tech Co.,Ltd)က ပေးအပ်လှူဒါန်းပွဲအခမ်းအနားပြုလုပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

### မိတ်ဆက်ပြသ

ယင်းနောက် ဦးဇော်မျိုးလှိုင် (Managing Director Mpride Co.,Ltd)က ပူးပေါင်းလှူဒါန်းဖြစ်သည့် ရည်ရွယ်ချက်အား ရှင်းလင်းတင်ပြကာ လှူဒါန်းမည့် Platform Application အကြောင်း Video Presentation ဖြင့် မိတ်ဆက်ပြသသည်။

ဆက်လက်၍ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းက အလှူရှင်များအား ကျေးဇူးတင်လွှာပေးအပ်ပြီး ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားသည်။

ယနေ့အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလှမိုး၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ 360ed Degree Edu Tech Co.,Ltd နှင့် Mpride Co.,Ltd တို့မှ တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏(၂၀၂၀-၂၀၂၁) ခုနှစ် စီမံချက်ရန်ပုံငွေ ရရှိသုံးစွဲမှုအခြေအနေ ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇွန် ၁၉**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၂၀၂၀-၂၀၂၁) စီမံချက် ရန်ပုံငွေ (WHO 2020-2021 program budget) ရရှိသုံးစွဲမှု အခြေအနေ ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၌ Video Conferencing ဖြင့် ပြုလုပ်သည်။



ဆွေးနွေးပွဲ၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ယခုအခါတွင် ကိုဗစ်-၁၉ ဖြစ်ပွားနေသော်လည်း အခြားကျန်းမာရေးလုပ်ငန်းများကို လျစ်လျူရှုထား၍ မရပါကြောင်း၊ တီဘီရောဂါ၊ ခုခံကျ/ ကာလသားရောဂါ၊ ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ အပါအဝင် ကူးစက်ရောဂါများ၊ သွေးတိုး၊ ဆီးချို၊ နှလုံး အပါအဝင် မကူးစက်တတ်သောရောဂါများ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများနှင့် မိခင်၊ မွေးကင်းစ၊ ကလေး၊ ဆယ်ကျော်သက် ကျန်းမာရေးနှင့် အာဟာရလုပ်ငန်းများတွင် လစ်ဟာ အားနည်းမှုများရှိပါက ကျန်းမာရေးပြဿနာနှင့် ရောဂါများ ဖြစ်ပွားမှုနှင့် ရောဂါကြောင့် သေဆုံးမှုများသည် ကိုဗစ်-၁၉ ထက်ပင် များပြားမည်ဖြစ်ပါကြောင်း၊ တိုးချဲ့ကာကွယ်ဆေး ထိုးလုပ်ငန်းများတွင် လစ်ဟာမှုများရှိပါကလည်း ကာကွယ်ဆေးဖြင့် ကာကွယ်နိုင်သောရောဂါ ၁၂ မျိုး ကူးစက်ပြန့်ပွားမှုများ ဖြစ်ပွားလာမည်ဖြစ်ပါကြောင်း၊ အမေရိကန်ဒေါ်လာ သန်းပေါင်းများစွာရှိသော ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၂၀၂၀-၂၀၂၁)ခုနှစ် စီမံချက် ရန်ပုံငွေဖြင့် အကောင်အထည်ဖော်သည့် လုပ်ငန်းများကို အရည်အသွေးပြည့်ထိရောက်စွာ အချိန်မီပြီးစီးအောင်မြင်စေရေးကို ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ လက်ရှိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် တွဲဖက်လုပ်ဆောင်နေသော ကျန်းမာရေးစီမံချက် လုပ်ငန်းများအား ယခုထက်ပိုမို အကျိုးရှိထိရောက်စွာဖြင့် ဆောင်ရွက်နိုင်ရေးအတွက် အရည်အသွေးပြည့်ဝသော အကျိုးရလဒ်ကောင်းမွန်မြင့်မားသော ကျန်းမာရေးစီမံချက် အဆိုပြုလွှာများကို ဆန်းသစ်သောအတွေးအမြင်များဖြင့် အမြန်ဆုံးဆက်လက်ရေးဆွဲ၍ ဆောင်ရွက်ကြစေလိုပါကြောင်း။

**ညှိနှိုင်းပေးမှုများ ပိုမိုလုပ်ဆောင်**

ကျန်းမာရေးစီမံချက် မန်နေဂျာများအနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲနှင့် စိန်ခေါ်မှုများကို ဆွေးနွေးကြစေလိုပါကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ စီမံချက် ရန်ပုံငွေများကို သုံးစွဲရာတွင် တစ်သမတ်တည်း ပုံသေမဟုတ်ဘဲ သုံးစွဲမည့်လုပ်ငန်း အမျိုးအစားခေါင်းစဉ်ကို မွမ်းမံပြင်ဆင်ဆောင်ရွက်နိုင်သည်ဖြစ်သဖြင့် မိမိတို့အနေဖြင့် လက်ရှိအခြေအနေ အရပ်ရပ်အပေါ်မူတည်၍ လုပ်ငန်းများပြောင်းလဲ၍ ရန်ပုံငွေများကို အပြည့်အဝအသုံးပြုနိုင်ရန် လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ကျန်းမာရေးဌာနများအနေဖြင့် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ကျန်းမာရေးစီမံချက် (program)နှင့် တိုင်ပင်ညှိနှိုင်းကာ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ဝန်ကြီးဌာနမှ ဖြန့်ဝေထားသော Mobile Tablet များကို ထိရောက်စွာ အသုံးချကာ ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနရှိ ပြည်တွင်း ပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲမှ တာဝန်ရှိသူများအနေဖြင့် ဝန်ကြီးဌာန ကျန်းမာရေးစီမံချက်များမှ တာဝန်ရှိသူများနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ မြန်မာနိုင်ငံရုံးနှင့် အရှေ့တောင်အာရှဒေသဆိုင်ရာရုံးတို့မှ တာဝန်ရှိသူများအကြား ချိတ်ဆက်ညှိနှိုင်းပေးမှုများကို ယခုထက်ပိုမိုလုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေ၊ ထိရောက်အောင်မြင်မှု အခြေအနေများအား စောင့်ကြည့်ဆန်းစစ်ခြင်း လုပ်ငန်းများအား တစ်ချိန်တည်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**စီမံချက် ရန်ပုံငွေရှင်းလင်း**

ထို့နောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် Dr. Stephan Paul Jost က ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၂၀၂၀-၂၀၂၁) ခုနှစ် စီမံချက် ရန်ပုံငွေနှင့်ပတ်သက်၍ ခြုံငုံရှင်းလင်းပြောကြားခဲ့ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ မြန်မာနိုင်ငံရုံးမှ Medical Officer Dr. Shahjahan က ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၂၀၂၀-၂၀၂၁) စီမံချက် ရန်ပုံငွေရရှိမှု၊ သုံးစွဲမှုနှင့် ဆောင်ရွက်နေသော လုပ်ငန်းစဉ်များ၏ လက်ရှိအခြေအနေကို လည်းကောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ မြန်မာနိုင်ငံရုံးမှ Administrative Officer Mr. Maarten Kockelkoren က လုပ်ငန်းအကောင်အထည်ဖော်မှုပုံစံနှင့် စီမံခန့်ခွဲမှု အကြောင်းအရာများကို လည်းကောင်း တင်ပြကြသည်။

ဆက်လက်၍ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ကျန်းမာရေးစီမံချက်မန်နေဂျာများက စီမံချက်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေသောလုပ်ငန်းများ၊ ကိုဗစ်-၁၉ ဖြစ်ပွားနေစဉ် ကာလအတွင်း စီမံချက်လုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့်အခက်အခဲများနှင့် ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များအား ရှင်းလင်းတင်ပြခဲ့ကြပြီး ဆွေးနွေးပွဲသို့တက်ရောက်လာကြသူများကို ဝိုင်းဝန်းဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ကြသည်။

**လက်ခံတွေ့ဆုံ**

ထို့အတူ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့နံနက်ပိုင်းကလည်း The America Chamber of Commerce Myanmar ၏ ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့် အဖွဲ့ကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ အမြဲတမ်းအတွင်းဝန်၊ ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း၊ The America Chamber of Commerce Myanmar မှ ဒုတိယဥက္ကဋ္ဌ Mr. Max Talcott နှင့် PANAUST SERVICES (MYANMAR)၊ Director Mr. Jay Martin နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ကျောက်ဖြူ ကျောက်တစ်လုံး IDP စခန်းပိတ်သိမ်းရေးကို အမျိုးသားအဆင့်မဟာဗျူဟာနှင့်အညီ အချိန်ယူ၍ အဆင့်ဆင့်အကောင်အထည်ဖော် ညှိနှိုင်းဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် ဇွန် ၁၉**

ကျောက်ဖြူ ကျောက်တစ်လုံး IDP စခန်းပိတ်သိမ်းရေးကို အမျိုးသားအဆင့်မဟာဗျူဟာနှင့်အညီ အချိန်ယူ၍ အဆင့်ဆင့်အကောင်အထည်ဖော်ညှိနှိုင်းဆောင်ရွက်ရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့တွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် အွန်လိုင်းမှ ဆွေးနွေးခဲ့ကြသည်။




**လက်တွေ့ကျကျဆောင်ရွက်**

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာကို ရေးဆွဲအတည်ပြုနိုင်ခဲ့ပြီး ရခိုင်ပြည်နယ်အတွင်းရှိ IDP စခန်းများ စနစ်တကျ ပိတ်သိမ်းနိုင်ရေး ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် မှီခိုမှုကင်းစွာ ရပ်တည်နိုင်ရန် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးရေး၊ ပညာရေး၊ ကျန်းမာရေးလက်လှမ်းမီရေး၊ လူမှုသဟဇာတဖြစ်ပြီး ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို ဦးစားပေးဖော်ဆောင်ပေးနိုင်ရေး တို့ကို လက်တွေ့ကျကျ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကျောက်တစ်လုံး IDP စခန်းနှင့်ပတ်သက်၍ မဟာဗျူဟာနှင့်အညီ စနစ်တကျ အချိန်ယူ၍ အောင်မြင်အောင် ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ လက်ရှိလိုက်နာရမည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကိုလည်း အလေးထားရမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ် ခံစားရလေ့ရှိသော ဒေသဖြစ်သဖြင့် ယခု ပြန်လည်နေရာချထားရန် ရည်ရွယ်သောနေရာကို သဘာဝဘေးဒဏ်ခံစားရမှုမှကာကွယ်ရန် ကြိုတင်ဆောင်ရွက်နေမှုလုပ်ငန်းများ၊ လက်ရှိလျာထား ဆောင်ရွက်လျက်ရှိသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ စသည်တို့ကို စခန်းရှိ နေရပ်စွန့်ခွာသူများနှင့် နိုင်ငံတကာက အမှန်အတိုင်းသိရှိနားလည်ရန် လိုအပ်ကြောင်း၊ အားလုံးပူးပေါင်း အကောင်အထည်ဖော်နိုင်မည့် အခြေအနေများကို ဆွေးနွေးပေးကြစေလိုကြောင်းပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက စခန်းရှိ နေရပ်စွန့်ခွာသူများအတွက် ပိုမိုကောင်းမွန်သော အခြေအနေရရှိစေရေးအတွက် ဆောင်ရွက်မှုများပေါ်တွင် အပေါ်ယံအသိဖြင့် အပေါ်ယံကြည့်၍ သတင်းအမှားများ မပြန့်ပွားစေရန် အမှန်ဆောင်ရွက်နေမှုများကို ဒေသခံများ၊ စခန်းနေသူများနှင့် နိုင်ငံတကာကသိရှိရန် လိုအပ်ကြောင်း၊ မကြာခဏ ထိတွေ့၍ ရှင်းလင်းဆွေးနွေး ညှိနှိုင်းဆောင်ရွက်မည် ဖြစ်ကြောင်း ပြောကြားသည်။

**ပူးပေါင်းဆောင်ရွက်**

ယင်းနောက် ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများဖြစ်ကြသော လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူတို့က ကျောက်ဖြူ ကျောက်တစ်လုံး စခန်း ပြန်လည်နေရာချထားရေးနှင့် ပတ်သက်၍ ထိုဒေသပတ်ဝန်းကျင်တွင် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးနှင့်စပ်လျဉ်း၍ နည်းပညာအသုံးပြုဆောင်ရွက်နေမှုများ၊ ဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ပုဂ္ဂလိကနှင့်အစိုးရ ပူးပေါင်းဆောင်ရွက်နေမှုများ၏ အသေးစိတ်လုပ်ငန်းအစီအစဉ်များ၊ အမျိုးသားအဆင့်မဟာဗျူဟာအရ ကဏ္ဍအားလုံးပါဝင်သော စီမံချက်ရေးဆွဲမည့် အစီအစဉ်များ၊ လက်တွေ့မြေပြင်အခြေအနေတွင် ဆောင်ရွက်နေသူများနှင့် ဒေသခံများ၊ စခန်းရှိ နေရပ်စွန့်ခွာသူများအကြား ထိရောက်သော ဆက်သွယ်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် ပြောကြားရာတွင် ဆောင်ရွက်ဆဲ လုပ်ငန်းများနှင့် ရှေ့လုပ်ငန်းစဉ်များတွင် အားလုံးအချိန်ယူ၍ အဆင့်လိုက်၊ ကဏ္ဍအလိုက် သက်ဆိုင်ရာ တစ်ဖွဲ့ချင်းကလည်းကောင်း၊ အားလုံးပူးပေါင်း၍လည်းကောင်း တာဝန်ယူမှုဖြင့် ဆောင်ရွက်ပေးကြပါရန် ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး သတင်းမီဒီယာများနှင့်တွေ့ဆုံ

**နေပြည်တော် ဇွန် ၁၉**

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးသည် ပြည်တွင်းပြည်ပ သတင်းမီဒီယာများနှင့် ယနေ့နံနက် ၁၁ နာရီက နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သတင်းစာရှင်းလင်းခန်းမ၌ Social Distancing သတ်မှတ်ချက်များနှင့်အညီ တွေ့ဆုံပြီး လတ်တလောဖြစ်ပေါ်နေသည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

သတင်းစာရှင်းလင်းပွဲတွင် ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး က COVID – 19 ကာလတွင် ပုံမှန်ဝင်ငွေမရှိသည့် အခြေခံလူတန်းစားများ ထောက်ပံ့ကူညီမှုကို ပဏာမအနေဖြင့် ရှင်းလင်းပြောကြားလိုကြောင်း၊ ပထမဆုံး မဟာသင်္ကြန်ရုံးပိတ်ရက်ရှည်ကာလမတိုင်မီတွင် ဧပြီ ၁၀ ရက်မှ ၁၉ ရက်အထိ တစ်နိုင်ငံလုံးတွင်ရှိသည့် အိမ်ထောင်စုပေါင်း ၄ သန်းကျော်ကို အခြေခံစားကုန် ၅ မျိုးဖြန့်ဝေခဲ့ရာတွင် ငွေကျပ် ဘီလီယံ ၅၀ ကျော် ကျခံခဲ့ပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဧပြီ ၁၀ ရက်မှ စ၍ အခြေခံစားနပ်ရိက္ခာ ၅ မျိုး ဖြန့်ဝေပေးခဲ့ရာ ဧပြီ ၁၉ ရက်တွင် တစ်နိုင်ငံလုံး ဖြန့်ဝေပြီးစီးပါကြောင်း။

ယင်းကို ပြန်လည်သုံးသပ်ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အခြေခံလူတန်းစားများကို စားနပ်ရိက္ခာ အမြန်ဆုံးဖြန့်ဝေနိုင်သည်မှာ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ် ဖြစ်ပါကြောင်း၊ ယင်းတိုင်းဒေသကြီးနှင့် ပြည်နယ်တို့သည် ၄ ရက်အတွင်း အကုန်လုံးဖြန့်ဝေနိုင်သည်ကို တွေ့ရှိရပါကြောင်း၊ အကြာဆုံးမှာ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ဖြစ်ပြီး ၁၀ ရက်တိတိ ကြာပါကြောင်း၊ ယင်းဒေသများကို ပြန်လည်သုံးသပ်ကြည့်ရာတွင် ကယားပြည်နယ်သည် ပြည်နယ်အကျယ်အဝန်း ဧရိယာ အနည်းငယ်သေးငယ်ပြီး မကွေးတိုင်းဒေသကြီးသည် ကျယ်ပြန့်ပါကြောင်း၊ မကွေးတိုင်းဒေသကြီး၏ စာရင်းကောက်ယူမှုမှအစ ဖြန့်ဝေသည့်ကိစ္စအထိ ပြန်လည်လေ့လာသုံးသပ်ပါကြောင်း၊ ချင်းပြည်နယ်သည် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့်အပိုင်းများ ရှိပါကြောင်း၊ စားနပ်ရိက္ခာပို့ဆောင်ရသည့်အချိန်တွင် အခက်အခဲများ ရှိပါကြောင်း၊ ယင်းအပေါ်တွင် နောက်တစ်ကြိမ်၌ မည်သို့ဆောင်ရွက်မည်ကို တာဝန်ရှိသူများအနေဖြင့် ပြန်လည်သုံးသပ်ခြင်းဖြစ်ပါကြောင်း။

## ဒုတိယအကြိမ်ပေးရန် စီစဉ်

ယင်းသို့သုံးသပ်ရာတွင် ပထမဆုံးအနေဖြင့် တွေ့ရှိသည်မှာ အချိန်ကန့်သတ်ချက်အရ စာရင်းဇယားကောက်ယူသည့်အချိန်တွင် အကြောင်းအမျိုးမျိုးကြောင့် ကျန်ခဲ့သည့် အိမ်ထောင်စုများ ရှိကောင်းရှိနိုင်ပါကြောင်း၊ ဒုတိယအချက်အနေဖြင့် အိမ်နီးချင်းနိုင်ငံများမှ ပြန်လာသည့် နေရပ်ပြန်များရှိပါကြောင်း၊ ယင်းမိသားစုများမပါဝင်ဘဲ ကျန်ခဲ့ခြင်းများရှိပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ကျန်ခဲ့သူများကို ဒုတိယအကြိမ်ပေးရန် စီစဉ်ပါကြောင်း၊ နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် စာရင်းကောက်ယူခဲ့ရာ ကျန်ရစ်ခဲ့သည့် အိမ်ထောင်စုပေါင်း ၁ ဒသမ ၄သန်း ရှိပါကြောင်း၊ ယင်း အိမ်ထောင်စု ၁ ဒသမ ၄ သန်းအား အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၁၅၀၀၀ ငွေသားတိုက်ရိုက်ပေးခိုင်းထားပြီး ဖြစ်ပါကြောင်း။

ပထမအကြိမ် စားနပ်ရိက္ခာများ ဝယ်ယူဖြန့်ဝေသည့် အခါတွင်လည်း အောက်ခြေတွင် အမျိုးမျိုးဝေဖန်ပြောဆိုမှု ရှိပါကြောင်း၊ ထောက်ပံ့ပစ္စည်း ၅ မျိုး၌ အကြောင်းအမျိုးမျိုးကြောင့် ကျန်ရစ်ခဲ့သည့် ပြဿနာရှိသည်ကိုလည်း တွေ့ရှိရပါကြောင်း၊ တချို့ကို ကာယကံရှင်လက်ထဲသို့ ဝေပေးသည်မှာ ပိုမိုထိရောက်မည်ဟုစဉ်းစား၍ တာဝန်ရှိသူများက ကျန်ရစ်ခဲ့သည့် အိမ်ထောင်စုများကို ငွေကျပ် ၁၅၀၀၀ ပေးရန် ညွှန်ကြားထားပြီးဖြစ်ပါကြောင်း၊ ဒုတိယအကြိမ်တွင် ထပ်မံ၍ ကျန်ရစ်ခဲ့သည့်အိမ်ထောင်စု ၁ ဒသမ ၄ သန်းအတွက် ငွေကျပ် ၁၅၀၀၀ ပေးမည်ဖြစ်ပါကြောင်း။

နောက်တစ်ချက်မှာ **အကြောင်းအမျိုးမျိုးကြောင့် ကျန်ရစ်ခဲ့သူများ၊ မူလက အခြေခံစားနပ်ရိက္ခာ ၅ မျိုး ပေးထားသူများအားလုံး အိမ်ထောင်စုပေါင်း ၅ သန်းနှင့် ၄ သိန်းကျော်ကို တစ်အိမ်ထောင်လျှင် ထောက်ပံ့ငွေကျပ် ၂၀၀၀၀ ပေးအပ်ရန် ညွှန်ကြားထားပြီး ဖြစ်**ပါကြောင်း၊ ယင်းကိုလည်း ဆက်လက်ပေးသွားရန်ရှိပါကြောင်း၊ စာရင်းကောက်ယူရာတွင် အိမ်ထောင်စုများ၏ ဖုန်းနံပါတ်များကိုပါ ကောက်ယူပါကြောင်း၊ ယင်းသို့ ဖုန်းနံပါတ် ကောက်ယူရခြင်းမှာ မိုဘိုင်းဖုန်းနံပါတ်များဖြင့် Mobile Payment များ လုပ်ဆောင်ရန် ဖြစ်ပါကြောင်း၊ ဖုန်းအော်ပရေတာများတွင်လည်း Payment များရှိပါကြောင်း၊ မည်သည့်ဧရိယာတွင် မည်သည့် Mobile Payment အဆင်ပြေနိုင်မည်ကိုလည်း ညှိနှိုင်းဆွေးနွေးခြင်း ဆောင်ရွက်ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် တစ်နိုင်ငံလုံးကိုပေးခြင်းထက် ရှေ့ပြေးအနေဖြင့် ၃ မြို့နယ် ရွေးချယ်လိုက်ပါကြောင်း၊ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်နှင့် ရှမ်းပြည်နယ်ရှိ ကလောမြို့နယ်ဖြစ်ပြီး ယင်း ၃ မြို့နယ်ကို Mobile Payment ဖြင့် ရှေ့ပြေးအနေဖြင့် ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ကျန်သည့်ဒေသများသို့ ပိုက်ဆံကို Mobile Payment မဟုတ်ဘဲ အုပ်ချုပ်ရေးယန္တရားမှတစ်ဆင့် ငွေကြေးဖြန့်ဝေသည့် နည်းလမ်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယင်းမှာ CERP အရ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်ကို ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် အတွေ့အကြုံများအရ ဧပြီလအတွင်း စာရင်းဇယားကောက်ယူမှုစံနှုန်းသတ်မှတ်ချက်များအပေါ်တွင် အငြင်းပွားမှုဖြစ်ခဲ့သည့်အတွက် ယခုအခါတွင် အားလုံး ကျေကျေလည်လည်ဖြစ်စေရန် အချိန်ယူ၍ ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း ပြောကြားသည်။



နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး သတင်းမီဒီယာများနှင့် တွေ့ဆုံစဉ်။

> **“အကြောင်းအမျိုးမျိုးကြောင့် ကျန်ရစ်ခဲ့သူများ၊ မူလက အခြေခံစားနပ်ရိက္ခာ ၅ မျိုး ပေးထားသူများအားလုံး အိမ်ထောင်စုပေါင်း ၅ သန်းနှင့် ၄ သိန်းကျော်ကို တစ်အိမ်ထောင်လျှင် ထောက်ပံ့ငွေကျပ် ၂၀၀၀၀ ပေးအပ်ရန် ညွှန်ကြားထားပြီးဖြစ် ”**

## ပြန်လည်ရှင်းလင်းဖြေကြား

ယင်းနောက် ပြည်တွင်း ပြည်ပ သတင်းမီဒီယာသမားများက ဒေါက်တာအေးမောင် အား အရေးယူခဲ့သည့်ကိစ္စ၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်တွင် ဌာနဆိုင်ရာ အရာရှိကြီးများ ပါဝင်နေသည့်ကိစ္စ၊ ICJ ကြားဖြတ်အစီရင်ခံစာကိစ္စ၊ ရခိုင်ပြည်နယ်၏ အုပ်ချုပ်ရေးယန္တရားနှင့် စပ်လျဉ်း၍ ထိန်းချုပ်ထားနိုင်မှုအခြေအနေ၊ ဦးအေးဇော်ဝင်း၏ ဇနီးဖြစ်သူ ဒေါ်ခင်စန္ဒာဝင်းက မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ရရန်ရှိသည်ဟုဆိုပြီး ငွေကြေးများ ပြန်လည်တောင်းခံလာသည့်ကိစ္စ၊ နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ်တို့ ၂၀၂၀ တွင် ရွေးကောက်ပွဲဝင်ရန် အစီအစဉ် ရှိ၊ မရှိ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများအား အရေးယူထားရှိမှု၊ မန္တလေးတိုင်းဒေသကြီးတရားသူကြီး အလုပ်မှ နုတ်ထွက်သည့်ကိစ္စ၊ ပုံမှန်ဝင်ငွေမရှိသည့် လက်လုပ်လက်စားများအား ငွေကြေးထောက်ပံ့ပေးသွားမည့် အစီအစဉ်၊ ဗစ်တိုးရီးယားကိစ္စနှင့် စပ်လျဉ်း၍ ရဲအရာရှိကြီးများအား အရေးယူခဲ့မှုအခြေအနေ၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းအား မြေနေရာချထားခြင်းနှင့် နိုင်ငံတော်အကြီးအကဲများ အပါအဝင် ပြည်ထောင်စုအဆင့် တာဝန်ရှိသူများအတွက် မြေကွက်များချထားပေးသည့်ကိစ္စ၊ နိုင်ငံတော်အစိုးရနှင့် မြောက်ပိုင်းအဖွဲ့များ တွေ့ဆုံဆွေးနွေးရန်ကိစ္စ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ ဝင်ရောက်နေမှုများအား ထိန်းချုပ်ဆောင်ရွက်နေမှုအခြေအနေနှင့် တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ ပြန်လည်ဝင်ရောက်လာသူအရေအတွက် စသည့်ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် မေးခွန်းများကို မေးမြန်းကြရာ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဒေါက်တာ အေးမောင်ကို အရေးယူခဲ့မှုနှင့်ပတ်သက်၍ ဦးဇော်ဌေးက ဒေါက်တာအေးမောင် အမှုကိစ္စကို မိမိတို့အနေဖြင့် ဆောင်းပါးများ ဖတ်ရပါကြောင်း၊ ဒေါက်တာအေးမောင် ကိစ္စသည် အစိုးရကို ဝေဖန်မှုနှင့် အတိုက်အခံပြုလုပ်မှုတို့ကြောင့် အရေးယူခဲ့ခြင်း မဟုတ်ပါကြောင်း၊ ယင်းအပေါ်တွင် ရှုမြင်ချက်များ အနည်းငယ်လွဲမှားနေသည်ဟု မြင်ပါကြောင်း၊ အဓိကမှာ ၎င်းကို အရေးယူခဲ့သည့် ပုဒ်မများကို ပြန်ကြည့်ရန် လိုအပ်ပါကြောင်း၊ စွဲဆိုသည့်ပုဒ်မများသည် ရာဇသတ်ကြီးပုဒ်မ ၁၂၂ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှုဖြစ်ပါကြောင်း၊ နောက်တစ်မှုသည် ရာဇသတ်ကြီး ပုဒ်မ ၅၀၅ (ခ) အများပြည်သူအကျိုးပျက်စီးစေမှု ဖြစ်ပါကြောင်း။

## ရှင်းရှင်းလင်းလင်း သိစေလို

ဒုတိယအချက်အနေဖြင့် ပြောလိုသည်မှာ အစိုးရကို ဝေဖန်တာ ကိစ္စမရှိပါကြောင်း၊ နိုင်ငံတော်နှင့် အများပြည်သူအကျိုးနှင့် တိုက်ရိုက်ပတ်သက်ဆက်စပ်သည့်ကိစ္စများတွင် စွဲထားသည့်ပြစ်မှုကြောင်းအရ ငြိစွန်းသည့်ဥပဒေပုဒ်မများကို သတိထားရန် လိုအပ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ်က ရုပ်သိမ်းခြင်းခံရသည့်အပြင် နောက်ထပ် ရွေးချယ်ခံရခြင်းမရှိ ဆိုသည့်အချက်မှာ သက်ဆိုင်ရာလွှတ်တော် ဥပဒေ၊ နည်းဥပဒေများနှင့် သက်ဆိုင်ပါကြောင်း၊ ဥပဒေပြဋ္ဌာန်းချက်များအပေါ်မူတည်ပြီး ရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ လွှတ်တော်တွင် ပြဋ္ဌာန်းထားသည့်ဥပဒေ၊ နည်းဥပဒေအပိုင်းသည် အုပ်ချုပ်ရေးအပိုင်းနှင့် တိုက်ရိုက်မပတ်သက်သည့်အတွက် မှတ်ချက်မပြုလိုပါကြောင်း၊ အထူးသဖြင့် အစိုးရကို ဝေဖန်ခြင်းကြောင့် မဟုတ်ပါကြောင်း၊ နိုင်ငံတော်သစ္စာ ဖောက်ဖျက်ပုန်ကန်မှုနှင့် ငြိစွန်းခြင်း၊ အများပြည်သူအကျိုး ပျက်စီးစေမှုနှင့် ငြိစွန်းခြင်းတို့ကြောင့် အရေးယူခြင်းဖြစ်သည်ကို ရှင်းရှင်းလင်းလင်း သိစေလိုပါကြောင်း ရှင်းလင်းပြောကြားသည်။

ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းအား မြေနေရာချထားပေးခြင်းနှင့် နိုင်ငံတော်အကြီးအကဲများအပါအဝင် ပြည်ထောင်စုအဆင့် တာဝန်ရှိသူများအတွက် မြေကွက်များချထားပေးသည့်ကိစ္စနှင့် စပ်လျဉ်း၍ ဦးဇော်ဌေးက ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းကို လရောင်တောစီမံကိန်းအတွက် မြေနေရာလုပ်ပိုင်ခွင့် ချထားပေးခြင်းနှင့်ပတ်သက်၍ အဓိကသက်ဆိုင်သည့်ဌာနဖြစ်သော နေပြည်တော်စည်ပင်၏ ပြန်ကြားရေးဝန်ကြီးဌာနတွင် ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် အကျယ်တဝင့် ရှင်းလင်းခဲ့ပြီး ဖြစ်ပါကြောင်း၊ မိမိအနေဖြင့် ဖြည့်စွက်ပြောကြားလိုသည်မှာ နေပြည်တော်သီရိ ၄ မြို့နယ်တွင် NGO အဖွဲ့အစည်းပေါင်း ၂၄ ဖွဲ့ကို တစ်ဧကကျပ်သိန်း ၅၀ ဖြင့်ပင် ချထားပေးခဲ့ခြင်းများ ရှိပါကြောင်း၊ ရန်ကုန်မြို့တော်စည်ပင် ၂ ဧက၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ၁ ဧကခွဲ၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ၁ ဧကခွဲ၊ ငါးလုပ်ငန်း အဖွဲ့ ၅ ဧကကျော်၊ မန္တလေးစည်ပင်သာယာရေးကော်မတီ ၂ ဧက နီးပါး၊ UMFCCI ၆ ဧက၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း ၂ ဧကခွဲ၊ မြန်မာနိုင်ငံ သွားဆရာဝန်များအသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၊ သူနာပြုသားဖွားအသင်း၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာများအသင်း၊ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း၊ အမျိုးသမီးနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေး၊ ပုဗ္ဗသီရိမြို့နယ် စစ်မှုထမ်းဟောင်းရုံး၊ ဥတ္တရသီရိမြို့နယ် စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီရုံး၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း၊ ကျေးလက်သက်မွေးပညာစခန်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မိခင်နှင့် ကလေးဗဟို၊ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုရုံးချုပ်၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းရုံးချုပ်၊ မြို့နယ်စစ်မှုထမ်းဟောင်း ကြီးကြပ်မှုကော်မတီ၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ရုံး၊ မြန်မာနိုင်ငံ မသန်စွမ်းဗဟို၊ မြတ်စေတနာ ဖောင်ဒေးရှင်း၊ နေအုပ်ပညာရေးဖောင်ဒေးရှင်း၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းရုံး၊ မြန်မာ–တရုတ် ချစ်ကြည်ရေးရုံး၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ နေပြည်တော်ရုံးခွဲ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဌာနချုပ်၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီရုံး၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ရင်ခွင်မဲ့ကလေးသူငယ်စောင့်ရှောက်ရေး၊ NGO အဖွဲ့အစည်းများကို တစ်ဧကလျှင် ငွေကျပ်သိန်း ၅၀ နှုန်းဖြင့် နေပြည်တော်တွင် နေရာချထားခဲ့သည်များရှိပါကြောင်း။

နောက်တစ်ချက်အနေဖြင့် နေပြည်တော်တွင်ရှိသည့် အရေးကြီးနေရာဌာနများ၏ လုံခြုံရေးအခြေအနေများကို ခြုံငုံသုံးသပ်ပြီး လျှောက်ထားသည့်အဖွဲ့အစည်းများ၏ အဆိုပြုမြေနေရာ၊ မြေအသုံးချမှုများနှင့် ဆက်စပ်ပြီး ချထားပေးရခြင်းဖြစ်ပါကြောင်း၊

*စာမျက်နှာ ၁၁ သို့*

> **❖ မြေကွက်ချပေးခြင်းဆိုသည်မှာ မှန်ကန်ပါကြောင်း၊ သို့သော် ပြောခဲ့သလိုပင် ရည်ရွယ်ချက်ရှိရှိဖြင့် အကျယ်အဝန်းပမာဏကို ၄ ဆ၊ ၅ ဆပိုပြီး သတင်းဖွနေခြင်းပင်ဖြစ်**

❍ *ကျောဖုံးမှ*

စတုတ္ထ (၁) နှစ်တာကာလအတွင်း ပြန်တမ်းဝင်အရာရှိ စတင်ခန့်ရာထူးများသို့ ဝင်ရောက်ဖြေဆိုသူများမှ ရေးဖြေအောင်မြင်၍ လူတွေ့စစ်ဆေးခြင်း ခံယူမည့်သူများကို စိတ်အခြေအနေ စစ်ဆေးခြင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများအနေဖြင့် ဝန်ထမ်းလောင်း ၁၃၆၃ ဦးတို့အား စိတ်အခြေအနေ စစ်ဆေးပေးနိုင်ခဲ့ပါကြောင်း။

ထို့အတူ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ အကူအညီတောင်းခံမှုအရ စုစုပေါင်း ဝန်ထမ်း ၁၆၉၃ ဦးအား စိတ်အခြေအနေစစ်ဆေးပေးခဲ့ပါကြောင်း၊ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ အမှုထမ်းများအား ပြန်တမ်းဝင်အရာရှိများအဖြစ်သို့ တိုးမြှင့်ခြင်းအနေဖြင့် ဌာနတွင်းဝန်ထမ်းများ လုပ်သက်ပြည့် ရာထူးတိုးမြှင့်ပေးသူဦးရေ ၇၁၈၅ ဦးရှိပါကြောင်း၊ ဌာနတွင်းဝန်ထမ်းများ လုပ်သက်လျှော့ အထူးကိစ္စဖြင့် ရာထူးတိုးမြှင့်ပေးသူ ဦးရေ ၁၀ ဦးရှိပါကြောင်း၊ ပညာအရည်အချင်းလျှော့ပေါ့၍ ရာထူးတိုးမြှင့်ပေးသူ ဦးရေ ၁၅ ဦးရှိပါကြောင်း၊ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းတစ်ခုမှ တစ်ခုသို့ ပြောင်းရွှေ့ခြင်း ၁၅၂ ဦး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ အရပ်ဘက်ဝန်ကြီးဌာန/အဖွဲ့အစည်းသို့ ပြောင်းရွှေ့ခြင်း ၂၃ ဦး၊ အရပ်ဘက် ဝန်ကြီးဌာန/အဖွဲ့အစည်းက ကာကွယ်ရေးဝန်ကြီးဌာနမှ ပြန်တမ်းဝင်အရာရှိများ တောင်းခံခြင်း ၃၃ ဦး စုစုပေါင်း ၂၀၈ ဦးရှိပါကြောင်း။

### အကဲဖြတ်ဆောင်ရွက်

ယခုအခါ ဝန်ထမ်းအဖွဲ့အစည်း ဒုတိယအကြီးအမှူးစီမံခန့်ခွဲမှုသင်တန်း၊ အဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှုသင်တန်းများအတွက် ခေါင်းဆောင်မှုပိုင်းဆိုင်ရာ အကဲဖြတ်ခြင်း၊ တက်ကြွစွာပါဝင်ဆွေးနွေးမှု၊ စည်းကမ်းလိုက်နာမှုနှင့် စိတ်ဓာတ်တို့ကိုအခြေခံ၍ အကဲဖြတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှုသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု အဆင့်မြင့်ဒီပလိုမာသင်တန်း၊ အရာထမ်းအခြေခံသင်တန်း၊ အရာထမ်းလောင်းအခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာသင်တန်းများအတွက် သင်ယူကျက်မှတ်လေ့လာမှု အကဲဖြတ်ခြင်း၊ အချင်းချင်းအကဲဖြတ်မှု၊ စည်းကမ်းလိုက်နာမှုနှင့် စိတ်ဓာတ်တို့ကိုအခြေခံ၍ ဆောင်ရွက်လျက်ရှိပါကြောင်း။

အရာထမ်းငယ်အခြေခံသင်တန်း၊ စာရေးဝန်ထမ်းကြီးကြပ်မှုတန်းမြင့်သင်တန်း၊ စာရေးဝန်ထမ်းအခြေခံသင်တန်းများတွင် စာမေးပွဲ၊ အချင်းချင်းအကဲဖြတ်မှု၊ စည်းကမ်းနှင့် စိတ်ဓာတ် နှင့် လုပ်ငန်းခွင်ဆိုင်ရာ အရည်အသွေးတို့ကို အခြေခံပြီး အကဲဖြတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတော်အစိုးရ၏ စတုတ္ထ (၁ )နှစ်တာ ကာလအတွင်း ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် လေ့ကျင့်ပေးနိုင်ခဲ့သည့် သင်တန်းသားဦးရေ ၁၈၂၇၃ ဦးရှိပါကြောင်း၊ စတုတ္ထ (၁)နှစ်တာ ကာလအတွင်း ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ နိုင်ငံ့ဝန်ထမ်းများအနက် ရာထူးမှထုတ်ပယ်ခြင်းခံရသူ ၁၇၂၇ ဦးနှင့် ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်းခံရသူ ၈၀၅ ဦး စုစုပေါင်း ၂၅၃၂ ဦးရှိပါကြောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် မြန်မာနိုင်ငံ၏ နိုင်ငံ့ဝန်ထမ်းစနစ်ကို ရေးဆွဲနိုင်ခဲ့ပြီး ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၄ ရက်တွင် ထုတ်ပြန်နိုင်ခဲ့ပါကြောင်း။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကို ၂၀၁၉ ခုနှစ် မေလ ၁၇ ရက်တွင် ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပြီး ပုဒ်မပေါင်း ၇ ခုကို ပြင်ဆင်ပေးနိုင်ခဲ့ပါကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ တင်ပြရလျှင် နိုင်ငံခြားပညာတော်သင်ဆိုင်ရာ ကိစ္စရပ်များအနေဖြင့် ဝန်ကြီးဌာန/အဖွဲ့အစည်းများမှ ဝန်ထမ်းများအား ကာလတိုသင်တန်းများ၊ ဘွဲ့/ဒီပလိုမာသင်တန်းများသို့ စုစုပေါင်း ၄၃၈၀ တို့ကို ခွဲဝေပေးခဲ့ပါကြောင်း။

အစိုးရဝန်ဆောင်မှုများအပေါ် ပြည်သူများ၏ သဘောထားအမြင် စစ်တမ်းကို နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အိမ်ထောင်စု ၂၅၂၀ သို့ စစ်တမ်းကောက်ယူခဲ့ပြီး စစ်တမ်း အစီရင်ခံစာ ပြည်ထောင်စုအစိုးရ



နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်က နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနတို့၏ ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ ကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။

အဖွဲ့ရုံး၏ လမ်းညွှန်မှုနှင့်အညီ တရားဝင်ထုတ်ပြန်ကြေညာနိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံ့ဝန်ထမ်းအဆင့်မြင့်စီမံခန့်ခွဲမှု အရာထမ်းခေါင်းဆောင်မှုဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် စာတမ်းကို မြန်မာ/အင်္ဂလိပ် (၂)ဘာသာဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြခဲ့ပြီး လမ်းညွှန်မှုနှင့်အညီ ဝန်ကြီးဌာနအသီးသီးသို့ ဖြန့်ဝေပေးခဲ့ပါကြောင်း။

နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်အား ပြန်လည်သုံးသပ်ကာ ပိုမိုကောင်းမွန်အောင်ပြုစုပြီး နိုင်ငံ့ဝန်ထမ်းများ လိုက်နာစေရန် ကြပ်မတ်ဆောင်ရွက်ခြင်း၊ အားပေးခြင်းစနစ်များနှင့် လုပ်ထုံးလုပ်နည်းများ အဆိုပြုတင်ပြခြင်းတို့ကို နိုင်ငံတော်သမ္မတရုံးသို့ တင်ပြခဲ့ပြီး တင်ပြချက်များနှင့်အညီ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းနှင့် ဝန်ကြီးဌာနများသို့ သဘောထားမှတ်ချက် ပြန်ကြားပေးပို့ထားပါကြောင်း။

e-Government လုပ်ငန်းများတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်မှုများအနေဖြင့် ပြန်တမ်းဝင်အရာရှိ ဝင်ပေါက်ရာထူးများ လျှောက်လွှာတင်သွင်းရာတွင် Online Application System (OAS) စနစ်ဖြင့် Service ပေးခြင်း၊ အဖွဲ့၏ Website- www.ucsb.gov.mm နှင့် Facebook Account- Union Civil Service Board Myanmar တွင် အဖွဲ့၏ အချက်အလက်များနှင့် လှုပ်ရှားဆောင်ရွက်မှုများအပြင် Mobile App ဖြင့် ဝင်ပေါက်ရာထူးများဆိုင်ရာ အချက်အလက်များ ကြည့်ရှုနိုင်ရန် Application Package (APK) ရေးဆွဲလွှင့်တင်ထားပါကြောင်း။

### ပြန်လည်ပို့ချ

e-Library စနစ်ကို အဖွဲ့နှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်နှစ်ခုတွင် ဆောင်ရွက်ထားရှိခြင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ဖွင့်လှစ်လျက်ရှိသည့် သင်တန်းများတွင် သင်ခန်းစာများကို Blended e-Learning System ဖြင့် ပို့ချသွားနိုင်ရေး ကြိုတင်ပြင်ဆင်မှုတစ်ရပ်အနေဖြင့် သင်ကြားနေမှု Video Clip များ ရိုက်ကူးကာ သင်တန်းသားများမှ Wifi ဖြင့် Download ရယူ၍ ကြိုတင်ဖတ်ရှုလေ့လာနိုင်ရေး စီစဉ်ထားရှိခြင်း၊ Online ဖြင့် သင်တန်းသားအချင်းချင်း အကဲဖြတ်အမှတ်ပေးစနစ်ကို အသုံးပြုခြင်း၊ Learning Management System (LMS)ကို အသုံးပြုနိုင်ရန် စီမံဆောင်ရွက်လျက်ရှိခြင်း၊ စာမေးပွဲများ ဖြေဆိုစေခြင်း၊ UN-APCICT မှ Module (1) မှ (10)အထိ အကြောင်းအရာများကို သင်တန်းအလိုက် ICT သင်ခန်းစာများအဖြစ် ပြန်လည်ပို့ချခြင်းတို့ကို ဆောင်ရွက်ထားပါကြောင်း။

ထို့အတူ e-Government စီမံကိန်းဖြစ်သည့် e-Recruitment and Integrated Civil Service System ကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ်များရှိ သင်တန်းများကို ကိုဗစ်-၁၉ ကြောင့် ၂၀၂၀ ပြည့်နှစ် မတ်လမှစ၍ ယာယီပိတ်ထားခဲ့ပါကြောင်း၊ ကြားကာလတွင် အွန်လိုင်းမှတစ်ဆင့် သင်ကြားပို့ချနိုင်ရန်အတွက် စီမံချက်များ ရေးဆွဲဆောင်ရွက်ခဲ့ရာ အသင့်ဖြစ်နေပြီဖြစ်ပါကြောင်း။

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များမှ မျှော်လင့်ထားရှိသည့် အကျိုးရလဒ်များကို တင်ပြရလျှင် နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရားကို အဆင်ပြေချောမွေ့စေရေး၊ စဉ်ဆက်မပြတ် လည်ပတ်နိုင်စေရေးနှင့် အချိတ်အဆက်မိမိ လည်ပတ်နိုင်စေရေး ဆောင်ရွက်ပေးလိုသည့် နိုင်ငံ့ဝန်ထမ်းများအား ပြုစုပျိုးထောင်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ ပြောင်းလဲတိုးတက်လာသည့် သင်ယူမှုနှင့် သင်တန်းနည်းစနစ်များ၊ နည်းလမ်းများနှင့်အတူ စိတ်ဓာတ်ခံယူချက်များ ပြောင်းလဲလာကာ ခေါင်းဆောင်မှု ပိုမိုခိုင်မာအားကောင်းလာစေမည်ဖြစ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းကဏ္ဍသည် ပွင့်လင်းမြင်သာမှုရှိလာပြီး နိုင်ငံ့ဝန်ထမ်းများကို ပြည်သူများမှ ယုံကြည်အားကိုးမှု ပိုမိုရရှိလာမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် သတင်းမီဒီယာများက လက်ရှိနိုင်ငံ့ဝန်ထမ်းအင်အား၊ နှစ်စဉ် အသစ်ခန့်အပ်သည့် ဝန်ထမ်းဦးရေ၊ အငြိမ်းစားယူသည့်ဦးရေနှင့် ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်ခဲ့သည့်ဦးရေ မည်မျှရှိသည်ကို သိရှိလိုကြောင်း မေးခွန်းနှင့် စပ်လျဉ်း၍ **ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ဝင်း** က မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တပ်မတော်မပါဝင်ဘဲ အရာထမ်းစုစုပေါင်း ၉၇၄၄၃ ဦးနှင့် အမှုထမ်းစုစုပေါင်း ၉၂၀၃၈၅ ဦးရှိပါကြောင်း၊ တစ်နိုင်ငံလုံး၌ ခန့်ထားပြီး အရာထမ်းအမှုထမ်းစုစုပေါင်း ၁၀၁၇၈၂၈ ဦးရှိပါကြောင်း၊ တစ်နှစ်အတွင်း ရာထူးမှ ထုတ်ပယ်လိုက်သောဝန်ထမ်းနှင့် လျော့နည်းသွားသော ဝန်ထမ်းစုစုပေါင်းမှာ ၂၅၃၂ ဦးရှိပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ သတင်းမီဒီယာများက ဝန်ကြီးဌာနများ၌ နေ့စားအဖြစ် ကာလကြာမြင့်နေသည့် ဝန်ထမ်းများကို အမြဲတမ်းဝန်ထမ်းများအဖြစ်ခန့်အပ်ရန် အစီအစဉ် ရှိ/မရှိ၊ ဌာနဆိုင်ရာ အကြံပေးခန့်အပ်မှုအခြေအနေ၊ နိုင်ငံ့ဝန်ထမ်းများနှင့် တပ်မတော်သားများ ဝန်ကြီးဌာန၊ အဖွဲ့အစည်းတစ်ခုမှ တစ်ခုသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်မှုအခြေအနေ၊ ရာထူးအဆင့်သတ်မှတ်မှုနှင့် လစာနှုန်းထားများ၊ နိုင်ငံ့ဝန်ထမ်းတာဝန်နှင့် အကျိုးစီးပွား ပဋိပက္ခဖြစ်နိုင်ခြေရှိသည့် အခြေအနေတို့အပေါ် ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် သုံးသပ်ဆောင်ရွက်နေမှု၊ စည်းမျဉ်းစည်းကမ်းများချမှတ်ထားမှု ရှိ/မရှိနှင့် ချမှတ်သွားရန် ရှိ/မရှိ၊ တပ်မတော်မှ အရပ်ဘက်ဝန်ကြီးဌာနများသို့ နှစ်အလိုက် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့မှုနှင့် ရာထူးခန့်အပ်မှု အခြေအနေ၊ နိုင်ငံ့ဝန်ထမ်းတစ်ဦးအနေဖြင့် နိုင်ငံ့ဝန်ထမ်းအပြင် ပြင်ပစီးပွားရေးတစ်ခုအား လုပ်ကိုင်နိုင်ခွင့် ရှိ/မရှိ၊ အသစ်ထုတ်ပြန်သည့် နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်စာအုပ်တွင် နိုင်ငံ့တာဝန်နှင့် အကျိုးစီးပွားကို တားဆီးနိုင်ရန်အတွက် မည်သည့်အချက်များ ထည့်သွင်းရေးသားထားသည်ကို သိရှိလိုကြောင်း မေးခွန်းများနှင့်စပ်လျဉ်း၍ မေးမြန်းကြရာ **ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ အဖွဲ့ဝင် ဦးစောဗယ်လင်တိုင်း၊ အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ဝင်းနှင့် တာဝန်ရှိသူများ** က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

### နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနတို့၏ ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ ကာလအတွင်း ဆောင်ရွက်ခဲ့မှုနှင့် စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာန **အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်**က နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနတို့အနေဖြင့် နိုင်ငံတကာဆက်ဆံရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးကို တာဝန်ယူဆောင်ရွက်လျက်ရှိသည်နှင့်အညီ နိုင်ငံတကာမျက်နှာစာတွင် နိုင်ငံ၏ အကျိုးစီးပွား၊ ပြည်သူလူထု၏ အကျိုးစီးပွား ကာကွယ်မြှင့်တင်ရေးကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ " လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒ" နှင့်အညီ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ရပ်အပေါ် အခြေခံပြီး ဆောင်ရွက်လျက်ရှိပါကြောင်း။

ထိုသို့ ဆောင်ရွက်ရာတွင် စတုတ္ထ(၁)နှစ်တာ ကာလအတွင်း ဆောင်ရွက်နိုင်ခဲ့သည့် လုပ်ငန်းများကို တင်ပြသွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်များ စီစဉ်ဆောင်ရွက်နိုင်ခဲ့ခြင်းကို ရှင်းလင်းပြောကြားသွားမည်ဖြစ်ပါကြောင်း။

စတုတ္ထ(၁) နှစ်တာအတွင်း နိုင်ငံတော်သမ္မတအနေဖြင့် ပြည်ပခရီးစဉ် သုံးခု သွားရောက်ခဲ့ပြီး ပထမခရီးစဉ်သည် ဗီယက်နမ်နိုင်ငံသို့ ၂၀၁၉ ခုနှစ် မေလ ၁၀ ရက်မှ ၁၄ ရက်အထိ အလုပ်သဘောခရီးစဉ်နှင့် ကုလသမဂ္ဂ ဗုဒ္ဓနေ့ အခမ်းအနားသို့ တက်ရောက်သည့် ခရီးစဉ်ဖြစ်ပါကြောင်း၊ အလားတူ အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ နာရန်ဒရာမိုဒီ၏ ကျမ်းသစ္စာကျိန်ဆိုပွဲသို့ တက်ရောက်ရန် အိန္ဒိယနိုင်ငံသို့ ၂၀၁၉ ခုနှစ် မေ ၃၀ မှ ၃၁ ရက်အထိ လည်းကောင်း၊ အိန္ဒိယနိုင်ငံသမ္မတ၏ ဖိတ်ကြားချက်အရ တရားဝင်ချစ်ကြည်ရေးခရီးစဉ်အဖြစ် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၆ ရက်မှ ၂၉ ရက်အထိ လည်းကောင်း သွားရောက်ခဲ့ပါကြောင်း။

ထို့အတူ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပြည်ပခရီးစဉ် ရှစ်ခု သွားရောက်ခဲ့ပါကြောင်း၊ ဒုတိယအကြိမ် BRI ထိပ်သီးအစည်းအဝေးတက်ရောက်ရန် တရုတ်နိုင်ငံသို့ ၂၀၁၉ ခုနှစ် ဧပြီလ ၂၅ ရက်မှ ၂၇ ရက် အထိလည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံသို့ ၂၀၁၉ ခုနှစ် ဧပြီလ ၂၇ ရက်မှ ၂၈ ရက်အထိ လည်းကောင်း၊ ချက်သမ္မတနိုင်ငံသို့ ၂၀၁၉ ခုနှစ် ဇွန်လ ၁ ရက်မှ ၄ ရက်အထိလည်းကောင်း၊ ဟန်ဂေရီနိုင်ငံသို့ ၂၀၁၉ ခုနှစ် ဇွန်လ ၅ ရက်မှ ၇ ရက်အထိလည်းကောင်း၊ (၃၄) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတက်ရန် ထိုင်းနိုင်ငံသို့ ၂၀၁၉ ခုနှစ် ဇွန်လ ၂၀ ရက်မှ ၂၃ ရက်အထိ လည်းကောင်း၊ ဂျပန်နိုင်ငံ ဧကရာဇ်သစ်နန်းတက်ပွဲ တက်ရောက်ရန် ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၂၀ မှ ၂၄ ရက်အထိလည်းကောင်း၊ (၃၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတက်ရန် ထိုင်းနိုင်ငံသို့ ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၃၁ ရက်မှ နိုဝင်ဘာလ ၄ ရက်အထိ လည်းကောင်း၊ ကိုရီးယားနိုင်ငံသို့ အာဆီယံ-ကိုရီးယား နှစ် (၃၀) ပြည့် ထိပ်သီးအစည်းအဝေးနှင့် ကိုရီးယား-မဲခေါင် ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန် ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်မှ ၂၇ ရက်အထိလည်းကောင်း သွားရောက်ခဲ့ပါကြောင်း။

ဒုတိယသမ္မတ ဦးမြင့်ဆွေသည် (၁၆) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ တက်ရောက်ရန် တရုတ်နိုင်ငံသို့ ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၁၈ ရက်မှ ၂၂ ရက်အထိ သွားရောက်ခဲ့ပါကြောင်း။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် အင်ဒိုနီးရှားသမ္မတသစ် ကျမ်းသစ္စာကျိန်ဆိုပွဲ တက်ရောက်ရန် အင်ဒိုနီးရှားနိုင်ငံသို့ ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၁၉ ရက်မှ ၂၁ ရက်အထိလည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပသည့် 2nd Asia-Pacific Summit တက်ရောက်ရန် ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်မှ ၂၁ ရက်အထိ လည်းကောင်း၊ ကိုရီးယားနိုင်ငံတွင်ကျင်းပသည့် The World Peace Summit တက်ရောက်ရန် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၃ ရက်မှ ၅ ရက်အထိလည်းကောင်း သွားရောက်ခဲ့ပါကြောင်း။

### ချစ်ကြည်ရေးခရီးစဉ်များ

နိုင်ငံတော်အဆင့်လာရောက်သည့် ချစ်ကြည်ရေးခရီးစဉ်များအနေဖြင့် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မွန်ဂျေအင်းနှင့် ဇနီး တို့သည် ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၃ ရက်မှ ၅ ရက်အထိ မြန်မာနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးစဉ်လာရောက်ခဲ့ပြီး နီပေါနိုင်ငံ သမ္မတ ဘီဒီယာဒေဗီဘန်ဒရီ သည် ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁၆ ရက်မှ ၂၀ အထိလည်းကောင်း၊ ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ် ငုယင်စွမ်းဖု သည် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်မှ ၁၈ ရက်အထိလည်းကောင်း၊ တရုတ်နိုင်ငံ သမ္မတ ရှီကျင့်ဖျင်သည် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁၇ ရက်မှ ၁၈ ရက်အထိ လာရောက်ခဲ့ပြီး ၂၀၀၁ ခုနှစ် ကျန်ဇီမင်း ခရီးစဉ်နောက်ပိုင်း နှစ် ၂၀ အတွင်း ပထမဆုံးခရီးစဉ်ဖြစ်ကာ သံတမန်ဆက်ဆံရေး နှစ် (၇၀) ပြည့်တွင်လာသည့် ခရီးစဉ်ဖြစ်ပါကြောင်း၊ ထို့အတူ ဆေရှဲလ်နိုင်ငံ ဒုတိယသမ္မတ၊ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ ဆားဘီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် ခရီးစဉ်များလည်း ရှိခဲ့ပါကြောင်း။

*စာမျက်နှာ ၉ သို့*

**"နိုင်ငံတော်အစိုးရ၏ စတုတ္ထ (၁)နှစ်တာ ကာလအတွင်း ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် လေ့ကျင့်ပေးနိုင်ခဲ့သည့် သင်တန်းသားဦးရေ ၁၈၂၇၃ ဦးရှိပါကြောင်း၊ စတုတ္ထ (၁) နှစ်တာ ကာလအတွင်း ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ နိုင်ငံ့ဝန်ထမ်းများအနက် ရာထူးမှထုတ်ပယ်ခြင်းခံရသူ ၁၇၂၇ ဦးနှင့် ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်းခံရသူ ၈၀၅ ဦး စုစုပေါင်း ၂၅၃၂ ဦးရှိ"**

*စာမျက်နှာ ၈ မှ*

ပူးပေါင်းဆောင်ရွက်မှုအရှိန်ကို မြှင့်တင်နိုင်ခဲ့သည့် လုပ်ငန်းစဉ်များကို တင်ပြလိုပါကြောင်း၊ ချစ်ကြည်ရေးခရီးစဉ်များမှ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များကို မြှင့်တင်နိုင်ခဲ့ပါကြောင်း၊ သာဓကအချို့ကို ထုတ်နုတ်ဖော်ပြရမည်ဆိုပါက နိုင်ငံတော်သမ္မတ၏ အိန္ဒိယနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံအကြား နားလည်မှုစာချွန်လွှာနှင့် သဘောတူညီချက် (၁၀) ခု လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ တရုတ်နိုင်ငံခရီးစဉ်အတွင်း နှစ်နိုင်ငံအကြား စီးပွားရေးနှင့်ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်ရန်အတွက် (၅)နှစ် ဖွံ့ဖြိုးမှုအစီအစဉ်ရေးဆွဲရေးဆိုင်ရာ နားလည်မှုစာချွန်လွှာနှင့် စီးပွားရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူစာချုပ် ၄ ခု၊ စုစုပေါင်းစာချုပ် ၅ ခုအား လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း။

နီပေါနိုင်ငံသမ္မတ၏ မြန်မာနိုင်ငံခရီးစဉ်အတွင်း နှစ်နိုင်ငံအကြား ခရီးသွားလာရေးကဏ္ဍနှင့် ယဉ်ကျေးမှုကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက် ၂ ခုကို လက်မှတ်ရေးထိုး လဲလှယ်နိုင်ခဲ့ပါကြောင်း။

ကိုရီးယားသမ္မတ၏ မြန်မာနိုင်ငံခရီးစဉ်အတွင်း နှစ်နိုင်ငံအကြား စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးအတွက် ချေးငွေဆိုင်ရာ မူဘောင်သဘောတူစာချုပ်နှင့် ကုန်သွယ်ရေး၊ စက်မှု၊ သိပ္ပံနှင့် နည်းပညာ၊ စီးပွားရေးလုပ်ငန်းသစ်များကို တီထွင်ဆန်းသစ်မှု စသည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး တရုတ်နိုင်ငံသမ္မတ၏ မြန်မာနိုင်ငံခရီးစဉ်အတွင်း နှစ်နိုင်ငံအကြား ကဏ္ဍစုံ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်၊ နားလည်မှုစာချွန်လွှာနှင့် စာလွှာ စုစုပေါင်း ၃၃ ခုကို လက်မှတ်ရေးထိုး လဲလှယ်နိုင်ခဲ့ပါကြောင်း။

### သံတမန်ဆက်သွယ်မှု ထူထောင်

သံတမန်အဆက်အသွယ် တိုးချဲ့ထူထောင်လျက်ရှိရာ ၂၀၁၉ ခုနှစ်အတွင်း ဘီနင်သမ္မတနိုင်ငံ၊ တိုဂိုသမ္မတနိုင်ငံတို့နှင့် သံတမန်ဆက်သွယ်မှု တိုးချဲ့ထူထောင်နိုင်ခဲ့ခြင်းကြောင့် ကမ္ဘာ့နိုင်ငံပေါင်း ၁၉၃ နိုင်ငံအနက် နိုင်ငံပေါင်း ၁၂၃ နိုင်ငံနှင့် သံတမန်ဆက်သွယ်မှု ထူထောင်ထားရှိပြီးဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် အိမ်နီးချင်း ၅ နိုင်ငံနှင့် နယ်နိမိတ်အရှည် စုစုပေါင်း မိုင် ၄၀၀၀ နီးပါးရှိပြီး ကမ်းရိုးတန်းအရှည် မိုင် ၁၂၀၀ ကျော်ရှိပါကြောင်း။ မပြီးပြတ်သေးသည့် နယ်နိမိတ်ကိစ္စများကို ပြီးပြတ်အောင် ဆောင်ရွက်ပေးခြင်းဖြင့် နောင်လာနောက်သားများကို ကောင်းမွန်သည့် အမွေအနှစ်များပေးနိုင်မည်ဖြစ်သည့်အတွက် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေးအကောင်းဆုံး ရောက်ရှိနေသည့် ယခုအချိန်အခါတွင် နယ်နိမိတ် သတ်မှတ်ရေးကိစ္စများကို ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနှင့် ထိုင်းနယ်နိမိတ်သည် ၁၃၁၈ မိုင်ရှည်လျားပြီး လက်ရှိတွင် အရှည် ၃၆ မိုင်ရှိသည့် မဲဆိုင်-မဲဟောက်ချောင်း နယ်နိမိတ်ကိုသာ ပုံသေနယ်နိမိတ် (Fixed Boundary) အဖြစ် ၁၉၉၁ ခုနှစ်တွင် သတ်မှတ်နိုင်ခဲ့ပါကြောင်း၊ နယ်နိမိတ်မှတ်တိုင် ၄၉၂ တိုင် စိုက်ထူထားပြီး မြန်မာနှင့် ထိုင်းနှစ်နိုင်ငံအကြား နယ်နိမိတ် မြစ်၊ ချောင်းများတွင် မြေထိန်းနံရံများ ဆောက်လုပ်ရာ၌ ပွင့်လင်းမြင်သာမှုရှိရန်နှင့် အငြင်းပွားမှုများမရှိစေရန် နှစ်ဖက်လေးစား လိုက်နာရမည့် Technical Guidelines ကို ရေးဆွဲသဘောတူညီမှု ရယူနိုင်ခဲ့သည့်အပြင် မဲဆိုင်-မဲဟောက်ချောင်း ပုံသေနယ်နိမိတ် တစ်လျှောက်တွင် နယ်နိမိတ် ရှင်းလင်းထင်ရှားစေရန် ၂၀၁၇-၂၀၁၈ နှင့် ၂၀၁၈-၂၀၁၉ ကွင်းဆင်းရာသီတို့တွင် နယ်နိမိတ် မှတ်တိုင်များ ပူးတွဲစစ်ဆေးခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ လိုအပ်သည့်နေရာများတွင် ထပ်တိုး မှတ်တိုင်များ စိုက်ထူခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

မြန်မာနှင့် အိန္ဒိယနယ်နိမိတ်အရှည်သည် ၉၀၇ မိုင်ရှိကာ မှတ်တိုင် ၂၃၈ တိုင် စိုက်ထူထားကြောင်း၊ မပြီးပြတ်သေးသည့် နှစ်နေရာရှိပြီး မြန်မာ-တရုတ်-အိန္ဒိယ သုံးနိုင်ငံဆုံမှတ်နေရာ ၇၉ မိုင်ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကဘော်ချိုင့်ဝှမ်းဒေသ နယ်နိမိတ်မှတ်တိုင် ၉ တိုင် ၂၄ မိုင် ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံပူးတွဲ၍ မြန်မာ- အိန္ဒိယ နယ်နိမိတ် မှတ်တိုင်အမှတ် ၁၄၅ နှင့် ၁၄၆ ကြားတွင် ထပ်တိုး မှတ်တိုင် ၃၈ တိုင်၊ မှတ်တိုင်အမှတ် ၈၀ နှင့် ၈၂ ကြားတွင် ထပ်တိုး မှတ်တိုင် ၃၆ တိုင်၊ မှတ်တိုင်အမှတ် ၁၀၂ နှင့် ၁၀၃ အကြား၌ ထပ်တိုး မှတ်တိုင် ၄ တိုင်တို့ကို အသီးသီး စိုက်ထူနိုင်ခဲ့ပါကြောင်း။

ထို့ပြင် ၂၀၁၉-၂၀၂၀ ပြည့်နှစ်ကွင်းဆင်းရာသီ၌ အိန္ဒိယနိုင်ငံနှင့်ပူးတွဲ၍ နှစ်နိုင်ငံ နယ်နိမိတ်မှတ်တိုင်များ စစ်ဆေးပြုပြင်ထိန်းသိမ်းခြင်း၊ ထပ်တိုးမှတ်တိုင်များ စိုက်ထူခြင်းနှင့် အဆောက်အဦမဆောက်လုပ်ရဇုန် ပူးတွဲစစ်ဆေးခြင်းတို့ကို ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၂၈ ရက် မှ ၂၀၂၀ ပြည့်နှစ် မတ် ၂၀ ရက်အထိ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

မြန်မာ-တရုတ် နယ်နိမိတ်အရှည်သည် ၁၃၈၄ မိုင်ရှိကာ ၁၉၆၀ ပြည့်နှစ်တွင် ဘာဘာ စစ်ဆင်ရေးဖြင့် တိုင်းတာသတ်မှတ်ခဲ့ပါကြောင်း၊ နယ်နိမိတ်မှတ်တိုင် ၄၉၈ တိုင် စိုက်ထူထားပြီး နယ်နိမိတ်အခြေပြစာချုပ်ကို ၁၉၆၁ ခုနှစ်တွင် ချုပ်ဆိုခဲ့ပါကြောင်း၊ ပထမအကြိမ်ပူးတွဲ ၁၉၈၆ ခုနှစ်နှင့် ဒုတိယအကြိမ်ပူးတွဲ ၁၉၉၅ ခုနှစ်တွင် ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ပါကြောင်း၊ တရုတ်နိုင်ငံနှင့် နှစ်နိုင်ငံနယ်နိမိတ်ပူးတွဲစစ်ဆေးမှုကို မပြုလုပ်နိုင်ခဲ့သည်မှာ ၂၅ နှစ် ကြာမြင့်ပြီဖြစ်ခြင်းကြောင့် တတိယအကြိမ် မြန်မာ-တရုတ် နယ်နိမိတ် ပူးတွဲစစ်ဆေးရေးဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်အဆင့် ညှိနှိုင်းအစည်းအဝေးများကို နှစ်နိုင်ငံတစ်လှည့်စီ ကျင်းပလျက်ရှိရာ ၂၀၁၇ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ အစည်းအဝေး ၅ ကြိမ်ကျင်းပနိုင်ခဲ့ပြီး ကောင်းကင်ဓာတ်ပုံ ပူးတွဲရိုက်ကူးမှု (၉၄ ရာခိုင်နှုန်း) ပြီးစီးခဲ့ပြီဖြစ်ပါကြောင်း။

မြန်မာနှင့် လာအိုနယ်နိမိတ်အရှည် မဲခေါင်မြစ် ၁၄၉ မိုင်ရှိပြီး ၁၉၉၁-၉၃ ခုနှစ် အတွင်း တိုင်းတာသတ်မှတ်ခဲ့ပါကြောင်း၊ ရည်ညွှန်းမှတ်တိုင် ၈၆ တိုင်စိုက်ထူထားပြီး ပုံသေနယ်နိမိတ် သတ်မှတ်ခြင်းစာချုပ်ကို ၁၉၉၄ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပါကြောင်း။

မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် နယ်နိမိတ်အရှည် ၁၆၉ မိုင်ရှိပြီး နတ်မြစ် (၃၉ ဒသမ ၈ မိုင်) နှင့် နတ်မြစ်မြောက်ဖက် ကုန်းပိုင်း (၁၂၉ ဒသမ၂ မိုင်) ရှိပါကြောင်း၊ နတ်မြစ်၏ အဓိက ရေနက်စီးကြောင်းပုံသေနယ်နိမိတ်အဖြစ် သတ်မှတ်ခြင်းဆိုင်ရာ သဘောတူစာချုပ်ကို ၁၉၆၆ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး ပုံသေနယ်နိမိတ်အမှတ်ပေါင်း ၃၀ ရှိကာ နှစ်နိုင်ငံပူးတွဲ ကွင်းဆင်းစစ်ဆေးပြုပြင်ခြင်းကို ၂၀၀၅ ခုနှစ်တွင် ဆောင်ရွက်ခဲ့ပါကြောင်း။

နတ်မြစ်မြောက်ပိုင်း ကုန်းပိုင်းနယ်နိမိတ်သတ်မှတ်ခြင်းဆိုင်ရာ သဘောတူစာချုပ်ကို ၁၉၉၈ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး နယ်နိမိတ်မှတ်တိုင်ပေါင်း ၅၃ တိုင် စိုက်ထူထားကာ နှစ်နိုင်ငံပူးတွဲကွင်းဆင်းစစ်ဆေးပြုပြင်ခြင်းကို ၂၀၀၅ ခုနှစ်တွင် ဆောင်ရွက်ခဲ့၍ နတ်မြစ်မြောက်ပိုင်း ကုန်းပိုင်းနယ်နိမိတ်သတ်မှတ်ခြင်းဆိုင်ရာ သဘောတူစာချုပ်ကို ၁၉၉၈ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး အတည်ပြုစာချွန်လွှာကို ၂၀၁၇ ခုနှစ်တွင် လဲလှယ်ခဲ့ပါကြောင်း။

ကောင်စစ်ရေးရာ ဝန်ဆောင်မှုလုပ်ငန်းများမှ နိုင်ငံတော်ဝင်ငွေကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းရှာဖွေပေးလျက်ရှိရာ စတုတ္ထ (၁) နှစ်တာ ကာလအတွင်း ကောင်စစ်ရေးရာ ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည့် ပြည်ဝင်ဗီဇာ၊ ဝင်ငွေခွန်၊ နိုင်ငံကူးလက်မှတ် ဆောင်ရွက်ခနှင့် အခြားဆောင်ရွက်ပေးမှုများမှ ကျပ် ၃၄ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၂၆ သန်း) ကို ရှာဖွေပေးနိုင်ခဲ့ပါကြောင်း။

ကိုဗစ်-၁၉ စတင်ဖြစ်ပွားပြီးနောက် မြန်မာအစိုးရသည် ပြည်ပနိုင်ငံများတွင် အကြောင်းအမျိုးမျိုးနှင့် ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများကို မြန်မာနိုင်ငံကို ပြန်လည်ခေါ်ဆောင်နိုင်ရေးကို ဦးစားပေးလုပ်ငန်းတစ်ရပ်အနေဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂ ရက်တွင် ဝူဟန်မြို့တွင် ပညာသင်ကြားနေကြသည့် မြန်မာနိုင်ငံသား ပညာသင် ၅၉ ဦးကို အထူးလေယာဉ်စေလွှတ်ပြီး ပြန်လည်ခေါ်ဆောင်ခဲ့ပါကြောင်း။

၂၀၂၀ ပြည့်နှစ် ဇွန် ၁၈ ရက်အထိ ကယ်ဆယ်ရေးလေယာဉ်များဖြင့် ပြည်ပနိုင်ငံအသီးသီးမှ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့သည့် မြန်မာနိုင်ငံသားစုစုပေါင်း ၄၅၈၇ ဦး ရှိပါကြောင်း၊ ထိုင်းနိုင်ငံ နယ်စပ်ဂိတ်များမှတစ်ဆင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့သည့် မြန်မာနိုင်ငံသား စုစုပေါင်း ၃၁၀၀၀ ရှိပါကြောင်း၊ တရုတ်နိုင်ငံ နယ်စပ်ဂိတ်များမှတစ်ဆင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့သည့် မြန်မာနိုင်ငံသား စုစုပေါင်း ၉၇၁၂ ဦး ရှိပါကြောင်း။

> **"ကောင်စစ်ရေးရာ ဝန်ဆောင်မှုလုပ်ငန်းများမှ နိုင်ငံတော်ဝင်ငွေကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းရှာဖွေပေးလျက်ရှိရာ စတုတ္ထ(၁)နှစ်တာကာလအတွင်း ကောင်စစ်ရေးရာ ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည့် ပြည်ဝင်ဗီဇာ၊ ဝင်ငွေခွန်၊ နိုင်ငံကူးလက်မှတ် ဆောင်ရွက်ခနှင့် အခြားဆောင်ရွက်ပေးမှုများမှ ကျပ် ၃၄ ဘီလီယံ (အမေရိကန် ဒေါ်လာ ၂၂ ဒသမ ၂၆ သန်း) ကို ရှာဖွေပေးနိုင်ခဲ့"**

### အခွင့်အလမ်းများ ဖော်ဆောင်ပေး

ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု၏ အခြားတိုးတက်မှုရလဒ်များကိုလည်း ရရှိခဲ့ပါကြောင်း၊ အာဆီယံပေါင်းစည်းရေး ဦးဆောင်ဦးရွက်ပြုမှု အကောင်အထည်ဖော်မှုလုပ်ငန်းအစီအစဉ် (IAI) အောက်မှ စင်ကာပူနိုင်ငံအစိုးရနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် မြန်မာ-စင်ကာပူ သင်တန်းကျောင်းတွင် သင်တန်းပေါင်း ၄၇၀ ကို ဖွင့်လှစ်ပို့ချခဲ့ရာ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ် မတ်လအထိ (၄) နှစ်ကျော် ကာလအတွင်း မြန်မာနိုင်ငံမှ အစိုးရဝန်ထမ်း သင်တန်းသား ၁၁၇၄၀ ဦးအား စွမ်းဆောင်ရည်မြှင့်တင်သည့် အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ခဲ့ပါကြောင်း။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၀) နှင့် ဝန်ကြီးဌာန ၁၀ ခုမှ အကောင်အထည်ဖော်မည့် စီမံကိန်း ၂၂ ခုအတွက် ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၆ ဒသမ ၇ သန်းခန့်ကို ရရှိအောင်ဆောင်ရွက်ပေးနိုင်ခဲ့သကဲ့သို့ မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှုဖြင့် "မဲခေါင်-ကိုရီးယား ဇီဝမျိုးစုံမျိုးကွဲစင်တာ (Mekong- ROK Biodiversity Center)" ကို မြန်မာနိုင်ငံတွင် ထူထောင်နိုင်ရန် အဖွဲ့ဝင်နိုင်ငံများမှ သဘောတူညီမှုရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ပြည်ပမှ စွပ်စွဲနေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် တာဝန်ခံမှုရှိရေးကိစ္စရပ်ကို ကိုင်တွယ်ဆောင်ရွက်နိုင်ရန် ဖိလစ်ပိုင်နိုင်ငံမှ သံအမတ်ကြီး Manalo ဦးဆောင်သည့် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင် (ICOE)ကို ၂၀၁၈ ခုနှစ်တွင် ဖွဲ့စည်း၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီးနောက် ၂၀-၁-၂၀၂၀ ရက်နေ့တွင် ICOE ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတထံသို့ အပြီးသတ်အစီရင်ခံစာကို ပေးအပ်ခဲ့ပြီးဖြစ်ပါကြောင်း။

ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုများနှင့် တရားစွဲဆိုမှုများ ပြုလုပ်သွားရန် ကော်မရှင်၏ အစီရင်ခံစာအပြည့်အစုံကို နောက်ဆက်တွဲများနှင့်အတူ နိုင်ငံတော်သမ္မတက ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ ပေးပို့ထားပါကြောင်း။

ထိုကဲ့သို့ ဘက်ပေါင်းစုံမှ အားထုတ်ကြိုးပမ်းမှုများကြောင့် မြန်မာနိုင်ငံအပေါ် အရေးယူဆောင်ရွက်နိုင်ရန်အတွက် ကုလသမဂ္ဂအထွေထွေညီလာခံ၊ လုံခြုံရေးကောင်စီ၌ မြန်မာနိုင်ငံအပေါ် ဖိအားပေးကြိုးပမ်းနေမှုများကို ယနေ့အချိန်ထိ ဟန့်တားထားနိုင်ခဲ့ပါကြောင်း။

ထိုသို့ဟန့်တားနိုင်မှုကြောင့် အပြည်ပြည်ဆိုင်ရာ တရားရုံး (ICJ) ၌ ဂမ်ဘီယာနိုင်ငံက "မြန်မာနိုင်ငံအားလူမျိုးသုဉ်းမှု တားဆီးရေးဆိုင်ရာ ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များကို ချိုးဖောက်သည်" ဟူသည့် စွပ်စွဲချက်နှင့် ဖိအားပေးလာသည့်အတွက် ICJ ၌ စနစ်တကျ ဖြေရှင်းဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်ခဲ့ပါကြောင်း။

ယင်းတရားစွဲဆိုမှုနှင့်ပတ်သက်ပြီး ကြားနာပွဲကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်မှ ဒီဇင်ဘာ ၁၂ ရက်အထိ နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့ရှိ ICJ ၌ ပြုလုပ်ခဲ့ရာတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအနေဖြင့် မြန်မာကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်တက်ရောက်ခဲ့ပြီး ရခိုင်ပြည်နယ်အရေးကိစ္စတွင် မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် ပကတိအခြေအနေမှန်များကို ဆွေးနွေးရှင်းလင်းပြောကြားခဲ့ပါကြောင်း။

ICJ က ချမှတ်ခဲ့သည့် ယာယီအစီအမံများနှင့်ပတ်သက်၍ အစီရင်ခံစာတင်သွင်းရေး၊ တရားစီရင်မှုရင်ဆိုင်ရေးကိစ္စများတွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနသို့ လိုအပ်သည့်အကူအညီများ ပံ့ပိုးပေးလျက်ရှိပါကြောင်း။

မိမိတို့ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ မြန်မာသံရုံး/အဖွဲ့ရုံးများက ချစ်ကြည်ရင်းနှီးသည့် နိုင်ငံများသို့ သံတမန်နည်းအရ စည်းရုံးချဉ်းကပ်မှုများ ပြုလုပ်ခဲ့ခြင်းကြောင့် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် အဇာဘိုင်ဂျန်နိုင်ငံ၌ ၂၀၁၉ ခုနှစ် ဇွန် ၃၀ မှ ဇူလိုင် ၁၀ ရက်အထိ ကျင်းပခဲ့သည့် (၄၃) ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ် အစည်းအဝေးတွင် သတ်မှတ်ခံရပါကြောင်း။

မြန်မာသံတမန်ဝန်ထမ်းများ လုပ်ငန်းတာဝန်များကို အပြည့်အဝ အလေးထား အာရုံစိုက်လျက် ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်၏ ပံ့ပိုးပေးမှုတွင် ထူးခြားသော တိုးတက်မှုအဖြစ် သံရုံးဝန်ထမ်းများနှင့် မိသားစုဝင်များအတွက် မရှိမဖြစ်လိုအပ်သည့် အုပ်ချုပ်မှုဆိုင်ရာ အထောက်အပံ့များနှင့် ကျန်းမာရေးစောင့်ရှောက်မှုကိစ္စရပ်များကို သိသိသာသာ တိုးမြှင့်ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

ကျန်းမာရေးအာမခံချက်ရှိရေးအတွက် စတုတ္ထ (၁) နှစ်တာ ကာလအတွင်း ပြည်ပရှိ မြန်မာသံရုံး/ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး / ကောင်စစ်ဝန်ချုပ်ရုံး စုစုပေါင်း ၁၀ ရုံးရှိ ဝန်ထမ်းများနှင့် မိသားစုဝင်များ၏ ကျန်းမာရေးအာမခံထားရှိခွင့်ကို ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းကြောင့် ပြည်သူ့အစိုးရ၏ (၄) နှစ်တာ ကာလအတွင်း မြန်မာသံရုံး/ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး / ကောင်စစ်ဝန်ချုပ်ရုံး စုစုပေါင်း ၂၉ ရုံးအတွက် ကျန်းမာရေးအာမခံများ ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

မိမိတို့ဝန်ကြီးဌာန နှစ်ခုအနေဖြင့် နိုင်ငံတော်၏ ရည်မှန်းချက်များ ပြီးမြောက်အောင်မြင်စေရေးအတွက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးဘက်မှ ပံ့ပိုးကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် သတင်းမီဒီယာများက ကိုဗစ်ကာလတွင် နေရပ်ပြန်မည့် မြန်မာနိုင်ငံသားများကို နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကူညီဆောင်ရွက်ပေးနေမှုနှင့် အထောက်အထားမဲ့ မြန်မာနိုင်ငံသားများ နေရပ်ပြန်ရန်ကြုံတွေ့နေရသည့် အခက်အခဲများကို ဝန်ကြီးဌာနအနေဖြင့် ကူညီဆောင်ရွက်ပေးနေမှုတို့နှင့် စပ်လျဉ်း၍ မေးမြန်းရာ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်က နိုင်ငံတော်အနေဖြင့် မြန်မာနိုင်ငံသားများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန် နိုင်ငံတော်အကြီးအကဲများက လမ်းညွှန်ထားပါကြောင်း၊ မည်သည့်နိုင်ငံသို့ မည်သည့်ပုံစံဖြင့် တရားဝင်ဖြစ်ဖြစ်၊ တရားမဝင်ဖြစ်ဖြစ် ရောက်ရှိနေပါက နိုင်ငံသားများကို မိမိတို့အနေဖြင့် ကူညီရမည့်တာဝန်ရှိပြီး မြန်မာသံရုံးအားလုံးသို့လည်း ညွှန်ကြားချက်ထုတ်ပြန်ကာ ကူညီဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ကြောင့် ကိုဗစ် -၁၉ ကာလအတွင်း နိုင်ငံတိုင်းသည် ယင်းကပ်ရောဂါကို ခံစားနေရပြီး ယင်းနိုင်ငံများတွင်လည်း နိုင်ငံအလိုက်ချမှတ်ထားသည့် အကန့်အသတ်များရှိသည့်အတွက် မြန်မာနိုင်ငံသားများ နေရပ်ပြန်နိုင်ရေး နိုင်ငံတိုင်းရှိ မြန်မာသံအမတ်ကြီးများက သက်ဆိုင်ရာနိုင်ငံအလိုက် အစိုးရများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံကာ ဆွေးနွေးညှိနှိုင်းရပါကြောင်း၊ သတိထားနေရသည်မှာ မိမိနိုင်ငံတွင်လည်း ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားမှုမရှိစေရန် ထိန်းသိမ်းဆောင်ရွက်နေရပါကြောင်း၊ ဗဟိုကော်မတီ၏ လမ်းညွှန်ချက်များနှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက အမြဲတမ်းညှိနှိုင်းဆောင်ရွက်ရပါကြောင်း။

ပြန်လည်ဝင်ရောက်လာမည့်သူများကို Quarantine Centre တွင် ထားရန်မှာ အရေးကြီးပါကြောင်း၊ မြန်မာနိုင်ငံသားများ ပြန်လည်ဝင်ရောက်ရန် ကြိုးစားနေချိန်တွင် နိုင်ငံတွင်းရှိ ၅၂ သန်းသော ပြည်သူများက ရောဂါပိုးမကူးစက်ရန် အစိုးရက ဦးစားပေးဆောင်ရွက်ရပါကြောင်း၊ ထို့ကြောင့် ပြန်လည်ဝင်ရောက်မည့်သူများ သတ်မှတ်ထားသည့်နေရာများမှ ဝင်ရောက်နိုင်ရေး မိမိတို့အနေဖြင့် ကြိုးပမ်းနေပါကြောင်း။

သို့ရာတွင် တရားဝင်သွားရောက်လုပ်ကိုင်နေသည့်သူများနှင့် တရားမဝင် သွားရောက်လုပ်ကိုင်နေသည့်သူများအား မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ရန် ကူညီဆောင်ရွက်ရာတွင် မတူညီပါကြောင်း၊ တရားမဝင်သွားရောက်သူများသည် အထောက်အထားမရှိသည့်အတွက် ယင်းနိုင်ငံမှ မိမိတို့နိုင်ငံထဲသို့ခိုးဝင်သဖြင့် လူဝင်မှုကြီးကြပ်ရေးဥပဒေကို ချိုးဖောက်သည့်အတွက် ပုံမှန်အားဖြင့် ယင်းနိုင်ငံ၏ တရားစီရင်ရေးကို ခံကြရပါကြောင်း။

သို့သော် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပရောက်နိုင်ငံသားအားလုံး ပြန်လည်ခေါ်ဆောင်ရန် ပြင်ဆင်နေပါကြောင်း၊ ထို့သို့စီစဉ်ရာတွင်လည်း လူဝင်မှုကြီးကြပ်ရေးဥပဒေကို ဖောက်ဖျက်မှုဖြင့် အကျဉ်းကျနေသည့် မြန်မာနိုင်ငံသားများအား သတ်မှတ်သည့်ကာလ ပြီးသွားချိန်တွင် ပြန်ပို့ရန်ရှိပါကြောင်း၊ အကျဉ်းကျနေရင်း မြန်မာနိုင်ငံသို့ ပြန်ပို့မည့်အခြေအနေပေးသူများမှာ ၃၀၀၀ ခန့်ရှိပြီး မခေါ်ဆောင်နိုင်သေးပါကြောင်း၊ အဘယ့်ကြောင့်ဆိုသော် ပို၍အခက်အခဲရှိနေသည့်သူများအား ကူညီဆောင်ရွက်ပေးနေရမှုများ ရှိပါကြောင်း။

*စာမျက်နှာ ၁၀ သို့*

*စာမျက်နှာ ၉ မှ*

သို့သော် ကိုဗစ် -၁၉ ကာလတွင် မလေးရှားနိုင်ငံတွင် ကန့်သတ် သတ်မှတ်ချက်များရှိပါကြောင်း၊ အထူးသဖြင့် လုပ်ငန်းများရပ်ဆိုင်းသွားသည့်အတွက် အလုပ်လက်မဲ့ဖြစ်သွားသူများမှာ စားရေးသောက်ရေး အခက်အခဲများ ရှိကြပါကြောင်း၊ ထို့ကြောင့် စိတ်ဓာတ်ကျနေသူများလည်း ရှိပါကြောင်း။

မြန်မာနိုင်ငံမှ ပရဟိတအဖွဲ့များမှလည်း တတ်စွမ်းသမျှ ကူညီဆောင်ရွက်နေပါကြောင်း၊ မိမိတို့အနေဖြင့်လည်း တတ်နိုင်သည့်ဘက်မှ ကူညီဆောင်ရွက်နေပြီး တရားဝင်စာဖြင့် အကြောင်းကြားထား၍ ဖုန်းဖြင့်လည်း မကြာခဏ အသိပေးပါကြောင်း၊ သံရုံးများအနေဖြင့်လည်း အတတ်နိုင်ဆုံး ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း နိုင်ငံသားအားလုံးကို ပြန်လည်ခေါ်ဆောင်ရန် စီစဉ်ဆောင်ရွက်နေပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာတရားရုံး ( International Court of Justice – ICJ ) မှ ချမှတ်ထားသည့် ကြားဖြတ်အစီအမံများကို ဝန်ကြီးဌာနအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ICJ ဒုတိယအကြိမ်အစီရင်ခံစာသည် နိုဝင်ဘာတွင် တင်ရမည်ဖြစ်ပြီး ရွေးကောက်ပွဲကာလဖြစ်သည့်အတွက် ဝန်ကြီးဌာနအနေဖြင့် ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ကိုဗစ်ကာလဖြစ်သည့်အတွက် အထောက်အထားမဲ့နိုင်ငံသားများ နေရပ်ပြန်နိုင်ရေးအတွက် သက်ဆိုင်ရာသံရုံးများကို ညွှန်ကြားထားမှု၊ ကူညီဆောင်ရွက်ပေးနေမှု၊ နေရပ်ပြန်ရန်လိုအပ်နေသည့် ပြည်ပမှ အထောက်အထားမဲ့ နိုင်ငံသားအရေအတွက်၊ ပြည်ထောင်စုလွှတ်တော်တွင် ICJ အတွက် ဘတ်ဂျက်တောင်းခံမှု၊ ဘတ်ဂျက်ထဲမှ ရှေ့နေငှားရမ်းခအနေဖြင့် သုံးစွဲခွင့်၊ ရှေ့နေငှားရမ်းခပေးဆောင်နေမှု အခြေအနေ၊ နိုင်ငံကိုအကျိုးပြုလိုသည့် ပြည်ပရောက် မြန်မာနိုင်ငံသားဟောင်းများ ဖိတ်ခေါ်ခဲ့သည့် အခြေအနေ၊ လျှောက်ထားသည့်ဦးရေ၊ သံတမန်ကျင့်ဝတ်ဆိုင်ရာတို့နှင့် စပ်လျဉ်း၍ မေးမြန်းကြရာ အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုနှင့်စပ်လျဉ်း၍ အမြဲတမ်းအတွင်းဝန် ဒေါက်တာဒေါ်သီတာဦးက ဥပဒေများ စိစစ်အကြံပြုရေးဦးစီးဌာနအနေဖြင့် စတုတ္ထ (၁) နှစ်တာကာလအတွင်း ဥပဒေ (မူကြမ်း) ၁၇၈ ခု၊ နည်းဥပဒေ၊ စည်းမျဉ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်း ၄၃၇ ခုကို စိစစ်အကြံပြုခြင်း၊ ပြဋ္ဌာန်းပြီးဥပဒေ ၃၈ ခုနှင့် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့် ၂၆ ခုတို့ကို မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း။

ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာနအနေဖြင့် စတုတ္ထ (၁) နှစ်တာကာလအတွင်း အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့် အာဆီယံဥပဒေရေးရာနှင့် သက်ဆိုင်သည့်ကိစ္စ ၉၅၂ ခု၊ အစိုးရဌာနများနှင့် ပြည်တွင်း၊ ပြည်ပပုဂ္ဂလိကကုမ္ပဏီများချုပ်ဆိုသော စီးပွားရေးစာချုပ်စာတမ်းကိစ္စ ၁၂၆၇ ခုနှင့် အထွေထွေဥပဒေအကြံပေး ၆၅၄ ခုတို့ကို စိစစ်အကြံပြုပြန်ကြားနိုင်ခဲ့ပါကြောင်း။

တရားစွဲနှင့် အမှုလိုက်ဦးစီးဌာနအနေဖြင့် စတုတ္ထ (၁) နှစ်တာကာလတွင် ရာဇဝတ် အယူခံမှု ၅၀၈ မှု၊ ရာဇဝတ် အထူးအယူခံမှု ၂၅ မှု၊ ရာဇဝတ်ပြင်ဆင်မှု ၉၀၉ မှု၊ သေဒဏ်အတည်ပြုမှု ၃၈ မှု၊ ရာဇဝတ်အထွေထွေ လျှောက်ထားမှု ၁၁ မှုနှင့် ရာဇဝတ်အထွေထွေလျှောက်ထားမှု (အထူး) ၃၅ မှုပြီးပြတ်အောင် ဆောင်ရွက်နိုင်ခဲ့သည့်အပြင် စာချွန်တော်အမိန့် လျှောက်ထားမှုများတွင် နိုင်ငံတော်ကိုယ်စားအမှု ၃၉ မှု လက်ခံဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ တရားမစွဲမီ ဥပဒေအကြံဉာဏ်ပေးခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ စတုတ္ထ (၁) နှစ်တာကာလတွင် ရာဇဝတ်အမှုပေါင်း ၂၃၈ မှု ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

စီမံရေးရာဦးစီးဌာနအနေဖြင့်ဥပဒေအရာရှိများအတွက် မွမ်းမံသင်တန်း လေးကြိမ်ဖွင့်လှစ်ခြင်း၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အလုပ်ရုံဆွေးနွေးပွဲ ၆၅ ခု ကျင်းပခြင်း၊ ၂၀၁၈ခုနှစ် ဥပဒေများ၊ နည်းဥပဒေများစာအုပ်၊ ဥပဒေဂျာနယ် အတွဲ ၁၁၊ အမှတ် (၂)၊ ဥပဒေရုံးများ ရည်ညွှန်းစာစောင်များ၊ ဥပဒေဘာသာပြန်စာအုပ်အမှတ် (၃)၊ (၄)၊ (၅)၊ (၆) နှင့် (၇)၊ တရားလွှတ်တော်ရှေ့နေများ ကောင်စီအက်ဥပဒေ၊ တရားလွှတ်တော်ရှေ့နေများ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများ စာအုပ်တို့ကို ပုံနှိပ်ထုတ်ဝေခဲ့ပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် တိုင်းဒေသကြီး/ပြည်နယ် ဥပဒေချုပ်ရုံးရှိ အဆင့်ဆင့်သော ဥပဒေရုံးများသို့ ဖြန့်ဝေခဲ့ပါကြောင်း။

ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ထူးခြားသော လုပ်ငန်းဆောင်ရွက်ချက်များအနေဖြင့် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လုပ်ငန်းများ အဆင်ပြေချောမွေ့စွာနှင့် ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့က ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလတွင် ဖွဲ့စည်းခဲ့ပါကြောင်း၊ အဆိုပါအဖွဲ့တွင် ပြည်ထောင်စုရှေ့နေချုပ်က ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဒုတိယရှေ့နေချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က ဒုတိယဥက္ကဋ္ဌများအဖြစ်လည်းကောင်း ဆောင်ရွက်လျက်ရှိပါကြောင်း။

ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့နှင့် အဖွဲ့ခွဲများ ဖွဲ့စည်းပြီး ဥပဒေအသိပညာပေးရေး၊ တရားမျှတမှုကို အားလုံးလက်လှမ်းမီရေးတို့ကို ဆောင်ရွက်လျက်ရှိရာ ယခု စတုတ္ထနှစ် ကာလတွင် သုံးနှစ်ပြည့်ပြီ ဖြစ်ပါကြောင်း၊ ၎င်းအဖွဲ့ကို ဖွဲ့စည်းပြီး နှစ်နှစ်တာကာလအတွင်း တရားမျှတမှုဆိုင်ရာ တင်ပြစာပေါင်း ၇၃၁ စောင် ရှိခဲ့ပါကြောင်း၊ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ “ပြည်သူ့အတွက် တရားမျှတမှု” မဟာဗျူဟာစီမံကိန်း (၂၀၁၉ – ၂၀၂၃)ကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် ထုတ်ပြန်နိုင်ခဲ့ပြီး အဖွဲ့ခွဲများမှ ကျင်းပသည့် အသိပညာပေးဆွေးနွေးပွဲ ၃၄ ကြိမ်ဆောင်ရွက်ခဲ့ပါကြောင်း။

တရားလွှတ်တော်ရှေ့နေများ ကောင်စီအနေဖြင့် လုပ်ငန်းဆိုင်ရာအစည်းအဝေးကို စတုတ္ထ (၁) နှစ်တာကာလတွင် သုံးကြိမ်ကျင်းပနိုင်ခဲ့ပြီး စတုတ္ထ (၁) နှစ်တာကာလအတွင်း တရားလွှတ်တော်ရှေ့နေအဖြစ် လျှောက်ထားသူ ၁၁၁၅ ဦး၏ တရားလွှတ်တော်ရှေ့နေဝင်ခွင့်ကို စိစစ်၍ ထောက်ခံကြောင်း သဘောထားမှတ်ချက်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ပေးပို့ခဲ့ပါကြောင်း။

တရားလွှတ်တော်ရှေ့နေများကောင်စီ၏ တရားလွှတ်တော်ရှေ့နေများ မှတ်ပုံတင်ကတ်ပြားကို Smart Card ပြုလုပ်ပေးလျက်ရှိပါကြောင်း၊ ၂၀၁၉ ခုနှစ် ဇွန်လတွင် တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်းခဲ့ပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တရားလွှတ်တော်ရှေ့နေများကောင်စီ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများနှင့် တရားလွှတ်တော်ရှေ့နေများကောင်စီက ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းပြီးဖြစ်ပါကြောင်း၊ နည်းဥပဒေ ၄ (က) အရ တရားလွှတ်တော်ရှေ့နေများကောင်စီ ရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၂ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ကောင်စီအဖွဲ့ဝင် ၁၅ ဦးတွင် ရွေးကောက်တင်မြှောက်ခြင်းခံရသော တရားလွှတ်တော်ရှေ့နေ ၁၁ ဦး ပါဝင်မည်ဖြစ်ပါကြောင်း။

ဥပဒေဘာသာပြန်ကော်မရှင်ကို နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်၊ ၁၆/၂၀၁၆ ဖြင့် ဖွဲ့စည်းခဲ့ပြီး အမိန့်ကြော်ငြာစာအမှတ်၊ ၃၁/၂၀၁၇ ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါကြောင်း၊ ဥပဒေဘာသာပြန်ကော်မရှင်တွင် ပြည်ထောင်စုရှေ့နေချုပ်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး အဖွဲ့ဝင် ၁၂ ဦးဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဥပဒေဘာသာပြန်ကော်မရှင်က ဥပဒေဘာသာပြန်ဆိုရမည့် ဥပဒေ ၈၁ ခုအနက် ဥပဒေ ၂၄ ခု ကို အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆို၍ ဥပဒေစာအုပ်အမှတ်စဉ် ၇ အထိ အတည်ပြုထုတ်ပြန်ခဲ့ပါကြောင်း။

ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်းများဆောင်ရွက်ရေးအဖွဲ့အနေဖြင့် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင် (ICOE) အစီရင်ခံစာကို နိုင်ငံတော်သမ္မတထံ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၀ ရက်တွင် တင်ပြခဲ့ရာ နိုင်ငံတော်သမ္မတရုံးက ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၂၁ ရက်စွဲဖြင့် ရခိုင်ပြည်နယ်ဖြစ်စဉ်နှင့် စပ်လျဉ်းသည့် ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုများ ဆက်လက်ပြုလုပ်သွားရန်နှင့် အထောက်အထားများ ခိုင်လုံပါက တရားစွဲဆိုမှုများ ပြုလုပ်သွားရန် ပြည်ထောင်စုရှေ့နေချုပ်ရုံးကို ညွှန်ကြားခဲ့ပါကြောင်း။



အမြဲတမ်းအတွင်းဝန် ဒေါက်တာဒေါ်သီတာဦးက ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။

**နိုင်ငံတော်သမ္မတရုံးသို့ တင်ပြပြီး**

အဆိုပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်သမ္မတရုံးက ဇန်နဝါရီလ ၂၄ ရက်တွင် ပြည်ထောင်စုရှေ့နေချုပ်ဥက္ကဋ္ဌအဖြစ် ပါဝင်သည့်အဖွဲ့ဝင် ၁၀ ဦးဖြင့် “ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်းများ ဆောင်ရွက်ရေးအဖွဲ့” ကို ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ ယင်းအဖွဲ့ဝင်များတွင် သက်ဆိုင်ရာဌာနများမှ ဒုတိယဝန်ကြီးများ၊ ဒုတိယစစ်ဥပဒေချုပ်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယရဲချုပ်တို့ ပါဝင်ပါကြောင်း၊ ယင်း အဖွဲ့၏ အစည်းအဝေးကို လေးကြိမ် ကျင်းပပြုလုပ်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၂၄ ရက်မှ ၃၀ ရက်အထိ လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာကို ၂၀၂၀ ပြည့်နှစ် မေလ ၁ ရက်တွင် နိုင်ငံတော်သမ္မတရုံးသို့ တင်ပြပြီးဖြစ်ပါကြောင်း။

နိုင်ငံတကာရာဇဝတ်မှု တရားစီရင်ရေးဆိုင်ရာ အထူးအဖွဲ့ (Special Unit) အနေဖြင့် ရခိုင်ပြည်နယ်ဖြစ်စဉ်အတွင်း လူ့အခွင့်အရေးဆိုင်ရာ ချိုးဖောက်မှုများအပေါ် နိုင်ငံတကာ ရာဇဝတ်မှု တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံးက ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်တွင် “နိုင်ငံတကာရာဇဝတ်မှု တရားစီရင်ရေးဆိုင်ရာ အထူးအဖွဲ့”ကို ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းခဲ့ပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးက ဦးဆောင်၍ ဥပဒေဆိုင်ရာ အထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

အာဆီယံဥပဒေပညာရှင်များအသင်း (ASEAN Law Association – ALA) အနေဖြင့် ၁၉၇၉ ခုနှစ် ဖေဖော်ဝါရီလတွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ အာဆီယံဥပဒေပညာရှင်များအသင်းကို အာဆီယံနိုင်ငံများအကြား ဥပဒေရေးရာကိစ္စများတွင် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နိုင်ရန် ရည်ရွယ်၍ ဖွဲ့စည်းတည်ထောင်ခဲ့ပါကြောင်း၊ ယင်းအဖွဲ့သို့ မြန်မာနိုင်ငံက ၂၀၁၂ ခုနှစ်တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပြီး အာဆီယံဥပဒေပညာရှင်များအသင်း (မြန်မာ)ကို ၂၀၁၃ ခုနှစ် ဇူလိုင်လတွင် ဖွဲ့စည်းတည်ထောင်ခဲ့ပါကြောင်း၊ ပြည်ထောင်စုရှေ့နေချုပ်က ဥက္ကဋ္ဌအဖြစ် ပါဝင်သည့် အဖွဲ့ဝင် ကိုးဦးဖြင့် ပြည်ထောင်စုရှေ့နေ ချုပ်ရုံး၏ ၂၀၁၉ ခုနှစ် ဧပြီလ ၂၅ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၇၁/၂၀၁၉ ဖြင့် ကော်မတီကို ထပ်မံ၍ အသစ်ပြန်လည်ဖွဲ့စည်းခဲ့ပြီး ယင်းကော်မတီအသစ်၏ ပထမအကြိမ် အစည်းအဝေးကို ၂၀၁၉ ခုနှစ် မေလ ၃၀ ရက်တွင် ကျင်းပနိုင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံက အဖွဲ့ဝင်ဖြစ်ပြီးနောက်ပိုင်းတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ အဆင့်မြင့်အရာရှိများသည် မြန်မာကိုယ်စားလှယ်များအဖြစ် အာဆီယံ ဥပဒေပညာရှင်များအသင်း အစည်းအဝေးများသို့ နှစ်စဉ်တက်ရောက် ပါဝင်ဆွေးနွေးနိုင်ခဲ့ပါကြောင်း။

မြန်မာဥပဒေသတင်းအချက်အလက်စနစ်ကို (www. mlis. gov.mm) website တွင် KOICA ၏ ပံ့ပိုးကူညီမှုဖြင့် ၂၀၁၈ ခုနှစ် မေလ ၂၄ ရက်မှ စတင်၍ အောင်မြင်စွာ လွှင့်တင်နိုင်ခဲ့ပြီး ဥပဒေများ၊ တစ်ဆင့်ခံ ဥပဒေများ၊ စီရင်ထုံးများနှင့် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးထားသော Convention များ အပါအဝင် ဥပဒေသတင်းအချက်အလက် စုစုပေါင်း ၉၁၀၀ ကျော်ကို အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်လျက်ရှိပါကြောင်း။

ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် အဆင့်ဆင့်သောဥပဒေရုံးများကို ပြည်သူများက ယုံကြည်မှုတိုးတက်လာစေရေးအတွက် ဥပဒေအရာရှိကျင့်ဝတ်ဆိုင်ရာ လက်စွဲစာအုပ်ကို ထုတ်ဝေခဲ့ပြီး သင်တန်းများတွင် ဘာသာရပ်တစ်ခုအဖြစ် ပို့ချခဲ့ပါကြောင်း။

အမှုတွဲစီမံခန့်ခွဲခြင်း နှင့် စာရွက်စာတမ်းစီမံခန့်ခွဲခြင်းစနစ်ကို USAID ၏ ပံ့ပိုးကူညီမှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး အမှုများမှန်ကန်မြန်ဆန်ရေးအတွက်လည်း ရှေ့ပြေးဥပဒေရုံး ရှစ်ရုံးကိုလည်း တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုခင်းများ လိုက်ပါဆောင်ရွက်ရာတွင် အမှုလိုက်ပါဆောင်ရွက်မှုစွမ်းရည်နှင့် အမှုတည်ဆောက်ခြင်းဆိုင်ရာ အယူအဆများ မြင့်မားတိုးတက်စေရန် တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဥပဒေအရာရှိ ၂၄ ဦးဖြင့် Special Prosecution Unit ကိုဖွဲ့စည်း၍ အမေရိကန် ပြည်ထောင်စုတရားရေးဝန်ကြီးဌာနနှင့် ပူးပေါင်းကျင်းပသော အလုပ်ရုံဆွေးနွေးပွဲ ခုနစ်ကြိမ် ကျင်းပနိုင်ခဲ့ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တရားသူကြီးများ၊ ဥပဒေအရာရှိများနှင့် ရဲအရာရှိများကို စွမ်းရည်မြှင့်တင်နိုင်ခဲ့ပါကြောင်း။

လိုအပ်သော ဝန်ထမ်းအင်အားများကို နှစ်စဉ်ဖြည့်ဆည်းခန့်ထားခြင်း၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ရန်သင်တန်းများနှင့် မွမ်းမံသင်တန်းများ ကျင်းပပေးခြင်း၊ ဥပဒေရေးဆွဲခြင်း၊ စာချုပ်စာတမ်းစိစစ်ခြင်းနှင့် ဥပဒေဘာသာပြန်ကိစ္စရပ်များအတွက် သင်တန်းများပေးခြင်း၊ သင်ရိုးညွှန်းတမ်းများ ပြင်ဆင်ရေးဆွဲခြင်း၊ ရာဇဝတ်ကျင့်ထုံးဥပဒေ လုပ်ငန်းဝင်သင်ရိုးညွှန်းတမ်း ထုတ်ပြန်ခြင်း၊ သင်တန်းဆရာများ လေ့ကျင့်မွေးထုတ်ပေးခြင်းနှင့် လုပ်ငန်းခွင်သာယာရေးကို အလေးထားဖန်တီးပေးခြင်း စသည့်လုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် သတင်းမီဒီယာများက နိုင်ငံတကာရာဇဝတ်မှု တရားစီရင်ရေးဆိုင်ရာ အထူးအဖွဲ့၏ လက်ရှိလုပ်ငန်းဆောင်ရွက်နေမှုများနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေဖြင့် ICJ ကိစ္စနှင့်ပတ်သက်၍ အကူအညီများနှင့် အကြံဉာဏ်ပေးခြင်းများ မည်သို့ဆောင်ရွက်လျက်ရှိသည်ကို မေးမြန်းရာ အမြဲတမ်းအတွင်းဝန် ဒေါက်တာဒေါ်သီတာဦးက နိုင်ငံတကာရာဇဝတ် တရားစီရင်ရေးနှင့်ပတ်သက်၍ အတွေ့အကြုံ၊ ဗဟုသုတ လိုအပ်နေသည့်အတွက် နိုင်ငံတကာ ရာဇဝတ်မှုတရားစီရင်ရေးဆိုင်ရာ အထူးအဖွဲ့က သုတေသနစာတမ်းများကို ပြုစုပါကြောင်း၊ အကြံပြုချက်များ ပေးပါကြောင်း၊ ပထမဆုံးအနေဖြင့် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင် (ICOE) အစီရင်ခံစာကို အကောင်အထည်ဖော်ရေးကိစ္စတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးက ဦးဆောင်၍ အဖွဲ့ဖွဲ့စည်းထားပါကြောင်း၊ ယင်းအဖွဲ့အစည်းအောက်တွင် Task Force အဖွဲ့ ဖွဲ့စည်းပါကြောင်း၊ ယင်းအဖွဲ့များကို အထူးအဖွဲ့က မည်သည့်ဒေသတွင် ဦးစားပေးဆောင်ရွက်သင့်သည်၊ မည်သည့် မဟာဗျူဟာများဖြင့် မည်သို့ချဉ်းကပ်သင့်သည်တို့ကို အကြံဉာဏ်ပေးပါကြောင်း၊ ICJ သို့ သွားရောက်သည့် ကိစ္စများတွင် အထူးအဖွဲ့က Research Paper များ ရေးသား၍ အဆင့်ဆင့်တင်ပြခြင်းများ ဆောင်ရွက်နေပါကြောင်း။

ICJ နှင့် ပတ်သက်၍ ဦးဆောင်ကော်မတီများ၊ လုပ်ငန်းကော်မတီများ စသည်ဖြင့် အဆင့်ဆင့် ဖွဲ့စည်းထားပါကြောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိသူများအနေဖြင့် ယင်းကော်မတီများတွင် ပါဝင်ပါကြောင်း၊ ထို့ပြင် ယင်းကော်မတီများတွင် သွားရောက်တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများလည်း ရှိပါကြောင်း၊ Provisional measures အရ လိုအပ်သည့် အစီရင်ခံစာများ ရေးသားခြင်း၊ ဘာသာပြန်ခြင်း၊ လိုအပ်ချက်များကို မှတ်ချက်ပြုပေးခြင်းများကို ဆောင်ရွက်နေပါကြောင်း၊ အမုန်းစကား မပြန့်ပွားရေး၊ Genocide Convention ပါ အချက်များ လိုက်နာရေး၊ သက်သေခံပစ္စည်း မဖျောက်ဖျက်ရေး စသည့် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်ထုတ်ပြန်ရာတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေဖြင့် ဘာသာပြန်ခြင်း၊ အမိန့်ညွှန်ကြားချက်များ ရေးဆွဲခြင်းနှင့် တည်းဖြတ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ သတင်းမီဒီယာများက ဌာနဆိုင်ရာအကြီးအကဲများ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်တွင် ဒါရိုက်တာအဖြစ် ပါဝင်နေမှု နှင့်ပတ်သက်၍ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ သဘောထားမှတ်ချက်ပြန်ကြားခဲ့မှု အခြေအနေ၊ နိုင်ငံ့တာဝန်နှင့် ပုဂ္ဂလိက အကျိုးစီးပွား ဆိုင်ရာ အခွင့်အရေးများနှင့် ပတ်သက်၍ ပြန်လည်သုံးသပ်ဆောင်ရွက်နေမှု ရှိ/မရှိ၊ ဥပဒေများကို ဘာသာပြန်လုပ်ငန်း ဆောင်ရွက်နေမှုနှင့် ဘာသာပြန်ပြီးသည့် ဥပဒေအရေအတွက်၊ ပြင်ပရှေ့နေများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ စသည်တို့ကို မေးမြန်းရာ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ အမြဲတမ်းအတွင်းဝန် ဒေါက်တာဒေါ်သီတာဦး နှင့်တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ (၁)နှစ်တာ ကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်သည့် ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့၏ သတင်းစာရှင်းလင်းပွဲကို ဇွန် ၂၂ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

**ဟန်မျိုးစိုး ကေတာ**

# လက်နက်ကိုင်ပဋိပက္ခနှင့် ကလေးသူငယ်များနှင့်စပ်လျဉ်းသော ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ ၂၀၂၀ ပြည့်နှစ် အစီရင်ခံစာနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## သတင်းထုတ်ပြန်ချက်အမှတ် (၆ / ၂၀၂၀)

ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီဆုံးဖြတ်ချက်အမှတ် ၂၄၂၇ (၂၀၁၈) နှင့်အညီ ထုတ်ပြန်ခဲ့သော ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခနှင့် စပ်လျဉ်းသည့် ၂၀၁၉ ခုနှစ် အစီရင်ခံစာအရ မြန်မာ့တပ်မတော်၏ အရွယ်မရောက်သေးသည့် ကလေးစစ်သားစုဆောင်းမှုကို သိသိသာသာ လျှော့ချရန် ဆက်လက်အားထုတ်ဆောင်ရွက်နေမှုများ၊ အရေးယူဆောင်ရွက်မှုများနှင့် ယခင်နှစ်များက ဖော်ထုတ်တွေ့ရှိခဲ့သည့် ကလေးစစ်သားစုဆောင်းမှုများကို စိစစ်၍ ပြန်လည်လွှတ်ပေးရန် သဘောတူညီမှုများကြောင့် မြန်မာ့တပ်မတော်ကို အရွယ်မရောက်သေးသည့် ကလေးစစ်သားစုဆောင်းမှုစာရင်းမှ ပယ်ဖျက်ပေးခဲ့ပါကြောင်းနှင့် ကလေးသူငယ်များအပေါ် ပြင်းထန်သောချိုးဖောက်မှု ၆ ခုကို ရာဇဝတ်မှုအဖြစ် ဖော်ပြထားသည့် ကလေးသူငယ်အခွင့်အရေးဥပဒေကို မြန်မာနိုင်ငံအစိုးရက အတည်ပြုပြဋ္ဌာန်းခြင်းနှင့် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များပါဝင်မှုနှင့် စပ်လျဉ်းသည့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်၏ နောက်ဆက်တွဲစာချုပ်ကို မြန်မာနိုင်ငံမှ အတည်ပြုပါဝင်ချုပ်ဆိုခဲ့ခြင်းတို့ကို အထွေထွေအတွင်းရေးမှူးချုပ်က ကြိုဆိုပါကြောင်း ဖော်ပြပါရှိသည်ကို တွေ့ရှိရပါသည်။ ထို့ပြင် ပြစ်မှုကျူးလွန်သည့် တပ်မတော်သားများအား စည်းကမ်းထိန်းသိမ်းရေးအရ အရေးယူဆောင်ရွက်ခဲ့မှုများကိုလည်း အထွေထွေအတွင်းရေးမှူးချုပ်က ကြိုဆိုခဲ့ပါသည်။ မြန်မာ့တပ်မတော်ကို ကလေးစစ်သားစုဆောင်းမှုစာရင်းမှ ပယ်ဖျက်ပေးခဲ့ခြင်းသည် ကလေးစစ်သားစုဆောင်းမှု ဖြေရှင်းရေးကိစ္စရပ်အပေါ် တပ်မတော်၏ ကတိကဝတ်ပြုလုပ်ဆောင်မှုများနှင့် မဆုတ်မနစ် အားထုတ်ကြိုးပမ်းဆောင်ရွက်မှုများကို ကုလသမဂ္ဂက ထိုက်သင့်သော အသိအမှတ်ပြုမှုရှိကြောင်း ထင်ရှားစေသည်ကို တွေ့ရှိသကဲ့သို့ အစီရင်ခံစာ၌ ကလေးသူငယ်များကို ပိုမိုအကာအကွယ်ပေးမှုများ ဆောင်ရွက်ပေးရန်အတွက် လုပ်ဆောင်ရန်များ လိုအပ်လျက်ရှိနေသေးကြောင်း ဖော်ပြထားသည်ကိုလည်း မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် သတိပြုမိပါသည်။

ဤကိစ္စနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ တိုးတက်လုပ်ဆောင်မှုများကို ကုလသမဂ္ဂက ဆက်လက်စောင့်ကြည့်လေ့လာသွားမည် ဖြစ်ပါသည်။ ကလေးစစ်သားစုဆောင်းမှုစာရင်းမှ ပယ်ဖျက်ပေးခံရခြင်းသည်လည်း တပ်မတော်၏ ခိုင်မာသည့်ကတိကဝတ်ကို သက်သေပြရာရောက်ပါသည်။ ဤစာရင်းမှ ပယ်ဖျက်မှုတည်မြဲရေးနှင့် အစီရင်ခံစာ၏ နောက်ဆက်တွဲ (၁)၊ အပိုဒ် (က) တွင်ပါရှိသောစာရင်းမှပါ ပယ်ဖျက်ခံရရေးအတွက် တပ်မတော်၏ ခိုင်မာသော ကတိကဝတ်က လက်ရှိဆောင်ရွက်နေမှုများကို စဉ်ဆက်မပြတ် ဆက်လက်လုပ်ဆောင်နိုင်စေမည့်အပြင် အခြားလိုအပ်သည့် ဆောင်ရွက်ချက်များကိုလည်း လုပ်ဆောင်နိုင်စေမည်ဟု မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က မျှော်လင့်ပါသည်။

**မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်**

**ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၉ ရက်**

---

◆ *ရွှေဖုံးမှ*

"ဒီချေးငွေက ကိုဗစ် – ၁၉ ကြောင့် လယ်ယာကဏ္ဍ ထိခိုက်မှုတွေအတွက် တောင်သူလယ်သမားတွေကို ပံ့ပိုးကူညီဖို့၊ လယ်ယာကဏ္ဍ ထုတ်ကုန်ထုတ်လုပ်မှုတိုးတက်စေဖို့နဲ့ ပြည်သူလူထုအတွင်း ငွေကြေးစီးဆင်းလည်ပတ်မှု ကောင်းမွန်စေဖို့ ရည်ရွယ်ပြီး အခုလို ထပ်ဆောင်းထုတ်ချေးတာ ဖြစ်ပါတယ်။ တစ်ဧကကို ငွေကျပ် ငါးသောင်းနှုန်းနဲ့ ချေးသွားမှာ ဖြစ်ပါတယ်။ အတိုးနှုန်းက လက်ရှိ စိုက်ပျိုးစရိတ်ချေးငွေ အတိုးနှုန်းဖြစ်တဲ့ ၅ ရာခိုင်နှုန်းပဲ ဖြစ်ပါတယ်" ဟု ဦးမင်းသူက ပြောသည်။



ဦးဆောင်ညွှန်ကြားရေးမှူး
ဦးမင်းသူ

ယင်းချေးငွေ ငွေကျပ် ဘီလီယံ ၆၀၀ ကို နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးရှိ တောင်သူလယ်သမားများ၏ လယ်ယာဧက ၁၂ သန်းအတွက် ထုတ်ချေးပေးခြင်းဖြစ်ကြောင်း သိရသည်။

ယခု ထပ်ဆောင်းချေးငွေမှာ ယခင်ချေးငွေများကို သတ်မှတ်အချိန်အတွင်း အကျေဆပ်ပြီးသူများသာ အကျုံးဝင်ပြီး တောင်သူတစ်ဦးကို ၁၀ ဧကအထိ ချေးယူခွင့်ပြုသွားမည်ဖြစ် ကြောင်း သိရသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် အနေဖြင့် တောင်သူလယ်သမားများထံသို့ ဆောင်းချေးငွေ ငွေကျပ် ၃၆၂ ဘီလီယံ၊ မိုးကြိုချေးငွေ ၁၈ ဘီလီယံတို့ကို ထုတ်ချေးပေးခဲ့ပြီးဖြစ်ကာ လက်ရှိတွင် မိုးချေးငွေ ငွေကျပ် ၁၄၇၁ ဘီလီယံကို ထုတ်ချေးပေးလျက်ရှိပြီး ဆက်လက်၍ ကိုဗစ်ချေးငွေ ငွေကျပ် ဘီလီယံ ၆၀၀ တို့ကို ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ချေးငွေကို တောင်သူများအနေဖြင့် တစ်နှစ်အတွင်း ပြန်လည်ပေးဆပ်ရမည် ဖြစ်သည်။

"ဒီချေးငွေတွေအပြင် JICA ချေးငွေအနေနဲ့ တောင်သူတစ်ဦးကို သိန်း ၅၀၀ အထိ ချေးပေးနေတဲ့ ချေးငွေလည်း ရှိပါတယ်။ အဲဒီချေးငွေတွေက တောင်သူလယ်သမားတွေအတွက် လယ်ယာသုံးစက်ပစ္စည်းတွေ ဝယ်ဖို့ဆိုပြီး ချေးပေးနေပါတယ်။ လယ်သမားတွေကို ချေးပေးနေတာ ငွေကျပ်ဘီလီယံ ၂၀၀ ရှိနေပါပြီ။ တောင်သူ ၅၀၀၀ ကို ချေးပေးထားပြီးလည်း ဖြစ်ပါတယ်။ ဒီဘီလီယံ ၂၀၀ ကို နှစ်ပေါင်း ၄၀ အထိ ပြန်ဆပ်၊ ပြန်ချေးပုံစံနဲ့ ဆောင်ရွက်ပေးသွားမှာဖြစ်တဲ့အတွက် ရေရှည်မှာ တောင်သူတွေအတွက် ပိုမိုအဆင်ပြေသွားမှာပါ" ဟု ဦးမင်းသူက ပြောသည်။

"ကျွန်တော်တို့ကို လက်ရှိ စိုက်ပျိုးစရိတ်ချေးငွေအဖြစ် ဆောင်းချေးငွေ၊ မိုးကြိုချေးငွေ၊ မိုးချေးငွေနဲ့ ကိုဗစ် ချေးငွေဆိုပြီး ချေးပေးပါတယ်။ အခု ထုတ်ချေးမယ့် ချေးငွေက ကျွန်တော်တို့ တောင်သူတွေရရှိနေတဲ့ စပါးတစ်ဧက တစ်သိန်းခွဲ၊ အခြား သီးနှံ တစ်သိန်းအပြင် ထပ်ဆောင်း ထုတ်ချေးတဲ့ ချေးငွေဖြစ်တဲ့အတွက် ကျွန်တော်တို့တောင်သူတွေအတွက် ပိုမိုအဆင်ပြေပါတယ်" ဟု စလင်းမြို့နယ်မှ တောင်သူ ဦးဇော်ဆန်းဌေးက ပြောသည်။



တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ပေးစဉ်။

"မနှစ်က စပါးနဲ့ အခြားသီးနှံ အပါအဝင် စိုက်ပျိုးစရိတ် ကိုးသိန်း ရပါတယ်။ ကိုဗစ်စဖြစ်တဲ့ အချိန်ကတည်းက ပွဲရုံတွေလည်း ပိတ်ထားတော့ သီးနှံတွေကလည်း မရောင်းရသေးဘူး။ အခုတော့ ပွဲရုံတချို့ ပြန်ဖွင့်နေပြီဖြစ်ပေမယ့် ဈေးက မကောင်းသေးဘူး။ လက်ရှိမှာ မိုးစပါးနဲ့ ဝါ၊ နှမ်းစိုက်ပျိုးဖို့အတွက် လယ်ယာတွေကို ကြိုတင်ပြင်ဆင်နေပါပြီ။ လယ်ယာကြိုတင်ပြင်ဆင်တဲ့ လုပ်ငန်းတွေအတွက် ငွေက လိုနေပြီ။ ငွေကြေးခက်ခဲတဲ့ တောင်သူတွေက အပြင်က ငွေချေးမယ်ဆိုရင် အတိုးနှုန်းက များတယ်။ အစိုးရက ကိုဗစ်ချေးငွေအဖြစ် ထပ်မံ ချေးပေးသွားမယ်ဆိုတော့ တောင်သူတွေအတွက် ပိုပြီးအဆင်ပြေပါတယ်။ အတိုးနှုန်းလည်း နည်းတယ်။ ဒီချေးငွေက တောင်သူတွေအတွက် တစ်ဖက်တစ်လမ်းက အထောက်အကူပြုနိုင်မှာပါ" ဟု တောင်သူ ဦးဇော်ဆန်းဌေးက ဆက်လက်ပြောသည်။

ယခု ထပ်မံထုတ်ချေးမည့် ထပ်ဆောင်းချေးငွေကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ၅၇ ခုနှင့် မြို့နယ် ဘဏ်ခွဲ ၁၅၁ ခုတို့မှ တောင်သူလယ်သမားများထံ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း– မျိုးမင်းနိုင်**
**ဓာတ်ပုံ– မျိုးသူဟိန်း**

---

*စာမျက်နှာ ၇ မှ*

နောက်ထပ်လျှောက်ထားပါက ရနိုင်မည်လားဆိုလျှင် လျှောက်ထားလာသည့် NGO ၏ရည်ရွယ်ချက်၊ ဆောင်ရွက်မည့်စီမံကိန်း အဆိုပြု မြေနေရာ၊ နိုင်ငံတော်နှင့် အများပြည်သူကို အကျိုးပြန်လည်ပေးစွမ်းနိုင်မှုစသည့် အချက်မျိုးများကို အခြေခံပြီး နေပြည်တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် စဉ်းစားသုံးသပ်သွားမည်ကိုလည်း နေပြည်တော်စည်ပင်တာဝန်ရှိသူများက ဖြေကြားထားပြီးဖြစ်ပါကြောင်း။

ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ မြေကွက်ချထားပေးသည့်ကိစ္စ အချက်အလက်များတွင် များစွာချဲ့ကားထားပြီး Dis – Information လုပ်ထားခြင်း တွေ့ရပါကြောင်း၊ ချထားပေးခြင်းမှာ မှန်ကန်ပါကြောင်း၊ သို့သော် ဆိုရှယ်မီဒီယာတွင် ဖော်ပြထားသည့် မြေကွက်အကျယ် ပေ ၇၀၀ x ၅၀၀ ဆိုခြင်းများကို တွက်ကြည့်လိုက်ပါက (၈) ဧကခန့် ရှိနေခြင်းဖြစ်သည့်အတွက် မဖြစ်နိုင်သည့် အတိုင်းအတာများကို မဟုတ်မမှန်ဘဲ ရည်ရွယ်ချက်ရှိရှိ ဖော်ပြနေခြင်းဟု ပြောလိုပါကြောင်း၊ မည်သည့်ရည်ရွယ်ချက်လည်းဆိုလျှင် ၂၀၂၀ ရွေးကောက်ပွဲများ နီးကပ်လာသည့်အချိန်တွင် Dis – Information Campaign လုပ်လာသည့် သဘောပင်ဖြစ်ပါကြောင်း။

ဥတ္တရသီရိမြို့နယ်အတွင်းတွင် မြေ ၂ ဧကရှိသည့် မြေကွက် ၁၀ ကွက်၊ နောက် မြေ ၁ ဧကရှိသည့် မြေကွက် ၆ ကွက်ကို နေပြည်တော်စည်ပင်မှ အကွက်ဖော်ပြီး ပြည်ထောင်စုအဆင့် တာဝန်ထမ်းဆောင်နေကြသည့် ပြည်ထောင်စုဝန်ကြီးနှင့်အထက် နိုင်ငံရေး ရာထူးရှိပုဂ္ဂိုလ်များ လျှောက်ထားလာသူများကို သတ်မှတ်ဈေးနှုန်းဖြင့် ချပေးခြင်း ဖြစ်ပါကြောင်း၊ ထို့ပြင် ဝန်ကြီး၊ ဒုတိယဝန်ကြီးများထဲက လျှောက်ထားလာပါက နေပြည်တော်စည်ပင်က စိစစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်ပြ၍ ချထားပေးသွားမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုအဆင့်ဝန်ကြီး၊ ဒုတိယဝန်ကြီးများသည် နိုင်ငံရေးအရ ခန့်အပ်သည့် Political Appointment ဖြစ်ပါကြောင်း၊ ယင်းသို့ နိုင်ငံရေးရာထူးထမ်းဆောင်ခဲ့ကြသူများ အငြိမ်းစားသွားသည့်အခါ နိုင်ငံတော်က ချီးမြှင့်သည့်အနေဖြင့် ချထားပေးသည့် အစဉ်အလာအတိုင်း ဆောင်ရွက်ပေးခြင်း ဖြစ်ပါကြောင်း၊ တကယ်တမ်း ပြောရမည်ဆိုပါက **မြေကွက်ချပေးခြင်းဆိုသည်မှာ မှန်ကန်ပါကြောင်း၊ သို့သော် ပြောခဲ့သလိုပင် ရည်ရွယ်ချက်ရှိရှိဖြင့် အကျယ်အဝန်းပမာဏကို ၄ ဆ၊ ၅ ဆ ပိုပြီး သတင်းဖွနေခြင်းပင်ဖြစ်**ပါကြောင်း။

နောက်ထပ်လည်း လက်ရှိအစိုးရ လက်ထက်တွင် ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးတာဝန်ထမ်းဆောင်နေသူများကိုလည်း လက်ရှိရာထူးအဆင့်နှင့် မြေကွက်မရရှိသေးသူများ လျှောက်ထားလာလျှင် ချထားပေးနိုင်ရန် နေပြည်တော်စည်ပင်က မြေကွက်များဖော်ဆောင်နေမှုလည်း ရှိပါကြောင်း၊ ထို့ပြင် အငြိမ်းစားဝန်ထမ်းများအတွက် နေပြည်တော်၌ပင် အိပ်ခန်း ၂ ခန်းပါ ၆၅၀ စတုရန်းပေအကျယ်ရှိသည့် တိုက်ခန်းပေါင်း ၃၀၀၀ ကို နေပြည်တော်စည်ပင်က တည်ဆောက်လျက်ရှိပြီး လက်ရှိတွင်လျှောက်လွှာပေါင်း ၉၀၀ ရရှိထားပြီဟု သိရှိရပါကြောင်း၊ ထို့ပြင် နေပြည်တော်နယ်မြေ၌ပင် နိုင်ငံ့ဝန်ထမ်း အငှားအိမ်ရာ တည်ဆောက်ရေးကော်မတီက ပင်စင်စားအငြိမ်းစားဝန်ထမ်းများအတွက် အငှားအိမ်ရာများ တည်ဆောက်နေမှုများ ရှိပါကြောင်း၊ ဝန်ကြီးဌာနအားလုံးမှ အငြိမ်းစားဝန်ထမ်းများထဲမှ အငှားအိမ်ရာလျှောက်ထားလိုသူများ၏စာရင်းကို ကောက်ယူပါကြောင်း၊ လောလောဆယ် အခန်း ၃၀၀ ဆောက်လုပ်ပြီးစီးသဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတွင် မဲဖောက်ပြီး အငှားချထားပေးလျက်ရှိပါကြောင်း၊ အငှားအိမ်ရာစနစ်အနေဖြင့် (၅) နှစ် အငှားစာချုပ်ဖြင့် တစ်လလျှင် မြေညီထပ် ငွေကျပ် ၃၀၀၀၀၊ အထက်တက်သွားပါက ငွေကျပ် ၂၈၀၀၀၊ ၂၇၀၀၀ နှုန်းထားဖြင့် ငှားရမ်းပေးပါကြောင်း၊ (၅)နှစ်ကျော်၍ ဆက်ပြီးငှားချင်ပါက ဆက်ပြီးအငှားစာချုပ် သက်တမ်းတိုးသွားရန် ဖြစ်ပါကြောင်း၊ လာမည့် စက်တင်ဘာလတွင် နောက်ထပ် အငှားအိမ်ရာ အခန်း ၁၀၀ ဆောက်လုပ်ပြီးစီးပါကလည်း မဲစနစ်ဖြင့် ချထားပေးသွားမည်ဖြစ်ပါကြောင်း၊ ထပ်မံ၍လည်း အခန်းပေါင်း ၁၀၀၀၀ လောက်အထိ ဘတ်ဂျက်တောင်းခံပြီး တည်ဆောက်သွားရန် စီစဉ်ထားပါကြောင်း၊ ထို့ပြင် အငြိမ်းစားယူတော့မည့် ဝန်ထမ်းများအတွက်လည်း နေခြင်းရေးမပူပင်စေရန် အခြားနည်းလမ်းများကို စဉ်းစားသုံးသပ်နေမှုများလည်း ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

**သတင်း– နိုင်မျိုးအောင်**
**ဓာတ်ပုံ– ကျော်ရဲဆွေ**

---

❑ *ကျောဖုံးမှ*

ကော်တင်ဟိုသည် ပရီမီယာလိဂ်သို့ ပြန်လည်ပြောင်းရွှေ့ဖွယ်ရှိကြောင်း သိရသည်။ ၎င်းသည် ၂၀၁၈ ခုနှစ် ဇန်နဝါရီတွင် စပိန်နာမည်ကြီး ဘာစီလိုနာအသင်းသို့ ပေါင် ၁၄၂ သန်းဖြင့် မပြောင်းရွှေ့မီ လီဗာပူးအသင်းတွင် ငါးနှစ်ကြာ ဖြတ်သန်းခဲ့သူဖြစ်သည်။

ပရီမီယာလိဂ်အသင်း အများအပြားကလည်း ကော်တင်ဟိုကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။ ဘိုင်ယန်မြူးနစ်အသင်းသည် ချန်ပီယံလိဂ် ၁၆ သင်းအဆင့်တွင် ချယ်လ်ဆီးအသင်းနှင့် ဒုတိယအကျော့ ယှဉ်ပြိုင်ကစားရန် ကျန်ရှိနေသေးကြောင်း သိရသည်။

**အောင်ဇော်**

# တောင်အာရှနိုင်ငံအချို့တွင် ကိုဗစ်– ၁၉ ကူးစက်မှု မြင့်တက်လာ

**ဟောင်ကောင် ဇွန် ၁၉**

အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအပါအဝင် တောင်အာရှနိုင်ငံများတွင် ကိုဗစ်– ၁၉ ကူးစက်မှုများ မြင့်တက်လာခဲ့ကြောင်းနှင့် ကန့်သတ်မှုများ လျှော့ချလိုက်ပြီးနောက် ပါကစ္စတန်နိုင်ငံတွင်လည်း ကိုဗစ်–၁၉ ကူးစက်မှု ပြန်လည်မြင့်တက်လာခဲ့ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။

### ပါကစ္စတန်

ပါကစ္စတန်နိုင်ငံတွင် ကိုဗစ်– ၁၉ ကြောင့် သေဆုံးသူပေါင်း ၃၀၉၃ ဦးအထိ ရောက်ရှိလာပြီး ကိုဗစ်– ၁၉ ခတ်ခဲ့အတည်ပြုလူနာပေါင်း ၁၆၀၁၁၈ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

စီးပွားရေး ပြန်လည်ဦးမော့ရန်နှင့် အခြေခံလူတန်းစားများအတွက် ကန့်သတ်ပိတ်ဆို့မှုများ ပြန်လည်ဖွင့်ပေးလိုက်ပြီးနောက် ပါကစ္စတန်နိုင်ငံတွင် ကိုဗစ်– ၁၉ ကူးစက်မှုများ ပြန်လည်မြင့်တက်လာသည်။

ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ရှာမာမွတ်ကျူရက်ရှီက ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဆာဂျီ လက်ဗ်ရော့ဗ်ကို ကိုဗစ်–၁၉ ကူးစက်ပျံ့နှံ့မှုနှင့် ဒေသတွင်းပြဿနာများကို ဖုန်းဖြင့်ဆွေးနွေးခဲ့ကြကြောင်း ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

### ဘင်္ဂလားဒေ့ရှ်

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်လည်း ကိုဗစ်– ၁၉ ထပ်မံကူးစက်ခံရသူပေါင်း ၃၈၀၃ ဦးနှင့် အတူ စုစုပေါင်း ၁၀၂၉၂ ဦး မြင့်တက်လာခဲ့ကြောင်းနှင့် သေဆုံးသူမှာလည်း ၁၃၄၃ ဦး ရှိခဲ့သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ဝန်း လွန်ခဲ့သော ၂၄ နာရီအတွင်း အသစ်ထပ်မံသေဆုံးသူ စုစုပေါင်း ၃၈ ဦးရှိခဲ့ကြောင်း အဆင့်မြင့် ကျန်းမာရေးဝန်ကြီးဌာနအရာရှိတစ်ဦးဖြစ်သူ ပါမောက္ခနာဆီမာ ဆော်လ်တာနာက ပြောကြားလိုက်သည်။




ပါကစ္စတန်နိုင်ငံ ကရာချိမြို့တွင် ကိုဗစ်–၁၉ ပျံ့နှံ့မှုကိုအကြောင်းပြု၍ ပိတ်ထားသောကျောင်းများ ပြန်ဖွင့်ပေးရန် ဆရာများက ဇွန် ၁၀ ရက်က ဆန္ဒထုတ်ဖော်နေစဉ်။

### မလေးရှား

မလေးရှားတွင်လည်း ကိုဗစ်– ၁၉ အသစ် ထပ်မံဖြစ်ပွားသူ ၁၄ ဦးရှိ လာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်– ၁၉ ဖြစ်ပွားသူ ၈၅၂၉ ဦး ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားလိုက်သည်။ ကိုဗစ်– ၁၉ အသစ်ထပ်မံဖြစ်ပွားသူ ၁၄ ဦးအနက် သုံးဦးမှာ နိုင်ငံခြားမှ ပြန်လာသူများဖြစ်ပြီး ပြည်တွင်း ကူးစက်သူများအနေဖြင့် နိုင်ငံခြားသားခုနစ်ဦးနှင့် မလေးလူမျိုး လေးဦးတို့ဖြစ်ကြောင်း သိရသည်။

### ကမ္ဘောဒီးယား

ကမ္ဘောဒီးယားနိုင်ငံတွင်လည်း နိုင်ငံခြားမှ ပြန်လာသူတစ်ဦးတွင် ကိုဗစ်– ၁၉ ပိုးတွေ့ရှိခဲ့ပြီး စုစုပေါင်း ကိုဗစ်– ၁၉ ဖြစ်ပွားသူအရေအတွက် ၁၂၉ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

### အင်ဒိုနီးရှား

အင်ဒိုနီးရှားနိုင်ငံတွင်လည်း တစ်နေ့တည်း ကိုဗစ်– ၁၉ ကူးစက်ခံရသူ ၁၃၃၁ ဦးရှိခဲ့ကာ စုစုပေါင်း ကိုဗစ်– ၁၉ ကူးစက်ခံရသူများမှာ ၄၂၇၆၇ ဦးရှိခဲ့ပြီး သေဆုံးနှုန်းမှာလည်း ၂၃၃၉ ဦးအထိ မြင့်တက်လာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန အရာရှိတစ်ဦးဖြစ်သူ အာမက်ယူရီရန်တိုက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။

### ဖိလစ်ပိုင်

ဖိလစ်ပိုင်နိုင်ငံတွင်လည်း ကိုဗစ်– ၁၉ ထပ်မံကူးစက်ခံရသူ ၅၆၂ ဦးရှိကြောင်း ဖော်ပြပြီးနောက် စုစုပေါင်း ကိုဗစ်– ၁၉ ကူးစက်ခံရသူပေါင်း ၂၇၇၉၉ ဦး ဖြစ်လာခဲ့သည်။ ကိုဗစ်– ၁၉ မှ ပြန်လည်ကောင်းမွန်လာသူ ၂၇၀ နှင့်အတူ စုစုပေါင်း ၇၀၉၀ ဖြစ်လာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားလိုက်သည်။

### တောင်ကိုရီးယား

တောင်ကိုရီးယားနိုင်ငံတွင်လည်း နောက်ထပ်ကူးစက်ခံရသူပေါင်း ၅၉ ဦးရှိသည်ဟု သတင်းဖော်ပြလိုက်ပြီးနောက် စုစုပေါင်း ကိုဗစ်– ၁၉ ကူးစက်ခံရသူ ၁၂၂၅၇ ဦး ရှိကြောင်း သိရသည်။ ခြောက်ရက်အတွင်း နေ့စဉ် ကိုဗစ်– ၁၉ ကူးစက်ခံရသူပေါင်း ၅၀ ကျော်လာခဲ့သည်။ ကိုဗစ်– ၁၉ ကူးစက်မှုအနည်းငယ်သည် လူစုလူဝေးများနှင့် ဆက်စပ်မှုရှိကြောင်း သိရသည်။

### နယူးဇီလန်

နယူးဇီလန်နိုင်ငံတွင်လည်း ယခုသီတင်းပတ်အစောပိုင်းတွင် ကိုဗစ်– ၁၉ အတည်ပြုလူနာ နှစ်ဦးရှိကြောင်း ဖော်ပြပြီးနောက် နောက်ထပ် ကိုဗစ်–၁၉ ဖြစ်ပွားသူ တစ်ဦးရှိကြောင်း ထပ်မံဖော်ပြလိုက်သည်။

အဆိုပါ ကိုဗစ်–၁၉ ဖြစ်ပွားသူမှာ ပါကစ္စတန်မှ ခရီးသွားတစ်ဦးဖြစ်သည်။ ကိုဗစ်– ၁၉ ဖြစ်စဉ်များနှင့် ပတ်သက်ပြီး ပြည်သူများ ဝမ်းနည်းရသလို ယုံကြည်ချက်များ လျော့ရဲလာသည့်အပေါ် ကျန်းမာရေးဝန်ထမ်းတစ်ဦးက တောင်းပန်စကား ပြောကြားလိုက်သည်။ **ဆင်ဟွာ**

# ဂျပန်-တောင်ကိုရီးယားကုန်သွယ်ရေး အငြင်းပွားမှုကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ကြားနာမည်

**ဆိုးလ် ဇွန် ၁၉**

ဂျပန်နိုင်ငံ၏ စက်မှုပစ္စည်းအချို့အပေါ် တင်းကျပ်သည့် ပို့ကုန်ထိန်းချုပ်မှုအပေါ် ပြန်လည်သုံးသပ်မှုများ လုပ်ဆောင်ရန် ကုန်သွယ်ရေးအငြင်းပွားမှု ဖြေရှင်းပေးမည့် အဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းပေးရန် တောင်ကိုရီးယားနိုင်ငံက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကို တောင်းဆိုလိုက်ကြောင်း နိုင်ငံတကာ သတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။

အဆိုပါ တောင်းဆိုမှုကို တောင်ကိုရီးယားနိုင်ငံက ဇွန် ၁၈ ရက်တွင် ပြုလုပ်ခြင်းဖြစ်သည်။ ဂျပန်နိုင်ငံက အဆိုပါ အငြင်းပွားမှုအပေါ် ဖြေရှင်းရန် ဆန္ဒရှိပုံမပေါ်ဟု ပြောဆိုခံနေရသည်။



တောင်ကိုရီးယားနိုင်ငံ သမ္မတ မွန်ဂျေအင်းကို တွေ့ရစဉ်။

ဂျပန်နိုင်ငံက တောင်ကိုရီးယားနိုင်ငံသို့ ဦးတည်ပို့ဆောင်သည့် ပို့ကုန်အမယ်သုံးမျိုးအပေါ် လွန်ခဲ့သည့်နှစ် ဇူလိုင်လက တင်းကျပ်သည့် ပို့ကုန်ထိန်းချုပ်မှု ပြုလုပ်လိုက်ချိန်ကတည်းက နှစ်ဖက်အစိုးရများသည် နှစ်နိုင်ငံဆွေးနွေးသည့် နည်းလမ်းဖြင့် အဆိုပါအရေးကို ဖြေရှင်းရန် ကြိုးစားခဲ့သည်။

ဂျပန်နိုင်ငံက တင်းကျပ်သည့် ပို့ကုန်ထိန်းချုပ်မှု ပြုလုပ်လိုက်သည့် ပစ္စည်းများမှာ နည်းပညာထုတ်ကုန်များဖြစ်ပြီး တစ်ပိုင်းလျှပ်ကူးပစ္စည်းများလည်း ပါဝင်သည်။

တောင်ကိုရီးယားနိုင်ငံက အဆိုပါကိစ္စသည် နိုင်ငံတကာကုန်သွယ်ရေး စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်ခြင်းဖြစ်သည်ဟု ပြောကြားလိုက်ချိန်တွင် ဂျပန်နိုင်ငံကလည်း လုံခြုံရေးဆိုင်ရာ အကြောင်းပြချက်အတွက် ယခုလို ပြုလုပ်ခြင်းဖြစ်ကြောင်း ပြောသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့က ယင်းကိစ္စကို လာမည့် ဇွန် ၂၉ ရက် အစည်းအဝေးတွင် ဆုံးဖြတ်မည်ဟု ခန့်မှန်းရသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့က ကုန်သွယ်ရေးဆိုင်ရာ အငြင်းပွားမှုကို အဆုံးအဖြတ်ပေးမည့် အဖွဲ့တွင် အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံချင်းစီမှ အဖွဲ့ဝင်တစ်ဦးစီ ပါဝင်ရမည်ဖြစ်ကြောင်း သတ်မှတ်ထားသည်။

ဂျပန်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့သည် ကုန်သွယ်ရေးဆိုင်ရာ အငြင်းပွားမှု အဆုံးအဖြတ်ပေးမည့် အဖွဲ့၏ တွေ့ရှိချက်များနှင့် ပတ်သက်ပြီး ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အယူခံဝင်ခြင်းများနှင့် ဆိုင်သော အဖွဲ့အစည်းသို့ အယူခံဝင်နိုင်သည်။

သို့သော်လည်း အဆိုပါအဖွဲ့အစည်းသည် အဆုံးအဖြတ်ပေးမည့် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် ပျက်ကွက်ပါက လုပ်ငန်းဆောင်တာများ မလုပ်ဆောင်နိုင်ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

# အယ်လ်ခိုင်ဒါအဖွဲ့၏ မြောက်အာဖရိကခေါင်းဆောင်သေဆုံး

**ထရီပိုလီ ဇွန် ၁၉**

အယ်လ်ခိုင်ဒါအဖွဲ့၏ မြောက်အာဖရိက ခေါင်းဆောင်တစ်ဦးဖြစ်သူ အက်ဒယ်လ်မာလက် ဒရောက်ဒယ်သေဆုံးသွားပြီဖြစ်ကြောင်း အကြမ်းဖက်အုပ်စုများအား စောင့်ကြည့်လေ့လာနေသည့် အမေရိကန်အဖွဲ့တစ်ဖွဲ့ဖြစ်သော ဆိုက်အမည်ရ အဖွဲ့တစ်ဖွဲ့က ပြောကြားလိုက်သည်။

ပြင်သစ်နိုင်ငံက ယခုလအစောပိုင်းတွင် ၎င်း၏ တပ်ဖွဲ့များသည် ဒရောက်ဒယ်ကို အယ်လ်ဂျီးရီးယားနယ်စပ်အနီး မာလီမြောက်ပိုင်းတွင် သုတ်သင်လိုက်ခြင်းဖြစ်ကြောင်း ပြောကြားလိုက်သည်။ အဆိုပါ နေရာသည် အကြမ်းဖက်သမားများခြေကုပ်ယူပြီး ဗုံးဖောက်ခွဲခြင်းနှင့် အနောက်နိုင်ငံသားများကို ပြန်ပေးဆွဲခြင်းများပြုလုပ်ရာ နေရာတစ်ခုဖြစ်သည်။

အယ်လ်ခိုင်ဒါအဖွဲ့သည် ၁၉၉၀ ပြည့်နှစ် နှောင်းပိုင်းတွင် ပေါ်ပေါက်လာသော အဖွဲ့တစ်ဖွဲ့ဖြစ်သည်။ အဆိုပါအဖွဲ့သည် ဆာဟယ်ဒေသတစ်လျှောက်တွင် တပ်ဖွဲ့ဝင်များနှင့် အရပ်သားများကို တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။

ဒရောက်ဒယ်သေဆုံးခြင်းသည် အယ်လ်ဂျီးရီးယား၏ နံပါတ်တစ် ရန်သူ သေဆုံးခြင်းဖြစ်ကြောင်း ပြင်သစ်စစ်ဘက်ဆိုင်ရာ သတင်းရင်းမြစ်တွင် ဖော်ပြလိုက်သည်။ ဥပဒေမဲ့လုပ်ရပ်များကို စိတ်ထင်တိုင်းလုပ်ကိုင်နိုင်သော အဆိုပါဒေသတွင် ဂျီဟတ်တပ်ဖွဲ့ဝင်များကို သုတ်သင်ရန် ပြင်သစ်နိုင်ငံသည် တပ်ဖွဲ့ဝင် ၅၀၀၀ ကို တပ်ဖြန့်ချထားခဲ့သည်။ **ဆင်ဟွာ**



အယ်လ်ခိုင်ဒါအဖွဲ့၏ မြောက်အာဖရိကခေါင်းဆောင် တစ်ဦးဖြစ်သူ အက်ဒယ်လ်မာလက် ဒရောက်ဒယ်။

# အမေရိကန်သမ္မတထရမ့် ပြန်လည်ရွေးကောက်ခံရရေးကိုသာ အာရုံစိုက်နေသည်ဟု ဂျွန်ဘော်တန်ပြော

**ဝါရှင်တန် ဇွန် ၁၉**

အမေရိကန် အမျိုးသားလုံခြုံရေးအကြံပေးဟောင်း ဂျွန်ဘော်တန်က အမေရိကန်သမ္မတ ထရမ့်အား အဘက်ဘက်မှ ဝေဖန်ပြောဆိုခဲ့သည်။

လွန်ခဲ့သောနှစ်က မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနှင့် သမ္မတထရမ့်တို့ တွေ့ဆုံစဉ်ကလည်း သမ္မတထရမ့်သည် ဆွေးနွေးပွဲအကြောင်းအရာများထက် ဓာတ်ပုံရိုက်ရေးကိစ္စကိုသာ ပိုပြီးအလေးထားကြောင်း ဂျွန်ဘော်တန်ကပြောကြားသည်။

ထရမ့်မှာပြန်လည်ရွေးကောက်ခံရရေးကိုသာ အာရုံစူးစိုက်လွန်းနေကြောင်း ဂျွန်ဘော်တန်က အေဘီစီသတင်းဌာနနှင့် အင်တာဗျူးတွင် ပြောကြားသည်။

ဂျွန်ဘော်တန်သည် လွန်ခဲ့သည့်နှစ် စက်တင်ဘာလမတိုင်မီအချိန်အထိ အမျိုးသားလုံခြုံရေးအကြံပေးအဖြစ် လုပ်ကိုင်ခဲ့ပြီး ယခုလနှောင်းပိုင်းတွင် စာအုပ်ထွက်ရှိရန် စီစဉ်ထားသည်။

၎င်း၏စာအုပ်ထဲတွင် သမ္မတထရမ့်မှာ လာမည့်နိုဝင်ဘာလတွင်ကျင်းပမည့် ရွေးကောက်ပွဲအနိုင်ရရှိရေးအတွက် အမေရိကန်လယ်ယာထွက်ကုန်ပစ္စည်းများ ဝယ်ယူရန် တရုတ်သမ္မတရှီကျင့်ဖျင်ကို ထပ်ခါထပ်ခါ တောင်းဆိုခဲ့သည်ဟု ဖော်ပြထားသည်။ **အင်န်အိတ်ချ်ကေ**

# အီရတ်နိုင်ငံမြောက်ပိုင်းတွင် တူရကီတို့ကထိုးစစ်များ အဆက်မပြတ်ဆင်နွှဲနေသည်ကို ဆန့်ကျင်ကန့်ကွက်ရန် အီရတ်နိုင်ငံခြားရေးဝန်ကြီးဌာနက တူရကီသံအမတ်ကြီးအား ဆင့်ခေါ်

ဘဂ္ဂဒက် ဇွန် ၁၉

**အီရတ်နိုင်ငံခြားရေးဝန်ကြီးဌာနက အီရတ်နိုင်ငံမြောက်ပိုင်းရှိ ကာ့ဒ်အလုပ်သမားပါတီ၏နေရာများကို တူရကီက ထိုးစစ်များ အဆက်မပြတ် ဆင်နွှဲနေမှုနှင့် ပတ်သက်ပြီး ယင်းအပေါ် ကန့်ကွက်စာပေးရန် တူရကီသံအမတ်ကြီးကို ဇွန် ၁၈ ရက်က နှစ်ကြိမ်မြောက် ဆင့်ခေါ်လိုက်သည်။**

နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် တူရကီတပ်ဖွဲ့များက အီရတ်၏ အချုပ်အခြာပိုင်နက်ကို ချိုးဖောက်ပြီး အဆက်မပြတ်တိုက်ခိုက်မှုပြုလုပ်နေသည့် အပေါ် အပြင်းထန်ဆုံးစကားလုံးများဖြင့် ပြစ်တင်ရှုတ်ချထားသည်။

ထို့အပြင် ထိုကဲ့သို့ ကျူးကျော်ရန်စသည့် လုပ်ရပ်များကို ရပ်တန့်ကရပ်ရန်လည်း ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။ ထို့အပြင် တူရကီတပ်ဖွဲ့များအား အီရတ်အချုပ်အခြာပိုင်နက်နယ်မြေမှ ဆုတ်ခွာရန်လည်း ဆက်လက်တောင်းဆိုထားသည်။

အီရတ်နိုင်ငံသည် ၎င်း၏တရားဝင်အခွင့်အရေးအားလုံးကိုရရှိရန် လုပ်ဆောင်စရာရှိသည်များကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်းနှင့် အဆိုပါ ဆောင်ရွက်ချက်များတွင် ၎င်း၏ အချုပ်အခြာပိုင်နက်ကို ကာကွယ်ခြင်းနှင့် အီရတ်ပြည်သူများ ဘေးကင်းလုံခြုံခြင်းများ ပါဝင်သည်။

ထို့အပြင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၊ ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများကို ၎င်းတို့၏ တာဝန်ဝတ္တရားများအား လုပ်ဆောင်ရန်လည်း အဆိုပါ ထုတ်ပြန်ချက်တွင် ထပ်မံတောင်းဆိုထားသည်။

ဇွန် ၁၆ ရက်ကလည်း အီရတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ဘဂ္ဂဒက်ဆိုင်ရာ တူရကီသံအမတ်ကြီးအား ဆင့်ခေါ်လိုက်ပြီး အီရတ်နိုင်ငံမြောက်ပိုင်း ပီကေကေနေရာများကို လေကြောင်း တိုက်ခိုက်မှုများပြုလုပ်သည့်အပေါ် ရှုတ်ချသည့် စာတစ်စောင်ပေးအပ်ခဲ့သည်။

တူရကီအထူးတပ်ဖွဲ့များသည် ပီကေကေတပ်ဖွဲ့များကို တိုက်ခိုက်ရန် အီရတ်နိုင်ငံ ဒူဟော့ခ်ပြည်နယ်ရှိ ဟာ့ဖ်တာနင်ဒေသတွင် လေကြောင်းစစ်ဆင်ရေးများ ဆောင်ရွက်ခဲ့သည်။ ကွန်မန်ဒိုများက ရဟတ်ယာဉ်များနှင့် ဒရုန်းများဖြင့် ပံ့ပိုးပေးခဲ့ကြောင်း တူရကီနိုင်ငံ၏ထုတ်ပြန်ချက်တွင် ဖော်ပြလိုက်သည်။

တူရကီတပ်ဖွဲ့ဝင်များသည် အီရတ်မြောက်ပိုင်းရှိ ပီကေကေစစ်သွေးကြွများကို တိုက်ခိုက်ရန် မကြာခဏစစ်ဆင်ရေးများ ဆောင်ရွက်လေ့ရှိသည်။

ပီကေကေကို တူရကီ၊ အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂတို့က အကြမ်းဖက်အဖွဲ့အဖြစ်သတ်မှတ်ထားသည်။

ဆင်ဟွာ



တူရကီကာကွယ်ရေးဝန်ကြီး ဟူလူစီအကာက စစ်ဆင်ရေးဆောင်ရွက်နေစဉ်အတွင်း လမ်းကြောင်းအခြေပြမြေပုံတစ်ပုံကို ကြည့်ရှုနေစဉ်။

## နယူးယောက်တွင် ကိုဗစ်-၁၉ ကူးစက်မှုများ တစ်ကျော့ပြန်မြင့်တက်လာမည်ကို စိုးရိမ်ဟု နယူးယောက်ပြည်နယ် အုပ်ချုပ်ရေးမှူးပြောကြား

**နယူးယောက် ဇွန် ၁၉**

အမေရိကန် အခြားသောနေရာများတွင် ကိုဗစ် -၁၉ ကူးစက်မှု မြင့်တက်လျက်ရှိရာ နယူးယောက်တွင်လည်း တစ်ကျော့ပြန်မြင့်တက်လာမည်ကို နယူးယောက်ပြည်နယ် အုပ်ချုပ်ရေးမှူး အန်ဒရူးကိုမိုက စိုးရိမ်လျက်ရှိကြောင်း ပြောသည်။

တက္ကဆက်၊ ဖလော်ရီဒါ၊ အရီဇိုးနားပြည်နယ်နှင့် တောင်ကာရိုလိုင်းနားပြည်နယ်တို့တွင် ကိုဗစ် - ၁၉ နေ့စဉ်ကူးစက်မှုစာရင်းမှာ မြင့်တက်လျက်ရှိသည်။ ကိုဗစ်-၁၉ ကူးစက်ခံရသူစာရင်းမှာ တက္ကဆက်ပြည်နယ်တွင် ကူးစက်ခံရသူ ၃၅၁၆ ဦးရှိပြီး ဖလော်ရီဒါတွင် ၃၂၀၇ ဦး၊ အရီဇိုးနားတွင် ၂၅၁၉ ဦးတို့ အသီးသီးရှိနေကြသည်။

ပြည်နယ်အများစုတွင် စီးပွားရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်ခွင့်ပြုပြီးနောက်တွင် ကူးစက်ခံရသူအရေအတွက်မှာ တစ်ရှိန်ထိုးမြင့်တက်လာခဲ့သည်။ ကျွမ်းကျင်ပညာရှင်များက စီးပွားရေးလုပ်ငန်းများ လျင်မြန်စွာ ပြန်လည်စတင်ခြင်းကို သတိပေးမှုများလုပ်ဆောင်ခဲ့သော်လည်း တက္ကဆက်၊ ဖလော်ရီဒါတို့မှ အုပ်ချုပ်ရေးမှူးများသည် ပြည်နယ်အတွင်း စီးပွားရေးလုပ်ငန်းများ ဆိုင်းငံ့သွားမည်မဟုတ်ဟု ပြောဆိုကြသည်။

ကိုဗစ် - ၁၉ ရောဂါ ကိုင်တွယ်ဖြေရှင်းရေးနှင့် ပတ်သက်ပြီး အမေရိကန်သမ္မတထရမ့် အစိုးရအဖွဲ့ကို ကိုမိုက ဇွန် ၁၈ ရက်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ဝေဖန်ပြောကြားသည်။ စီးပွားရေးလုပ်ငန်းများ ပြန်လည်စတင်ရန် ဗဟိုအစိုးရ၏ ညွှန်ကြားမှုများသည် နိုင်ငံရေးမူဝါဒသာဖြစ်ပြီး သိပ္ပံပညာနှင့် အချက်အလက်များကို အခြေမခံကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကိုဗစ် -၁၉ ကူးစက်မှုမြင့်မားနေသည့် ပြည်နယ်များမှ လာသည့်လူများကို သီးခြားခွဲခြားထားရန် ကိုမိုအား ကျွမ်းကျင်ပညာရှင်များက အကြံပေးထားသည်။ အခြားပြည်နယ်များမှလာသော ခရီးသွားများထံမှ ကိုဗစ် -၁၉ နယူးယောက်တွင် ပျံ့နှံ့လာမည်ကို စိုးရိမ်ကြောင်းလည်း ၎င်းကပြောကြားသည်။

အင်န်အိတ်ချ်ကေ

## ပစ်မှတ်ထားကာ ဆိုက်ဘာတိုက်ခိုက်ခြင်းခံရဟု ဩစတြေးလျပြော

**ဆစ်ဒနီ ဇွန် ၁၉**

ဩစတြေးလျအစိုးရသည် ဆိုက်ဘာတိုက်ခိုက်မှုများနှင့် ရင်ဆိုင်ခဲ့ရပြီး ယင်းဆိုက်ဘာတိုက်ခိုက်ခံရမှုကို ရည်ရွယ်ကြံစည်ထားသည့် တိုက်ခိုက်မှုလုပ်ရပ်ဟု ဝန်ကြီးချုပ် စကော့မောရစ်ဆန်က ပြောဆိုသည်။

ဇွန် ၁၉ ရက်က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် စကော့မောရစ်ဆန်က ဆိုက်ဘာတိုက်ခိုက်ခံရမှု အကြောင်းကို ပြောကြားခဲ့ပြီး ကဏ္ဍအသီးသီးရှိ ဩစတြေးလျအဖွဲ့အစည်းများကို ပစ်မှတ်ထားကာ တိုက်ခိုက်ခံရကြောင်း အစိုးရလုပ်ငန်းများ၊ နိုင်ငံရေးအဖွဲ့အစည်းများ၊ ပညာရေး၊ ကျန်းမာရေး မရှိမဖြစ်လိုအပ်သည့် ဝန်ဆောင်မှုလုပ်ငန်းများကို ဆိုက်ဘာတိုက်ခိုက်ခံရကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။

မည်သည့်စီးပွားရေးလုပ်ငန်း သို့မဟုတ် အေဂျင်စီသည် ဆိုက်ဘာတိုက်ခိုက်ခံရသည်ကိုမူ အတိအကျပြောမသွားခဲ့ပေ။ ယခုဆိုက်ဘာ တိုက်ခိုက်ခံရမှု၏ နောက်ကွယ်မှ အဖွဲ့အစည်းနှင့် ပတ်သက်ပြီး မည်သည့်နိုင်ငံကို သံသယရှိကြောင်းကိုလည်း ပြောကြားသွားခြင်းမရှိပေ။

ယခုတစ်ကြိမ် တိုက်ခိုက်ခံရမှုမှာ လွန်စွာထင်ရှားသည့် စွမ်းရည်များဖြင့် နိုင်ငံအခြေစိုက် တိုက်ခိုက်မှုပင်ဖြစ်ကြောင်း၊ ယခုကဲ့သို့ တိုက်ခိုက်မှုမျိုးပြုလုပ်နိုင်သည့် အဖွဲ့အစည်းမှာ များများစားစားမရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဆိုက်ဘာတိုက်ခိုက်ခံရမှုမှာ ယခုတစ်ကြိမ်မှ တိုက်ခိုက်ခံရခြင်းမဟုတ်ကြောင်း၊ ယင်းကဲ့သို့ခြိမ်းခြောက်မှုမှာ ဩစတြေးလျက ပုံမှန်ကြုံတွေ့နေကျဖြစ်ကြောင်း၊ တိုက်ခိုက်ခံရသည့် အကြိမ်အရေအတွက်မှာ များပြားလာသည့်အတွက် ထုတ်ဖော်ပြောကြားခြင်းဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။

သည်ဂါဒီးယန်း



သတင်းစာရှင်းလင်းပွဲပြုလုပ်နေသည့် ဩစတြေးလျဝန်ကြီးချုပ် စကော့မောရစ်ဆန်ကို တွေ့ရစဉ်။

## ယခုသီတင်းပတ်အစောပိုင်း ကူးစက်မှုသုံးခု တွေ့ရှိပြီးနောက် နယူးဇီလန်တွင် နောက်ထပ် ကိုဗစ် - ၁၉ ကူးစက်ခံရသူ မတွေ့ရှိ

**ဝယ်လင်တန် ဇွန် ၁၉**

ယခုသီတင်းပတ် အစောပိုင်းတွင် နယူးဇီလန်နိုင်ငံ၌ ကိုဗစ် -၁၉ ကူးစက်ခံရမှုသုံးခု ထပ်မံတွေ့ရှိခဲ့ပြီးနောက်တွင် နောက်ထပ်ကူးစက်မှု မတွေ့ရှိရသေးကြောင်း သိရသည်။

ဇွန် ၁၉ ရက်က ကိုဗစ် -၁၉ ရှိ မရှိ စစ်ဆေးမှုများကို အရှိန်တိုးမြှင့်လုပ်ဆောင်ခဲ့ပြီး ကူးစက်ခံရသူသုံးဦးနှင့် ထိတွေ့ခဲ့သူများ၊ လေယာဉ်အတူ စီးခဲ့သူများနှင့် သီးခြားခွဲထားသည့် လူများအားလုံး အပါအဝင် စုစုပေါင်း ၆၂၃၇ ဦးအထိ စစ်ဆေးပေးနိုင်သည်ဟု ကျန်းမာရေး ညွှန်ကြားရေးမှူးချုပ် အက်ရှ်ဘလွန်းဖီးက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

နယူးဇီလန်နိုင်ငံသည် လိုအပ်လာပါက တစ်နေ့လျှင် လူပေါင်း ၁၂၀၀၀ ကျော်အထိ စစ်ဆေးမှုပြုလုပ်နိုင်ကြောင်း ၎င်းက ဆက်လက် ပြောကြားခဲ့သည်။ ကိုဗစ် -၁၉ စမ်းသပ်တွေ့ရှိခဲ့သူ နှစ်ဦးမှာ အော့ကလန်မှ ဝယ်လင်တန်သို့ သီးခြားကန့်သတ်ထားသည့် ကာလ ၁၄ ရက် မပြည့်မီ လွှတ်ပေးလိုက်သည့် နှစ်ဦးဖြစ်ကာ ယင်းနှစ်ဦးနှင့် ပတ်သက်သည့် လူပေါင်း ၄၀၁ ဦးကို ခြေရာခံလိုက်နိုင်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဇွန် ၉ ရက်မှ ၁၆ ရက်အထိ အသွားအလာကန့်သတ်ထားသည့် နေရာမှ လူပေါင်း ၁၆၅၅ ဦးကို ဆေးစစ်မှုပြုလုပ်ပြီး ပြန်ခွင့်ပေးလိုက်ပြီ ဖြစ်ကြောင်းလည်း ဘလွန်းဖီးက ရှင်းလင်းပြောကြားသည်။

ဆင်ဟွာ



စာမေးပွဲဖြေဆိုရန် ကျောင်းဝင်း၌တန်းစီနေကြသည့် အိန္ဒိယကျောင်းသားများကို တွေ့ရစဉ်။

## အိန္ဒိယတွင် တစ်ရက်အတွင်း ကိုဗစ် -၁၉ ကူးစက်ခံရသူ တစ်သောင်းကျော် တွေ့ရှိ

**နယူးဒေလီ ဇွန် ၁၉**

အိန္ဒိယနိုင်ငံတွင် ဇွန် ၁၉ ရက် တစ်ရက်အတွင်း ကိုဗစ် -၁၉ ကူးစက်ခံရသူ စံချိန်တင်မြင့်တက်ခဲ့ပြီး အသစ်ကူးစက်ခံရသူ ၁၃၅၈၆ ဦးအထိ တွေ့ရှိခဲ့ရကြောင်း သိရသည်။

ထို့ကြောင့် စုစုပေါင်းကူးစက်ခံရသူ အရေအတွက်မှာ ၃၈၀၅၃၂ ဦးအထိရှိကာ နောက်ထပ် ၃၃၆ ဦး ထပ်မံသေဆုံးခဲ့သည့်အတွက် သေဆုံးသူအရေအတွက် ၁၂၅၇၃ ဦးအထိ မြင့်တက်ခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ စာရင်းဇယားအချက်အလက်များအရသိရသည်။ သတင်းဆိုးများအကြား သတင်းကောင်းတစ်ခုမှာ ပြန်လည်ကျန်းမာလာသူ အရေအတွက်မှာလည်း ဦးရေ ၂၀၄၇၁၀ ရှိပြီး ၅၃ ဒသမ ၇၉ ရာခိုင်နှုန်း ပြန်လည်ကျန်းမာလာပြီဖြစ်ကြောင်း ကျန်းမာရေးအရာရှိတစ်ဦးက ပြောသည်။ အသစ်တွေ့ရှိရသည့် ကူးစက်လူနာများထဲတွင် နိုင်ငံခြားသားများလည်း ပါဝင်ကြောင်း သိရသည်။

ပီတီအိုင်နယူးစ်

# သတင်းစာတွေရဲ့ ကြံ့ကြံ့ခံနိုင်စွမ်းကို စမ်းသပ်လာတဲ့ ကိုဗစ်-၁၉ ကပ်ရောဂါ

ကလျာမိုးမြင့်

**လွန်ခဲ့တဲ့လအနည်းငယ်တုန်းက ကမ္ဘာ့နိုင်ငံတွေအများအပြားမှာရင်ဆိုင်ရတဲ့ အခြေအနေတွေနဲ့ အပြောင်းအလဲတွေကို ကြံ့ကြံ့ခံရင်ဆိုင်ပြီး စောင်ရေမကျအောင် ဆက်လက်ထုတ်ဝေနိုင်ခဲ့တဲ့ အိန္ဒိယနိုင်ငံရဲ့နေ့စဉ်သတင်းစာတွေဟာ ယခုလက်ရှိအချိန်မှာတော့ ကိုဗစ်-၁၉ ကပ်ရောဂါရဲ့ဖိစီးနှိပ်စက်မှုကြောင့် အရှုံးပေါ်မှုတွေနဲ့အတူ အနေအထားပျက်ယွင်းလာနေပြီဖြစ်ပါတယ်။**

## ကမ္ဘာတစ်ဝန်းက သတင်းစာတွေစောင်ရေကျ

ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုက တချို့သတင်းစာလုပ်ငန်းတွေကို လုံးဝပြိုလဲသွားစေခဲ့သလို နာမည်ရှိထားပြီးသားဖြစ်တဲ့ တချို့သတင်းစာတွေကိုပါ စီးပွားရေးအရ အတော်လေး အထိနာစေခဲ့ပါတယ်။ မကြာသေးခင်နှစ်များအတွင်းမှာ ထွက်ပေါ်လာတဲ့ ဒစ်ဂျစ်တယ်သတင်းမီဒီယာကြောင့် ကမ္ဘာတစ်ဝန်းက သတင်းစာတွေ စောင်ရေကျပြီး ရောင်းအားကျဆင်းမှုကို ရင်ဆိုင်လာရချိန်မှာ လူဦးရေ ၁ ဒသမ ၃ ဘီလီယံရှိတဲ့ အိန္ဒိယနိုင်ငံမှာတော့ သတင်းစာတွေဟာ နိုင်ငံရဲ့ အဓိကထောက်တိုင်သဖွယ် ဆက်လက်တည်ရှိနေနိုင်တုန်းပါပဲ။

## ရပ်တည်နိုင်စွမ်းထိခိုက်

သို့သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်မှုကို မြန်မြန်ဆန်ဆန် ထိန်းချုပ်နိုင်စေဖို့ အစိုးရက တစ်နိုင်ငံလုံးအဝင်အထွက် ကန့်သတ်ပိတ်ဆို့မှု ( လော့ခ်ဒေါင်း) ချလိုက်တဲ့အခါမှာတော့ အိန္ဒိယသတင်းစာတွေရဲ့ ကြံ့ကြံ့ခံရပ်တည်နိုင်စွမ်းကို ထိခိုက်လာပါတော့တယ်။

ကန့်သတ်ပိတ်ဆို့မှုပြုလုပ်လိုက်တဲ့ မတ်လအတွင်း အိန္ဒိယနေ့စဉ်သတင်းစာ ၂၅ ခုဟာ ပုံနှိပ်ထုတ်ဝေနိုင်ခြင်း မရှိတော့ပါဘူး။ သတင်းစာပို့တဲ့ ကောင်လေးတွေကို ဗိုင်းရပ်စ်သယ်ဆောင်လာတဲ့သူတွေပဲဆိုပြီး အိမ်ရှင်တွေရဲ့ ရန်လုပ်ခြင်းကို ခံခဲ့ရသလို သတင်းစာအတွက် မရှိမဖြစ်တဲ့ ကြော်ငြာထည့်သွင်းသူတွေကလည်း ဝေးဝေးပြေးကုန်ကြပါတယ်။

## အရောင်းကျဆင်း

ကျွမ်းကျင်သူတချို့ရဲ့ ခန့်မှန်းဖော်ပြချက်တွေအရ အိန္ဒိယနိုင်ငံတစ်ဝန်းမှာ တစ်နေ့ကို သတင်းစာစောင်ရေပေါင်း သန်း ၅၀ ကျော်အထိ ပုံမှန်ရောင်းချ ခဲ့ရမှုဟာ အခုဆိုရင် သုံးပုံနှစ်ပုံလောက်အထိ အရောင်းကျဆင်းသွားခဲ့တယ်လို့သိရပါတယ်။ သတင်းသမားတွေရာနဲ့ချီပြီး အလုပ်လက်မဲ့ဖြစ်ခဲ့တာတွေ၊ လုပ်အားခလျှော့ချခံရတာတွေ တွေ့ခဲ့ရပြီး မွမ်ဘိုင်းမြို့မှာဆိုရင် ပရဟိတအဖွဲ့အစည်းတစ်ခုက အလုပ်လက်မဲ့ဖြစ်သွားတဲ့ သတင်းထောက်တွေအတွက် အစားအသောက်ပါဆယ်တွေ ပို့ဆောင်ဝေငှပေးဖို့ စီစဉ်ဆောင်ရွက်ပေးနေတယ်လို့ သိရပါတယ်။

## လုပ်အားခလျှော့ချခံရ

အိန္ဒိယနိုင်ငံဟာ ဒစ်ဂျစ်တယ်သတင်းမီဒီယာရဲ့ ထိုးနှက်တိုက်ခိုက်မှုကို အချိန်အကြာကြီး ကြံ့ကြံ့ခံရပ်တည်ခဲ့တာ။ ဒါပေမယ့် အခုအခါမှာတော့ မြို့ပေါ်က တချို့သတင်းစာတွေ ဆက်မထုတ်ကြတော့ဘူး။ သတင်းစာတချို့ကတော့ အခုအချိန်မှာ စာဖတ်သူတွေပြန်ရဖို့ ဘယ်လိုလုပ်မလဲဆိုတာကို စိုးရိမ်ကြောင့်ကြနေရတယ်လို့ အယ်ဒီတာတစ်ဦးက အေအက်ဖ်ပီသို့ ပြောကြားခဲ့ပါတယ်။

ယခုလအတွင်းမှာ အင်္ဂလိပ်ဘာသာနဲ့ထုတ်ဝေတဲ့ Pune နဲ့ Goa သတင်းစာတွေ ထုတ်ဝေမှုရပ်ဆိုင်းခဲ့ရပြီး Hindustan Times နဲ့ Times of India သတင်းစာတွေဆိုရင် ဝန်ထမ်းအင်အားလျှော့ချတာ၊ လုပ်အားခ ဖြတ်တောက်တာတွေနဲ့ တချို့ရုံးဌာနတွေ ပိတ်သိမ်းတာတွေ လုပ်ဆောင်ခဲ့ရပါတယ်။ ကပ်ရောဂါ မဆိုက်ခင်ကဆိုရင် ဒီသတင်းစာတွေကို စောင်ရေနှစ်သန်းကျော်လောက်အထိ ပုံမှန်ထုတ်ဝေနိုင်ခဲ့တာ ဖြစ်ပါတယ်။



အိန္ဒိယနိုင်ငံထုတ် သတင်းစာတစ်စောင်ကို ဖတ်ရှုနေသည့် ပြည်သူတစ်ဦးကို တွေ့ရစဉ်။

> **"အိန္ဒိယနိုင်ငံတစ်ဝန်းမှာ တစ်နေ့ကို သတင်းစာစောင်ရေပေါင်း သန်း ၅၀ ကျော်အထိ ပုံမှန်ရောင်းချခဲ့ရမှုဟာ အခုဆိုရင် သုံးပုံနှစ်ပုံလောက်အထိ အရောင်းကျဆင်းသွားခဲ့တယ်လို့ သိရပါတယ်။ သတင်းသမားတွေရာနဲ့ချီပြီး အလုပ်လက်မဲ့ဖြစ်ခဲ့တာတွေ၊ လုပ်အားခလျှော့ချခံရတာတွေ တွေ့ခဲ့ရပြီး မွမ်ဘိုင်းမြို့မှာဆိုရင် ပရဟိတအဖွဲ့အစည်းတစ်ခုက အလုပ်လက်မဲ့ဖြစ်သွားတဲ့ သတင်းထောက်တွေအတွက် အစားအသောက်ပါဆယ်တွေ ပို့ဆောင်ဝေငှပေးဖို့ စီစဉ်ဆောင်ရွက်ပေးနေတယ်"**

## ကြော်ငြာရရှိမှုကျဆင်း

Hindustan Times သတင်းစာက ၎င်းရဲ့ဝန်ထမ်းတွေဆီ ပေးပို့ခဲ့တဲ့ အီးမေးလ်တစ်စောင်မှာ သတင်းစာဟာ တစ်ရက်မှာ အမေရိကန်ဒေါ်လာငါးသိန်း အရှုံးပေါ်နေတယ်လို့ ဆိုထားပါတယ်။ ကီရာလာ တောင်ပိုင်း ပြည်နယ်မှာ အခြေစိုက်တဲ့ ဒေသသတင်းစာ Mathrubhumi ဆိုရင် ပုံမှန်အားဖြင့် တစ်လမှာ အမေရိကန်ဒေါ်လာခြောက်သန်းနဲ့အထက် ကြော်ငြာဝင်ငွေ ရရှိခဲ့ရာကနေ အခုဆို အမေရိကန်ဒေါ်လာ ငါးသိန်းဖိုးအထိ ကြော်ငြာကျဆင်းသွားတာကို တွေ့ရပါတယ်။

တကယ်တော့ ကပ်ရောဂါမကျရောက်ခင်ကတည်းက အိန္ဒိယနိုင်ငံရဲ့ နေ့စဉ်သတင်းစာတွေဟာ စီးပွားရေးဆိုင်ရာ ထိခိုက်မှုတွေရှိခဲ့တာမှန်ပေမယ့် ကြော်ငြာကဏ္ဍ လုံးဝပြိုလဲသွားတဲ့အချိန်မှာတော့ အရေးပေါ်အခြေအနေတစ်ခုကို ရောက်သွားပြီလို့ ဟိန္ဒူဒေးလီးနဲ့ တခြားသောဒေသသတင်းစာတွေကို ပုံနှိပ်ထုတ်ဝေနေတဲ့အဖွဲ့ရဲ့ ဒါရိုက်တာအင်န်ရမ်က ပြောကြားခဲ့ပါတယ်။ ကျွန်ုပ်တို့အဖွဲ့အနေနဲ့ ဒေါ်လာသန်းနဲ့ချီပြီး ဆုံးရှုံးလိမ့်မယ်လို့ ခန့်မှန်းထားတယ်။ ကြော်ငြာဈေးကွက်ပြန်ပြီး နာလန်ထူလာနိုင်ဦးမလားဆိုတာကို မသိနိုင်ဘူးလို့ ၎င်းက အေအက်ဖ်ပီသို့ ဖြေကြားခဲ့ပါတယ်။

## သတင်းသမားတွေ အထိနာနေ

ကမ္ဘာ့သတင်းစာလုပ်ငန်းနဲ့ သတင်းထုတ်ဝေရေးအဖွဲ့အစည်း (WANIFRA)က အိန္ဒိယသတင်းစာတွေနဲ့ မဂ္ဂဇင်းတွေဟာ ကြော်ငြာကနေ တစ်နှစ်ကို အမေရိကန်ဒေါ်လာသုံးဘီလီယံလောက်အထိရရှိအောင် စွမ်းဆောင်ခဲ့တယ်လို့ ဖော်ပြထားပါတယ်။ အဆိုပါအဖွဲ့အစည်းရဲ့ အိန္ဒိယနိုင်ငံက လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုမန်နေဂျာ မက်ဒွန်း မိုဟာမက်က ပြီးခဲ့တဲ့ မတ်လနဲ့ ဧပြီနှစ်လတည်းမှာတင် အိန္ဒိယနေ့စဉ်သတင်းစာတွေ ကြော်ငြာလက်လွှတ်ဆုံးရှုံးရမှုဟာ ၇၅ ရာခိုင်နှုန်းကနေ ၈၅ ရာခိုင်နှုန်းလောက်အထိရှိတယ်လို့ ဆိုထားပါတယ်။ ပြီးတော့ အိန္ဒိယသတင်းမီဒီယာအုပ်စုတွေဟာဆိုရင်လည်း အွန်လိုင်းသတင်းမီဒီယာတွေမှာ ရင်းနှီးမြှုပ်နှံမှုတွေ အကြီးအကျယ်စလုပ်နေကြပြီ။ ကြော်ငြာတွေကရုတ်တရက်ဖြစ်လာတဲ့ လုပ်ငန်းအရှုံးပေါ်မှုတွေကို ထေမိကာမိအောင် မလုပ်နိုင်ခဲ့ဘူးလို့ ရမ်က ပြောပါတယ်။ အိန္ဒိယသတင်းသမားတွေဟာ လစာလျှော့ချခြင်း၊ နောက်ကျမှလစာရခြင်းစတဲ့ စိတ်ညစ်စရာလုပ်ဆောင်ချက်တွေရဲ့ဒဏ်ကို ဆိုးဆိုးရွားရွား ထိခိုက်ခံစားနေကြရတယ်လို့ သိရပါတယ်။

## ကျင့်ဝတ်နဲ့ညီရဲ့လား

ကိုဗစ်-၁၉ နဲ့ပတ်သက်တဲ့ ဝမ်းနည်းစရာသတင်းတွေရယူဖို့ သတင်းသမားတွေဟာ အကာအကွယ်ပစ္စည်းတွေ လုံလုံလောက်လောက်မရှိဘဲ အပြင်ထွက်ပြီး သတင်းလိုက်ကြရတယ်။ သတင်းလိုက်ပြီး ပြန်လာတဲ့အချိန်မှာ ရုံးကလစာလျှော့ချလိုက်တယ်လို့ ပြောတာကို ကြားလိုက်ရတော့ အမောဆို့သွားတယ်လို့ Indian Express သတင်းစာက သတင်းထောက်တစ်ဦးက ပြောပြခဲ့ပါတယ်။

မီဒီယာအနေနဲ့ အကျပ်အတည်းတစ်ခု ကျရောက်နေရချိန်၊ မသေချာ မရေရာမှုတွေနဲ့ စိုးရိမ်ပူပန်မှုတွေ အကြီးအကျယ်မြင့်တက်နေတဲ့ အချိန် အခါမျိုးမှာ လစာဖြတ်တောက်လျှော့ချမှုတွေကို ဒီလောက်မြန်မြန်ဆန်ဆန် လုပ်နေတာဟာ ကျင့်ဝတ်နဲ့မညီဘူး။ ပြောရရင်၎င်းတို့ရဲ့ အလုပ်သမား ဝန်ထမ်းတွေအပေါ် စာနာနားလည်မှုနဲ့ စိုးရိမ်ပူပန်မှုမရှိသလိုဖြစ်နေတယ်၊ တကယ့်မီဒီယာအုပ်စုကြီးဟာ လုပ်ငန်းရဲ့အနာဂတ်အရေးအတွက် ပိုပြီး ဦးစားပေးစဉ်းစားကြတယ်လို့ သတင်းမီဒီယာသမားတစ်ဦးက ဝေဖန် ထောက်ပြခဲ့ပါတယ်။ ။

**အေအက်ဖ်ပီ**

# နိုင်ငံတကာသတင်းတိုထွာ

## ဘရာဇီးနိုင်ငံ၌ ကိုဗစ်- ၁၉ ကြောင့် နေ့စဉ်လူ ၁၀၀၀ ကျော် သေဆုံးမှု သုံးရက်ဆက်တိုက်ဖြစ်ပွား

**ရီယိုဒီဂျနေရိုး ဇွန် ၁၉**

ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရမှုကြောင့် နေ့စဉ်လူ ၁၀၀၀ ကျော်အထိ သေဆုံးမှုဖြစ်ပွားနေသည်မှာ သုံးရက်ဆက်တိုက်ရှိပြီဖြစ်ကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနက ဇွန် ၁၉ ရက်တွင် ပြောကြားခဲ့သည်။

ပြီးခဲ့သည့် ၂၄ နာရီအတွင်း ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ကြောင့် သေဆုံးသူ ၁၂၃၈ဦးရှိခဲ့ပြီး နောက်ထပ်ရောဂါကူးစက်ခံရသူ ၂၂၇၆၅ဦးရှိခဲ့ရာ သေဆုံးသူအရေအတွက်၄၇၇၄၈ ဦးအထိ မြင့်တက်လာပြီး ရောဂါကူးစက်ခံရသူအရေအတွက်စုစုပေါင်း ၉၇၈၁၄၂ ဦးအထိ တိုးလာခဲ့သည်။

ရောဂါကူးစက်မှုကြောင့် အသက်ဆုံးရှုံးရသူအရေအတွက်သည် ၄ ဒသမ ၉ ရာခိုင်နှုန်းရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန အာဏာပိုင်များက ဖော်ပြခဲ့သည်။

**ဆင်ဟွာ**

## နီပေါနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု တစ်ရက်အတွင်း စံချိန်တင်မြင့်တက်

**ခတ္တမန္ဒူ ဇွန် ၁၉**

နီပေါနိုင်ငံ၌ ဇွန် ၁၈ ရက်တွင် တစ်ရက်အတွင်းကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု စံချိန်တင်မြင့်တက်ခဲ့ပြီး သေဆုံးသူနှစ်ဦး ရှိခဲ့ကြောင်း နီပေါအစိုးရက သတင်းထုတ်ပြန်ခဲ့သည်။

နိုင်ငံအတွင်း ရောဂါကူးစက်ဖြစ်ပွားမှုနှင့် သေဆုံးသူအရေအတွက်သည် ယခုရက်ပိုင်းအတွင်း မြန်မြန်ဆန်ဆန် မြင့်တက်လာခဲ့သည်။

ကိုဗစ်-၁၉ ကြောင့် နောက်ထပ်သေဆုံးသူနှစ်ဦး ပေါ်ထွက်လာပြီးနောက် နိုင်ငံအတွင်း သေဆုံးသူအရေအတွက် စုစုပေါင်း ၂၂ ဦး ရှိသွားပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။

နီပေါနိုင်ငံတွင် ပြီးခဲ့သည့် ၂၄ နာရီအကြာက နောက်ထပ်ရောဂါကူးစက်ခံရသူ ၆၇၁ ဦး ရှိလာခဲ့ရာ စုစုပေါင်း ရောဂါကူးစက်ခံရသူအရေအတွက် ၇၈၄၈ ဦးရှိသွားပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနကဖော်ပြသည်။

တစ်ရက်အတွင်း ရောဂါကူးစက်ခံရမှု စံချိန်တင်အောင် မြင့်တက်လာသည်မှာ နှစ်ရက်ဆက်တိုက်ရှိပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၁၉-၆-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

၁။ (၁၈-၆-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် –

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဓာတ်ခွဲနမူနာ (၆၆၉) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၉၄) ခု၊ စုစုပေါင်း ဓာတ်ခွဲနမူနာ (၇၆၃) ခုအား ထပ်မံစစ်ဆေးပြီးစီးခဲ့ရာ –
  - COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၃) ဦး တွေ့ရှိပါသည်။

၂။ သို့ဖြစ်ရာ (၁၉-၆-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၈၆) ဦးရှိပြီ ဖြစ်ပါသည်။

၃။ (၁၈-၆-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် –

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဓာတ်ခွဲနမူနာ (၁၃၂၇) ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR) မှ ဓာတ်ခွဲနမူနာ (၂၄၀) ခု၊
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး၊ ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၂၀၃) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး) မှ ဓာတ်ခွဲနမူနာ (၃၇၀) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၂၈၂) ခု၊

စုစုပေါင်း (၂၄၂၂) ခုအား စစ်ဆေးခဲ့ခြင်းဖြစ်ပြီး COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၃) ဦး တွေ့ရှိခဲ့ခြင်း ဖြစ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

### COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ
### (၁၉-၆-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

| | |
|---|---|
| (၁၈-၆-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာစုစုပေါင်း | (၆၆၉) ခု |
| (၁၈-၆-၂၀၂၀) ရက်နေ့အတွက် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာစုစုပေါင်း | (၉၄) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၂၃) ဦး |

### COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
### (၁၉-၆-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၂၃) ဦး | (၂၈၆) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၀) ဦး | (၁၈၇) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

### (၁၈-၆-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာတွေ့ရှိမှု
### (၁၉-၆-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

| လူနာ အမှတ်စဉ် | အသက် | ကျား/မ | နေရပ်လိပ်စာ | COVID-19 ရောဂါ အတည်ပြုလူနာများနှင့် ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/မရှိ | ဆေးကုသမှု ခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲ အဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 264 | ၄၂ နှစ် | ကျား | သာပေါင်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး | မရှိ | ရှိ (ထိုင်းနိုင်ငံ) | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဘားအံမြို့နယ်) |
| 265 | ၃၈ နှစ် | ကျား | ကော့ကရိတ်မြို့နယ် ကရင်ပြည်နယ် | မရှိ | ရှိ (ထိုင်းနိုင်ငံ) | ပြည်သူ့ဆေးရုံကြီး၊ ဘားအံမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဘားအံမြို့နယ်) |
| 266 | ၂၀ နှစ် | ကျား | မြိတ်မြို့နယ် တနင်္သာရီတိုင်းဒေသကြီး | မရှိ | ရှိ (ထိုင်းနိုင်ငံ) | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဘားအံမြို့နယ်) |
| 267 | ၂၇ နှစ် | ကျား | ထားဝယ်မြို့နယ် တနင်္သာရီတိုင်းဒေသကြီး | မရှိ | ရှိ (ထိုင်းနိုင်ငံ) | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဘားအံမြို့နယ်) |
| 268 | ၃၇ နှစ် | ကျား | မြိတ်မြို့နယ် တနင်္သာရီတိုင်းဒေသကြီး | မရှိ | ရှိ (ထိုင်းနိုင်ငံ) | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဘားအံမြို့နယ်) |
| 269 | ၃၁ နှစ် | ကျား | ကော့သောင်းမြို့နယ် တနင်္သာရီတိုင်းဒေသကြီး | မရှိ | ရှိ (ထိုင်းနိုင်ငံ) | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဘားအံမြို့နယ်) |
| 270 | ၂၂ နှစ် | ကျား | ထားဝယ်မြို့နယ် တနင်္သာရီတိုင်းဒေသကြီး | မရှိ | ရှိ (ထိုင်းနိုင်ငံ) | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဘားအံမြို့နယ်) |
| 271 | ၁၈ နှစ် | မ | ထားဝယ်မြို့နယ် တနင်္သာရီတိုင်းဒေသကြီး | မရှိ | ရှိ (ထိုင်းနိုင်ငံ) | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဘားအံမြို့နယ်) |
| 272 | ၂၆ နှစ် | ကျား | မြိတ်မြို့နယ် တနင်္သာရီတိုင်းဒေသကြီး | မရှိ | ရှိ (ထိုင်းနိုင်ငံ) | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဘားအံမြို့နယ်) |
| 273 | ၂၂ နှစ် | ကျား | ရေးမြို့နယ် မွန်ပြည်နယ် | မရှိ | ရှိ (မလေးရှားနိုင်ငံ) | ပြည်သူ့ဆေးရုံကြီး၊ မော်လမြိုင်မြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဘားအံမြို့နယ်) |
| 274 | ၄၆ နှစ် | ကျား | သံဖြူဇရပ်မြို့နယ် မွန်ပြည်နယ် | မရှိ | ရှိ (ထိုင်းနိုင်ငံ) | ပြည်သူ့ဆေးရုံကြီး၊ မော်လမြိုင်မြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဘားအံမြို့နယ်) |
| 275 | ၂၉ နှစ် | ကျား | ချောင်းဆုံမြို့နယ် မွန်ပြည်နယ် | မရှိ | ရှိ (မလေးရှားနိုင်ငံ) | ပြည်သူ့ဆေးရုံကြီး၊ မော်လမြိုင်မြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဘားအံမြို့နယ်) |
| 276 | ၃၃ နှစ် | ကျား | သထုံမြို့နယ် မွန်ပြည်နယ် | မရှိ | ရှိ (ထိုင်းနိုင်ငံ) | ပြည်သူ့ဆေးရုံကြီး၊ မော်လမြိုင်မြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဘားအံမြို့နယ်) |
| 277 | ၂၉ နှစ် | ကျား | ကျောက်တော်မြို့နယ် ရခိုင်ပြည်နယ် | မရှိ | ရှိ (ထိုင်းနိုင်ငံ) | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဘားအံမြို့နယ်) |
| 278 | ၂၄ နှစ် | မ | ပေါက်တောမြို့နယ် ရခိုင်ပြည်နယ် | မရှိ | ရှိ (ထိုင်းနိုင်ငံ) | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဘားအံမြို့နယ်) |
| 279 | ၂၇ နှစ် | မ | ပေါက်တောမြို့နယ် ရခိုင်ပြည်နယ် | မရှိ | ရှိ (ထိုင်းနိုင်ငံ) | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဘားအံမြို့နယ်) |
| 280 | ၃၀ နှစ် | မ | ကျောက်တော်မြို့နယ် ရခိုင်ပြည်နယ် | မရှိ | ရှိ (မလေးရှားနိုင်ငံ) | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဘားအံမြို့နယ်) |
| 281 | ၃၁ နှစ် | မ | ပေါက်တောမြို့နယ် ရခိုင်ပြည်နယ် | မရှိ | ရှိ (ထိုင်းနိုင်ငံ) | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဘားအံမြို့နယ်) |
| 282 | ၂၂ နှစ် | ကျား | ကျောက်တော်မြို့နယ် ရခိုင်ပြည်နယ် | မရှိ | ရှိ (မလေးရှားနိုင်ငံ) | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဘားအံမြို့နယ်) |
| 283 | ၃၃ နှစ် | ကျား | မြောက်ဦးမြို့နယ် ရခိုင်ပြည်နယ် | မရှိ | ရှိ (ထိုင်းနိုင်ငံ) | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဘားအံမြို့နယ်) |
| 284 | ၁၆ နှစ် | ကျား | လှည်းကူးမြို့နယ် ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (ထိုင်းနိုင်ငံ) | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဘားအံမြို့နယ်) |
| 285 | ၃၀ နှစ် | ကျား | အုတ်ဖိုမြို့နယ် ပဲခူးတိုင်းဒေသကြီး | မရှိ | ရှိ (ထိုင်းနိုင်ငံ) | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဘားအံမြို့နယ်) |
| 286 | ၂၇ နှစ် | ကျား | ကျောက်ပန်းတောင်းမြို့နယ် မန္တလေးတိုင်းဒေသကြီး | မရှိ | ရှိ (ထိုင်းနိုင်ငံ) | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဘားအံမြို့နယ်) |

**COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ဆက်လက်ထိန်းချုပ်နိုင်ရန် ပြည်သူများအား နှိုးဆော်ခြင်း**

မိမိတို့နိုင်ငံတွင် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုအား ဆက်လက်ထိန်းချုပ်ထားနိုင်ရန်အတွက် **အနည်းဆုံး အောက်ပါအချက် (၄) ချက်ကို ကိုယ်တိုင်မဖြစ်မနေ လိုက်နာကျင့်သုံးရုံသာမက မိမိ၏ မိသားစုဝင်များနှင့် အခြားသူများပါ လိုက်နာကျင့်သုံးစေရန် တိုက်တွန်းပေးပါ။**

(က) တတ်နိုင်သမျှ မိမိတို့၏ နေအိမ်တွင်သာ နေထိုင်ပြီး လူစုလူဝေးရှိရာ နေရာများသို့ မလိုအပ်ဘဲ (လုံးဝ) မသွားကြပါရန်။

(ခ) ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို လူစုလူဝေးရှိရာ နေရာများသို့ သွားသည့်အခါတိုင်း မဖြစ်မနေ တပ်ဆင်ကြပါရန်။

(ဂ) အခြားသူများနှင့် တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်ပါရန်။ ဖြစ်နိုင်ပါက အနည်းဆုံး (၆) ပေအကွာမှသာ နေထိုင်ပြောဆို ဆက်ဆံကြပါရန်။

(ဃ) လက်ကို ရေနှင့်ဆပ်ပြာအသုံးပြု၍ စက္ကန့် (၂၀) ကြာအောင် စနစ်တကျ မကြာခဏ ဆေးကြောရန် (သို့မဟုတ်) လက်သန့်စင်ဆေးရည်နှင့် ဆေးကြောကြပါရန်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၁၉-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

၁။ (၁၉-၆-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၅၆၂) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၃၇၅) ခုနှင့်
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၂၈၂) ခု

စုစုပေါင်း (၁၂၁၉) ခုအား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် မတွေ့ရှိရပါ။

၂။ (၁၉-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၈၆) ဦး ရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ (၅) ဦး (Case- 101, 190, 209, 213, 223) ရှိသဖြင့် စုစုပေါင်း (၁၉၂) ဦး ရှိပါသည်။ ၎င်းတို့အနက် (၁၇၇) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆) ဦး ရှိပါသည်။

၅။ (၁၈-၆-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၁၉-၆-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၃၃) ဦး ရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

### COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
(၁၉-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | |
|---|---|
| (၁၉-၆-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၅၆၂) ခု |
| (၁၉-၆-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃၇၅) ခု |
| (၁၉-၆-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၈၂) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၀) ဦး |

### COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
(၁၉-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၀) ဦး | (၂၈၆) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၅) ဦး | (၁၉၂) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |



ကိုဗစ် - ၁၉ ကာလအတွင်း လူကုန်ကူးခံရသူများအား ပြန်လည်လွှဲပြောင်းလက်ခံရေး ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

## ကိုဗစ် - ၁၉ ကာလအတွင်း လူကုန်ကူးခံရသူများအား ပြန်လည်လွှဲပြောင်းလက်ခံရေး ညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဇွန် ၁၉**

မြဝတီ - မဲဆောက်လမ်းကြောင်းမှ တစ်ဆင့် ထိုင်းနိုင်ငံ၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် လူထုလုံခြုံရေးဝန်ကြီးဌာနလက်အောက်ရှိ လူကုန်ကူးခံရသူများအား လက်ခံစောင့်ရှောက်ထားသည့် ဂေဟာများမှ မြန်မာနိုင်ငံသား ၇၉ ဦးအား ဇွန် ၂၉ ရက်တွင် လွှဲပြောင်းလက်ခံနိုင်ရန်အတွက် ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းက နေပြည်တော်၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အစည်းအဝေးတွင် ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ ကုသရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနတို့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးနှင့် ဒုတိယညွှန်ကြားရေးမှူးများ၊ UNICEF၊ IOM၊ World Vision၊ Save the Children တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုင်းနိုင်ငံတွင် လူကုန်ကူးခံရသည့် မြန်မာနိုင်ငံသား ၇၉ ဦးကို ဇွန် ၂၉ ရက်တွင် မဲဆောက် - မြဝတီ လမ်းကြောင်းမှ နှစ်နိုင်ငံ တာဝန်ရှိသူများက လွှဲပြောင်းလက်ခံခြင်း၊ နေရပ်ပြန်လည်ပို့ဆောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရေး၊ လူကုန်ကူးခံရသူများအား ထောက်ပံ့ကူညီပေးရေးတို့ကို သက်ဆိုင်ရာ ဌာနအလိုက် အသေးစိတ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ဥတ္တရသီရိမြို့နယ်တွင် ငါးသယံဇာတထိန်းသိမ်းရေးနှင့် ကိုဗစ် - ၁၉ ပညာပေးပိုစတာများနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေ

**နေပြည်တော် ဇွန် ၁၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တိုင်းငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဦးစီးဌာနမှူး ဦးဇော်လင်းမြင့်၊ ဥတ္တရခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဇော်သန်းနှင့် ဝန်ထမ်းများ၊ ဥတ္တရသီရိမြို့နယ်ဦးစီးဌာနမှူး ဦးတင်မောင်ဖုန်းနှင့် အဖွဲ့သည် ယနေ့တွင် ဥတ္တရသီရိမြို့နယ် ဆည်ကန်ကျေးရွာသို့ သွားရောက်ခဲ့ပြီး ငါးသယံဇာတ ထိန်းသိမ်းရေးနှင့် ''ဘက်ထရီရှော့တိုက်/ကျဉ်စက်ဖြင့် ငါးဖမ်းခြင်းအား ရှောင်ကြဉ်ကြပါစို့'' ပညာပေးပိုစတာများ စိုက်ထူသည်။



ထို့နောက် ကျေးရွာနေပြည်သူများအား ''ကိုဗစ်-၁၉ ကာကွယ်ရေး ငါးရိက္ခာများစားသုံးပေး'' လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ကိုဗစ် - ၁၉ ကာလအတွင်း ရန်ကုန်မြို့ရှိ လမ်းပေါ်နေကလေးစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်

**ရန်ကုန် ဇွန် ၁၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ကပ်ရောဂါအန္တရာယ်မှ လမ်းပေါ်နေကလေးများအား ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းစီမံချက်ကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရပ်ရွာအခြေပြု တုံ့ပြန်ဆောင်ရွက်ခြင်းကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် UNICEF (မြန်မာ)၊ TDHL၊ World Vision (မြန်မာ) နှင့် Kinnected (မြန်မာ) တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ဇွန် ၉ ရက်မှ ၁၂ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ လှိုင်မြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ ဒေါပုံမြို့နယ်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ကြည့်မြင်တိုင်မြို့နယ်၊ ကမာရွတ်မြို့နယ်၊ စမ်းချောင်းမြို့နယ်တို့ရှိ သတ်မှတ်ဧရိယာများတွင် လမ်းပေါ်နေကလေး အယောက် ၁၀၀ နှင့် မိသားစုဝင်များအား တွေ့ဆုံ၍ အချက်အလက်များ ကောက်ယူခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ယခုအခါ အဆိုပါ ပူးပေါင်းအဖွဲ့သည် ကောက်ခံရရှိသည့် ကလေးငယ်အယောက် ၁၀၀ ၏ အချက်အလက်တို့ကို အခြေခံ၍ ကလေးများ၏နေအိမ်ကို ခြေရာခံခြင်း၊ ရပ်ရွာအခြေအနေကို အကဲခတ်လေ့လာခြင်း၊ အခြေခံစားသောက်ကုန်ပစ္စည်းများ ဖြန့်ဝေခြင်းတို့ကို လှိုင်သာယာမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ မရမ်းကုန်းမြို့နယ်၊ လှိုင်မြို့နယ်၊ ကမာရွတ်မြို့နယ်၊ စမ်းချောင်းမြို့နယ်တို့တွင် ယနေ့မှ စတင်ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ပူးပေါင်းအဖွဲ့သည် မြောက်ဥက္ကလာပမြို့နယ်၊ ကြည့်မြင်တိုင်တစ်ဖက်ကမ်း၊ ဒေါပုံမြို့နယ်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ အလုံမြို့နယ်တို့ရှိ လမ်းပေါ်နေကလေး အယောက် ၁၀၀ နှင့် မိသားစုဝင်များအား ဆက်လက်ထောက်ပံ့နိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ဇွန် ၁၉ ရက်တွင် ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ၂၃ ဦး တွေ့ရှိ တစ်ရက်တည်း အများဆုံးတွေ့ရှိမှုဖြစ်ပြီး ရောဂါပိုးရှိသူ စုစုပေါင်း ၂၈၆ ဦး ရှိသွားပြီ

**နေပြည်တော်  ဇွန်  ၁၉**

ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါပိုးရှိသူ ၂၃ ဦးတွေ့ရှိသဖြင့် ၎င်းမှာ တစ်ရက်တည်းရောဂါပိုးရှိသူ အများဆုံးတွေ့ရှိမှုဖြစ်ပြီး ရောဂါပိုးရှိသူ စုစုပေါင်း ၂၈၆ ဦးရှိသွားပြီ ဖြစ်ကြောင်း၊ ထပ်တိုးလူနာ ၂၃ ဦးမှာ ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ ၁၉ ဦးနှင့် မလေးရှားနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ လေးဦးတို့ဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ရောဂါပိုးတွေ့ရှိသူ ၂၈၆ ဦးအနက် သေဆုံးသူ ခြောက်ဦး၊ ပိုးမတွေ့ရှိတော့သူ စုစုပေါင်း ၁၉၂ ဦး ရှိပြီး ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူ ၁၇၇ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များတွင် ဖော်ပြထားသည်။

သတင်းစဉ်

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၅၈၆၃၀ | ၂၈၆ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၁၉၂ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၅၆၄၆

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၁၇၇ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၂၂၀ | ၅ |
| ၂ | ချင်း | ၁၀ | |
| ၃ | စစ်ကိုင်း | ၉ | |
| ၄ | ရခိုင် | ၉ | |
| ၅ | ပဲခူး | ၈ | ၁ |
| ၆ | မွန် | ၅ | |
| ၇ | ရှမ်း(တောင်) | ၄ | |
| ၈ | မန္တလေး | ၃ | |
| ၉ | ရှမ်း(ရှေ့) | ၃ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | နေပြည်တော် | ၂ | |
| ၁၃ | ကရင် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၁ | |
| စုစုပေါင်း | | ၂၈၆ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန  ၁၉–၆–၂၀၂၀ ရက်၊ ည(၈) နာရီ

## ၁၉-၆- ၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၂၆၄၈၆၂ | ၉၃၁၁၅၀ | ၁၂၀၇၀၇ |
| ၂။ | ဘရာဇီး | ၉၈၄၃၁၅ | ၅၂၀၃၆၀ | ၄၇၈၉၇ |
| ၃။ | ရုရှား | ၅၆၉၀၆၃ | ၃၂၄၄၀၆ | ၇၈၄၁ |
| ၄။ | အိန္ဒိယ | ၃၈၂၄၉၇ | ၂၀၅၈၄၄ | ၁၂၆၀၆ |
| ၅။ | ဗြိတိန် | ၃၀၀၄၆၉ | စိစစ်ဆဲ | ၄၂၂၈၈ |
| ၆။ | စပိန် | ၂၄၂၃၄၈ | စိစစ်ဆဲ | ၂၇၁၃၆ |
| ၇။ | ပီရူး | ၂၄၄၃၈၈ | ၁၃၁၁၉၀ | ၇၄၆၁ |
| ၈။ | အီတလီ | ၂၃၈၁၅၉ | ၁၈၀၅၄၄ | ၃၄၅၁၄ |
| ၉။ | ချီလီ | ၂၂၅၁၀၃ | ၁၈၆၄၄၁ | ၃၈၄၁ |
| ၁၀။ | အီရန် | ၂၀၀၂၆၂ | ၁၅၉၁၉၂ | ၉၃၉၂ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၉ – ၆ – ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၃၈၀၃ | ၁၇၃၄၉ | ၂၃၇၃ |
| စင်ကာပူ | ၄၁၆၁၅ | ၃၂၇၁၂ | ၂၆ |
| ဖိလစ်ပိုင် | ၂၈၄၅၉ | ၇၃၇၈ | ၁၁၃၀ |
| မလေးရှား | ၈၅၃၅ | ၈၀၇၀ | ၁၂၁ |
| ထိုင်း | ၃၁၄၆ | ၃၀၀၈ | ၅၈ |
| ဗီယက်နမ် | ၃၄၉ | ၃၂၆ | ၀ |
| မြန်မာ | ၂၈၆ | ၁၉၂ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၃ |
| ကမ္ဘောဒီးယား | ၁၂၉ | ၁၂၆ | ၀ |
| လာအို | ၁၉ | ၁၉ | ၀ |

## ကိုဗစ် - ၁၉ Call Center ဖွင့်လှစ်ထားရှိ

**နေပြည်တော်  ဇွန်  ၁၉**

ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာလေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID–19 Call Center ဖုန်းနံပါတ်– (၂၀၁၉) အား နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဧပြီ ၈ ရက်မှ စတင်၍ ဖွင့်လှစ်ထားကြောင်း သိရသည်။

သတင်းစဉ်

## ဝန်းသိုမြို့နယ်တွင် ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် အိမ်ထောင်စုများထိခိုက်မှု ရှိ၊ မရှိ စစ်တမ်းကောက်ယူ

**ဝန်းသို  ဇွန်  ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်တွင် ကိုဗစ်–၁၉ ကူးစက်ရောဂါကြောင့် အိမ်ထောင်စုများထိခိုက်မှု ရှိ၊ မရှိ သိရှိနိုင်ရန် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းနှင့် ဝန်ထမ်းများက DRD Covid Survey Application အသုံးပြု၍ ယနေ့ နံနက် ၉ နာရီက ညောင်ပင်သာကျေးရွာသို့ ကွင်းဆင်းကောက်ယူခဲ့ကြကြောင်း သိရသည်။

ညောင်ပင်သာကျေးရွာတွင် အိမ်ခြေ ၁၁၇ အိမ်၊ လူဦးရေ ၅၉၁ ဦးရှိပြီး ပြည်ပနိုင်ငံများတွင် သွားရောက်လုပ်ကိုင်သူ ၅၁ ဦး၊ ပြည်တွင်းရှိ ဒေသအသီးသီးသို့ သွားရောက်လုပ်ကိုင်သူ ၅၀ ရှိကြောင်း၊ ၎င်းတို့၏ စီးပွားရေးရပ်တည်မှု အခြေအနေများ၊ ကျေးရွာရှိ အိမ်ထောင်စုများ၏ အလုပ်အကိုင်၊ နေထိုင်မှုပုံစံများ၊ စိုက်ပျိုးထုတ်လုပ်မှုအခြေအနေများ စသည့်အချက်အလက်များကို Mobile Phone အသုံးပြု၍ Social Assessment Survey ကို DRD Covid Survey Application ကို အသုံးပြု၍ စစ်တမ်း ကောက်ယူခဲ့ခြင်းဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးထံက သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကိုဗစ်–၁၉ ကူးစက်ရောဂါ သက်ရောက်ခြင်းခံရသော ကျေးလက်ဒေသများရှိ ပြည်သူများအား ၎င်းတို့ကျေးရွာအခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ၎င်းတို့ကိုယ်တိုင် ဆောင်ရွက်စေပြီး လုပ်အားခပေးချေခြင်းဖြင့် ကျေးလက်နေပြည်သူများ ဝင်ငွေရရှိစေရန်နှင့် ကျေးရွာများတွင် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးလာစေရန် ရည်ရွယ်၍ Cash For Work စီမံကိန်းကို အကောင်အထည်ဖော်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မွေးကြူဇင်

## ဟိုပုံးမြို့ပေါ်ရှိ ဘုန်းကြီးကျောင်း ၁၁ ကျောင်းသို့ ဆန်၊ ဆီ၊ ဆေးဝါးနှင့် နှာခေါင်းစည်းများ ဆက်ကပ်လှူဒါန်း

**ဟိုပုံး  ဇွန်  ၁၉**

ရှမ်းပြည်နယ် တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့တွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီမှ ထောက်ပံ့လှူဒါန်းသည့် ကိုဗစ်–၁၉ ရောဂါ ဖြစ်ပွားနေသည့်ကာလအတွင်း သံဃာတော်များ ဆွမ်းအခက်အခဲမဖြစ်ပေါ်စေရေးအတွက် ယနေ့ မွန်းလွဲ ၂ နာရီက ဟိုပုံးမြို့ပေါ်ရှိ ဘုန်းကြီးကျောင်း ၁၁ ကျောင်းသို့ သွားရောက်၍ ဆန်၊ ဆီ၊ ဆေးဝါးနှင့် နှာခေါင်းစည်းများ ဆက်ကပ်လှူဒါန်းသည်။

ထိုသို့ဆက်ကပ်လှူဒါန်းရာတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်မောင်ဖြူနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနန်းတင့်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဌာနမှူး ဒေါက်တာ မောင်မောင်သိန်းနှင့် မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးမောင်မောင်မြင့်တို့က ဘုန်းကြီးကျောင်းတစ်ကျောင်းလျှင် ဆန် သုံးအိတ်၊ ဆီ တစ်ပုံး၊ ဆေးဝါးနှင့် နှာခေါင်းစည်းများလှူဒါန်းရာ စုစုပေါင်း ကျောင်း ၁၁ ကျောင်းအတွက် ဆန် ၃၃ အိတ်၊ ဆီ ၁၁ ပုံး၊ ဆေးဝါးနှင့် နှာခေါင်းစည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

နေမင်းထွန်း (ဟိုပုံး)

## ချင်းရွှေဟော်မြို့မှ နေရပ်ပြန်ပြည်သူ ၁၉၅ ဦးအား သက်ဆိုင်ရာဒေသများသို့ ထပ်မံလွှဲပြောင်းပို့ဆောင်



**ချင်းရွှေဟော် ဇွန် ၁၉**

ရှမ်းပြည်နယ် မြောက်ပိုင်း ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ရှိ နှစ်နိုင်ငံနယ်စပ်ဂိတ်ပေါက်မှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ် ကုသရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ မြို့အုပ်ချုပ်ရေးမှူး ဦးသက်ဦးပိုင် ဦးဆောင်ပြီး ကော်မတီအဖွဲ့ဝင်များက ၎င်းတို့၏ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များသို့ ပြန်လည်ရောက်ရှိနိုင်ရေးအတွက် စနစ်တကျ စီစဉ်လွှဲပြောင်း ပို့ဆောင်ပေးလျက်ရှိရာ ဇွန် ၁၉ ရက် နံနက် ၁၁ နာရီက နေရပ်ပြန်ပြည်သူ ၁၉၅ ဦးအား မော်တော်ယာဉ် ခြောက်စီးဖြင့် လားရှိုးမြို့သို့ ထပ်မံလွှဲပြောင်းပို့ဆောင်ပေးသည်။

အဆိုပါ ထပ်မံလွှဲပြောင်းပို့ဆောင်ပေးခဲ့သည့် နေရပ်ပြန်ပြည်သူ ၁၉၅ ဦးမှာ အမျိုးသား ၁၀၅ ဦး၊ အမျိုးသမီး ၉၀ တို့ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးမှ ရှစ်ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၃၈ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၁၃ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၅၃ ဦး၊ မကွေးတိုင်းဒေသကြီးမှ ၆၈ ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ ၁၂ ဦး၊ ကချင်ပြည်နယ်မှ တစ်ဦးနှင့် ရခိုင်ပြည်နယ်မှ နှစ်ဦးတို့ဖြစ်ပြီး ၎င်းနေရပ်ပြန် ပြည်သူများအား ကော်မတီအဖွဲ့ဝင်များက နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းကော်မတီမှ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ နေရပ်ပြန်ပြည်သူများအား စနစ်တကျ စီစဉ်လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ဧပြီ ၃၀ ရက်မှ ဇွန် ၁၉ ရက်အထိ အမျိုးသား ၆၄၃၀ နှင့် အမျိုးသမီး ၅၀၈၇ ဦး တို့ဖြစ်ပြီး စုစုပေါင်းနေရပ်ပြန်ပြည်သူ ၁၁၅၁၇ ဦးတို့ကို လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဇင်ဇင် (ပြန်/ဆက်)

## ကိုဗစ်-၁၉ ထိန်းချုပ်ကာလတွင် သစ်ပင်၊ ပန်းမန်ပျိုးပင်များကို အရောက်ပို့ဝန်ဆောင်မှုစနစ်ဖြင့် ရောင်းချလာ

**ရန်ကုန် ဇွန် ၁၉**

ယခုနှစ် မိုးဦးရာသီသစ်ပင်စိုက် ကာလတွင် ကိုဗစ်-၁၉ ထိန်းချုပ်သည့်ကာလအတွင်း အိမ်တွင်းနေထိုင်စဉ် အိမ်တွင်းဥယျာဉ်အဖြစ် သစ်ပင်ပန်းမန် စိုက်ပျိုးသူများက သစ်ပင်၊ ပန်းမန် ပျိုးပင်များ၊ ပရဆေးပင်များ၊ စိုက်ပျိုးရေးသုံးဆေးနှင့် ပစ္စည်းကိရိယာများကို နယ်မြို့များအထိ ပို့ဆောင်ပေးသည့် စနစ်ဖြင့် ရောင်းချလျက်ရှိရာ ကိုဗစ်-၁၉ ထိန်းချုပ်မှုကာလအတွင်း မှာယူစိုက်ပျိုးသူများ ပိုမိုများပြားလာကြောင်း ပျိုးဥယျာဉ်ဆိုင်များမှ သိရသည်။

"ကျွန်တော်တို့ ပျိုးပင်ဆိုင်ဖွင့်ကတည်းက အပင်ဝယ်သူတွေကို ကားနဲ့ပို့ဆောင်ပေးပါတယ်။ နယ်မြို့တွေကမှာရင်လည်း အပင်နည်းနည်းများများ တက္ကစီခနဲ့ ဘတ်စ်ကားဂိတ်ကနေ ပို့ခကိုမှာသူက ပေးချေပြီး ဝယ်ယူနိုင်ပါတယ် " ဟု ရန်ကုန်မြို့ ကန်တော်ကြီး မြေပဒေသာဥယျာဉ်ဝင်းမှ မေတ္တာရှင် ပျိုးပင်ဆိုင်မှ တာဝန်ခံ ကိုဝေယံဖြိုးက ပြောသည်။

"ကိုဗစ်ကာလ အပြင်မထွက်ရတော့ တချို့က အိမ်ထဲနေပြီး သစ်ပင်ပဲ စိုက်ပျိုးနေကြတယ်။ မန္တလေးမှာဆို Home garden ကို အကောင်အထည်ဖော်နေပြီး မျိုးစေ့ပါ အခမဲ့ဝေပေးတာ။ ဒီကာလမှာ အပင်ပေါက်တွေ အရောက်ပို့စနစ်နဲ့ အတော်ရောင်းရတယ်" ဟု စိုက်ပျိုးရေးဦးစီးဌာန မြေပဒေသာဥယျာဉ်မှ ဦးစီးအရာရှိ ဦးစိုးသွင်က ပြောသည်။

ရန်ကုန်မြို့ ကန်တော်ကြီး မြေပဒေသာ ဥယျာဉ်ဝင်းတွင် ပျိုးဥယျာဉ်နှင့် စိုက်ပျိုးရေးသုံး ဆေးပစ္စည်းဆိုင်ပေါင်း ၇၄ ဆိုင်ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေး ဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် ဖွင့်လှစ်ထားရှိပြီး အပင်အမျိုးအစားအစုံအလင်နှင့် စိုက်ပျိုးရေးသုံးပစ္စည်း မျိုးစုံကို ရောင်းချလျက်ရှိသည်။

သန့်ဇင်ဝင်း

## ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သားများ မြဝတီချစ်ကြည်ရေးအမှတ် (၂) တံတားမှ ၄၉၄ ဦး ဆက်လက်ဝင်ရောက်

**မြဝတီ ဇွန် ၁၉**

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၄၉၄ ဦး ယနေ့တွင် မြဝတီ အမှတ် (၂) ချစ်ကြည်ရေး တံတားမှ တစ်ဆင့် ပြန်လည်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

ထိုသို့ ပြန်လည်ဝင်ရောက်လာသူများသည် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံး၏ ခွင့်ပြုချက်ရယူကာ ထိုင်းနိုင်ငံ ဒေသအသီးသီးမှ ၎င်းတို့၏ အစီအစဉ်ဖြင့် ပြန်လည်ဝင်ရောက်သူများဖြစ်ကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကို၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြဝတီ ခရိုင်ဦးစီးမှူးရုံးမှ ခရိုင်ဦးစီးမှူး ဦးအောင်ခိုင်ဆွေနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။



ယနေ့ ပြန်လည်ဝင်ရောက်သူများ အနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးမှ အမျိုးသား ၂၈၈ ဦး၊ အမျိုးသမီး ၂၀၆ ဦး စုစုပေါင်း ၄၉၄ ဦး ဖြစ်ကြောင်း သိရသည်။

ထိန်လင်းအောင် (ပြန်/ဆက်)

### ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဇွန် ၁၉**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပါသည်။ မြန်မာ့ ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့်ရှိနိုင်ပါသည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိမည်။

မိုး/ဇလ

❖ *ကျော်ဖုံးမှ*

စီစဉ်ဆောင်ရွက်ပေးသည့် အထူးလေယာဉ်ဖြင့် ပြန်လည်ပို့ဆောင်နိုင်ရေးအတွက် မြန်မာသံရုံး၊ ကွာလာလမ်ပူမြို့မှ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ရာ ၎င်းတို့သည် (Myanmar Airways International-MAI) ဖြင့် မွန်းလွဲ ၂ နာရီခွဲက ပြန်လည်ရောက်ရှိခဲ့ကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် ၂၁ ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ လန်ဒန်မြို့၌ အခက်အခဲကြုံတွေ့နေကြသည့် မြန်မာနိုင်ငံသဘော်သားများနှင့် မြန်မာနိုင်ငံသား စုစုပေါင်း ၂၅၀ ခန့်ကိုလည်း သက်ဆိုင်ရာ သဘော်ကုမ္ပဏီများနှင့် မြန်မာသံရုံး၊ လန်ဒန်မြို့တို့ ပူးပေါင်းစီစဉ်လျက် Qatar Airways ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ပို့ဆောင်သွားမည်ဖြစ်ရာ ဇွန် ၂၀ ရက်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိမည်ဖြစ်သည်။

သတင်းစဉ်



## ကိုဗစ်-၁၉ လမ်းညွှန်ချက်နှင့်အညီ မြစိမ်းရောင်စီမံကိန်းချေးငွေများ ထုတ်ချေးပေး

**ပုဏ္ဏားကျွန်း ဇွန် ၁၉**

စစ်တွေခရိုင် ပုဏ္ဏားကျွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယနေ့တွင် ပုဏ္ဏားကျွန်းမြို့နယ် သားပုန်းကျေးရွာ မြစိမ်းရောင်စီမံကိန်းရန်ပုံငွေ ပဉ္စမအကြိမ်မြောက် ထုတ်ချေးပေးမှုကို ကိုဗစ်-၁၉ လမ်းညွှန်ချက်နှင့်အညီ ပြုလုပ်ခဲ့ကြောင်း မြို့နယ်ကျေးလက်ဦးစီးဌာနမှ သိရသည်။

ထိုသို့ ငွေထုတ်ချေးပေးရာတွင် ပဉ္စမအကြိမ်မြောက်ဖြစ်ကာ ငွေချေးသူ ၁၄၀၊ ချေးငွေ ကျပ်သိန်း ၃၈၀ ဒသမ ၀ ကို ထုတ်ချေးပေးခဲ့ရာ မြို့နယ်ကျေးလက်ဦးစီးဌာနမှ ဒေါ်စောဝင်းမေ၊ ဒုတိယဦးစီးမှူး ဒေါ်ငွေငွေလှိုင်တို့က ယင်းလုပ်ငန်းများ စနစ်တကျရှိနိုင်ရန် ကျေးရွာအရောက် ကွင်းဆင်းပြီး ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အောင်လှဖြူ (ရမ်းဗြဲ)



တွံတေးမြို့နယ်ရဲတပ်ဖွဲ့မှူး (ခေတ္တ) ဦးစီးသည့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင် များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် We Love Yangon (တွံတေး) အဖွဲ့များက ဇွန် ၁၈ ရက်တွင် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ကိုဗစ်-၁၉ တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ခရီးသွားပြည်သူများအား အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ပါးစပ်နှာခေါင်းစည်းများ ပေးအပ်စဉ်။

ရဲပြန်ကြား

# ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရဟတ်ယာဉ်ဖြင့် သစ်စေ့မြေလုံးများ ကြဲချ





**နေပြည်တော် ဇွန် ၁၉**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့၏ ညှိနှိုင်းစီစဉ်မှုဖြင့် ရှမ်းပြည်နယ် အင်းလေးကန် ရေဝေရေလဲဒေသအတွင်းရှိ တောင်ကတုံးများနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရွှေသတ္တုတူးဖော်ခြင်းကြောင့် သစ်တောပြုန်းတီးနေသော နေရာကိုးနေရာတို့တွင် ရဟတ်ယာဉ်ဖြင့် သစ်စေ့မြေလုံးများကြဲချခြင်းကို ယနေ့တွင် ပြုလုပ်သည်။

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ် အင်းလေးအရှေ့ကြိုးဝိုင်းနှင့် အင်းလေးအနောက်ကြိုးပြင်ကာကွယ်တောများတွင် ချယ်ရီ၊ ထင်းရှူး၊ ရေသင်းဝင် အစရှိသည့် ဒေသသစ်မျိုးများ အပါအဝင် ဒေသနှင့် ကိုက်ညီသော ကြီးမြန်သစ်မျိုး ၁၃ မျိုးဖြင့် ပြုလုပ်ထားသော သစ်စေ့မြေလုံး သုံးသိန်းအား ရဟတ်ယာဉ်ဖြင့် ကြဲချခဲ့ကြသည်။

သစ်စေ့မြေလုံး ကြဲချရာသို့ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းဇော်မိုးတို့ တက်ရောက်အားပေးကြသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ဟုမ္မလင်းမြို့နယ် ကြိုးပြင်တောများအတွင်း ရွှေသတ္တုတူးဖော်ခြင်းကြောင့် သစ်ပင်ပေါက်ရောက်မှုမရှိသော နေရာကိုးနေရာ ဧရိယာဧက ၄၈၀ တွင် ဘောစကိုင်း၊ ရှား၊ ဆူးဖြူမျိုးစေ့ ပါဝင်သော သစ်စေ့မြေလုံး တစ်သိန်းအား ရဟတ်ယာဉ်ဖြင့် ကြဲချခဲ့သည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဟုမ္မလင်းလေတပ်စခန်းဌာနချုပ်မှ ခေတ္တဌာနချုပ်မှူးနှင့် အရာရှိစစ်သည်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆောင်သော ဝန်ထမ်းများ တက်ရောက်ကြသည်။

သစ်စေ့မြေလုံးများကို ရဟတ်ယာဉ်ဖြင့် ကြဲချခြင်းအပြင် မြေပြင်တွင်လည်း ကျောက်တောင်များ၊ ချိုင့်ဝှမ်းများ ကင်းလွတ်သည့် အပင်ပေါက်ရောက်နိုင်သော တောင်ကုန်းနေရာများတွင် လူအင်အားဖြင့် ဆူးထိုးစိုက်ပျိုးခြင်း၊ လေးခွများဖြင့် အပေါ်သို့မြောက်ပစ်၍ စိုက်ပျိုးခြင်းများကို ၂၀၂၀ ပြည့်နှစ် မေလတတိယအပတ်မှစ၍ ဆောင်ရွက်ခဲ့ကြသည်။

၂၀၂၀ ပြည့်နှစ် ဇွန်လ ပထမပတ်အထိ သစ်စေ့မြေလုံး ၁၀၇၀၀၀၀ ကို လူအင်အားဖြင့် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ နေပြည်တော်နှင့် ရှမ်းပြည်နယ်တို့တွင် ဆူးထိုးစိုက်ပျိုးခြင်း ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ လူအင်အားဖြင့် ဆူးထိုးစိုက်ပျိုးရန် လျာထားချက်အနက် ကျန်ရှိသည့် သစ်စေ့မြေလုံး ၃၀၀၀၀ ကို ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သစ်စေ့မြေလုံး ကြဲချ/ ဆူးထိုး စိုက်ပျိုးခြင်းသည် ကုန်ကျစရိတ်သက်သာခြင်း၊ လူအင်အား အနည်းငယ်ဖြင့် ဧရိယာကျယ်ဝန်းစွာ စိုက်ပျိုးဆောင်ရွက်နိုင်ခြင်း၊ လူသွားရန် ခက်ခဲသည့် တောင်ကုန်းတောင်တန်းများတွင် ရဟတ်ယာဉ်များဖြင့် ဆောင်ရွက်နိုင်ခြင်း၊ ဧရိယာ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ခြင်းတို့ကြောင့် ပျိုးပင်ဖြင့် စိုက်ပျိုးခြင်းကဲ့သို့ ရှင်သန်အောင်မြင်မှုရာခိုင်နှုန်း ကောင်းစွာမရရှိနိုင်သော်လည်း နိုင်ငံတကာ အတွေ့အကြုံများအရ ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်း ပေါက်ရောက်ပါက အောင်မြင်မှုရှိသည်ဟု ဆိုနိုင်သည်။ ယခုနှစ် လူအင်အားဖြင့် ဆူးထိုးစိုက်ပျိုးထားသည့် နေရာများမှ သစ်စေ့မြေလုံးများ၏ အောင်မြင်မှုကို မှတ်တမ်းတင်နိုင်ရေး စနစ်တကျဆောင်ရွက်ထားပြီးဖြစ်ကြောင်း သိရှိရသည်။

သတင်းစဉ်




## အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၉ - ၆ - ၂၀၂၀

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၇၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၁၄၅၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၇၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၄၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၁၄၅၄၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၃၀/၅၇၀ | ကျပ် | ၅၆၀/၅၇၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၄၀/၅၈၀ | ကျပ် | ၅၇၀/၅၈၅ | ကျပ် |
| အောက်တိန်း ၉၂ | ၄၆၀/၅၁၀ | ကျပ် | ၅၃၀/၅၄၀ | ကျပ် |
| အောက်တိန်း ၉၅ | ၅၉၀/၆၁၀ | ကျပ် | ၆၅၅/၆၇၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၉၇ . ၁ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၆၆ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၀၂ . ၄ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၃၄ . ၆ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၀၆ . ၆ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၅၉ . ၂၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၇ . ၅၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၃၅၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၅ . ၆၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၆ . ၆၅ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၅ . ၀၆၈ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၀၀၀ | ၁၀၅၀၀ | ၁၆၈၂ | ၁၈၅၀၁၅၀၀ |
| MTSH | ၃၈၀၀ | ၃၈၅၀ | ၂၄၅၀ | ၉၃၃၇၅၀၀ |
| MCB | ၈၃၀၀ | ၈၃၀၀ | ၁ | ၈၃၀၀ |
| FPB | ၂၃၀၀၀ | ၂၃၀၀၀ | ၁ | ၂၃၀၀၀ |
| TMH | ၂၈၅၀ | ၂၈၀၀ | ၃၀၀၁ | ၈၄၀၂၈၅၀ |
| EFR | ၂၇၀၀ | ၂၇၀၀ | ၈၃၀ | ၂၂၄၁၀၀၀ |

**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်းသတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com


www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## တစ်လအတွင်း လူဦးရေ ၈၄၁၀ ကို လှူဒါန်းမှုများပြုလုပ်နိုင်ခဲ့ကြောင်း ဇော်ခီ ပြောကြား

သရုပ်ဆောင် ဇော်ခီနှင့် ဒါရိုက်တာ ခရစ္စတီးနားခီတို့ ဇနီးမောင်နှံ ဦးဆောင်သော FCPN ပရဟိတအဖွဲ့ကို မေ ၈ ရက်က စတင်တည်ထောင်၍ ကိုဗစ်ကာလ အတွင်း စားဝတ်နေရေးခက်ခဲမှုများရှိသော ပြည်သူများထံသို့ လူတစ်ဦးလျှင်



ကျပ်တစ်သောင်းစီ လှူဒါန်းမှုများပြုလုပ်ခဲ့ရာ အဖွဲ့သက်တမ်းတစ်လပြည့်သည့် ဇွန် ၈ ရက်အထိ လူဦးရေ ၈၄၁၀ အား လှူဒါန်းမှုများပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

"ဒီနေ့ဟာ FCPN ရဲ့ တစ်လပြည့်ပါ။ သိန်း ၅၀ နဲ့စခဲ့တဲ့ idea လေးကနေ အားလုံးပူးပေါင်းပါဝင်ပြီး အလှူကြီးတစ်ခုဖြစ်လာတာကြောင့် အားလုံးအတွက် ကျွန်တော် ဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ အခု ၈၄၁ သိန်းကနေ သိန်း ၁၀၀၀ အထိ ရောက်သွားနိုင်မလားလို့ စိတ်ကူးမိတယ်။ လိုအပ်နေသူတွေအများကြီး တွေ့လာတော့ ဆက်တိုက်လှူပေးချင်နေမိတယ်။ အလှူငွေလည်း ဆက်လက် လက်ခံနေပါတယ်။ တစ်ခါလှူတာ အားမရလို့ အခေါက်ခေါက်အခါခါ လှူချင်ရင်လည်း လှူနိုင်ပါတယ်။ ယုံယုံကြည်ကြည်နဲ့လှူနေတဲ့ အလှူရှင်များအားလုံးကိုလည်း ကျေးဇူးအများကြီးတင်ပါတယ်လို့ ပြောပါရစေ။ ယုံကြည်မှုမရှိရင် စည်းလုံးမှု မရှိနိုင်ပါဘူး။ စည်းလုံးမှုမရှိရင် ဘာအလုပ်မှ မဖြစ်မြောက်နိုင်ပါဘူး" ဟု ဇော်ခီက သူ၏လူမှုကွန်ရက် account တွင် ဇွန် ၈ ရက်က ရေးသားထားသည်။

သရုပ်ဆောင် ဇော်ခီတို့ ဇနီးမောင်နှံအနေဖြင့် ကိုဗစ်-၁၉ ကာလအတွင်း စားဝတ်နေရေး အခက်အခဲဖြစ်နေသော အိမ်ထောင်စုများအတွက် ဧပြီလ အတွင်းက We Love Yangon မှတစ်ဆင့် စားနပ်ရိက္ခာများ လှူဒါန်းခဲ့ပြီးနောက် မေလအတွင်း ကျပ်သိန်း ၅၀ မတည်ပြီး FCPN အဖွဲ့ကိုတည်ထောင်၍ အမှန်တကယ်လိုအပ်မှုရှိနေသော နေရာဒေသများမှ ပြည်သူများထံသို့ တစ်ဦးလျှင် ကျပ်တစ်သောင်းစီ လှူဒါန်းပေးခဲ့ခြင်းဖြစ်ကာ ထပ်မံ၍လည်း လှူဒါန်းသွားမည်ဖြစ်ကြောင်း၊ FCPN ၏ ဖေ့စ်ဘုတ်စာမျက်နှာတွင်လည်း အလှူငွေ ကောက်ခံရရှိသောစာရင်းများကို အမြဲတင်ပေးလျက်ရှိကြောင်း သိရသည်။ **ကိုလင်း**

## သရုပ်ဆောင် ဆောင်းယွန်းစံက ကိုဗစ်ကာလအလွန်တွင် Adventure Trip Program ရိုက်ကူးရန် ပြင်ဆင်နေ

သရုပ်ဆောင် ဆောင်းယွန်းစံက ကိုဗစ်-၁၉ ကြောင့် ရိုက်ကူးရေးများ ရပ်နားထားခဲ့ပြီးနောက် ပြန်လည်စတင်နိုင်မည်ဆိုပါက Adventure Trip Program တစ်ခုကို ရိုက်ကူးသွားရန်ရှိကြောင်း သိရသည်။

"ကိုဗစ်-၁၉ မဖြစ်ခင် ဆောင်းတို့ Plan ဆွဲထားတဲ့ Adventure Trip တွေကို ပြန်ရိုက်ကူးဖို့ ရှိပါတယ်။ ရိုက်ကူးရေး ပြန်စတင်လို့ရပြီဆိုရင် ဒီရိုက်ကူးမှုတွေ လုပ်ဖို့ရှိပါတယ်။ နယ်တွေသွားရိုက်ရမယ်ဆိုတော့ အချို့နယ်တွေကို သွားရိုက်ဖို့တော့ သေချာ ရွေးချယ်ညှိနှိုင်းပြီးမှ ရိုက်ကူးကြမှာပါ။ ဆောင်းအနေနဲ့ကတော့ ရိုက်ကူးရေး ပြန်စနိုင်တော့မှာမို့ ပျော်နေပါတယ်။ ကိုယ်တိုင်ကလည်း ခရီးသွားရတာ ဝါသနာပါတယ်။ အမှတ်တရလည်း ဖြစ်ပါတယ်"ဟု ဆောင်းယွန်းစံက ပြောသည်။

အဆိုပါ Program ကို သရုပ်ဆောင်များဖြစ်သည့် နေဒွေး၊ မီးနိုတို့ အပါအဝင် အခြားသရုပ်ဆောင်များနှင့်အတူရိုက်ကူးရန် စီစဉ်နေကြောင်း သိရသည်။ ဆောင်းယွန်းစံက မိမိမရောက်ဖူးသေးသည့် မြန်မာပြည်တွင်းခရီးအနေဖြင့် ကော့သောင်းသို့ ခရီးသွားချင်နေကြောင်း သိရသည်။ "ကင်မရာရှေ့ကို ပြန်ရောက်တော့မှာမို့ ရင်ခုန်ပြီးတော့ ပျော်နေပါတယ်။ ထုတ်လုပ်သူတွေ မတိုင်ပင်ရသေးတဲ့အတွက် ဒီ Program ကို ဘယ်မှာပြသမယ်၊ ဘယ်နေရာဒေသကိုသွားမယ် ဆိုတာတော့ ပြန်တိုင်ပင်ရဦးမှာပါ"ဟု ဆောင်းယွန်းစံက ဆက်လက်ပြောကြားသည်။

**ကိုလင်း**

## MRTV-4 ဇာတ်လမ်းတွဲမင်းသမီး မုဏ်းက ရိုက်လက်စဇာတ်လမ်းများကို ပြန်ရိုက်ချင်နေကြောင်း ပြောကြား

**MRTV-4 မှ ထုတ်လွှင့်ပြသခဲ့သော အလင်းထဲကလူ၊ ရွှေကြာဖူးသစ်၊ ဘယ်သူကနောက်ဆုံးကျန်ရစ်မလဲ၊ လိပ်ပြာနှောင်ကြိုး စသည့် ဇာတ်လမ်းတွဲများဖြင့် နာမည်ရလာသူ အမျိုးသမီးသရုပ်ဆောင် မုဏ်းအနေဖြင့် ကိုဗစ်ကာလအတွင်း ရပ်နားထားရသော ရိုက်လက်စဇာတ်လမ်းတွဲများကို ပြန်လည်ရိုက်ကူးချင်နေကြောင်း ပြောကြားသည်။**

**မေး။ ။ကိုဗစ်ကာလအတွင်း မုဏ်းအနေနဲ့ အနုပညာနဲ့ပတ်သက်ပြီး ဘာတွေ လေ့လာဖြစ်လဲ။**

ဖြေ။ ။မုဏ်းတို့ ရုပ်ရှင်သမားတွေကတော့ ရိုက်ကူးခွင့်မရကြသေးပါဘူး။ ဒါပေမယ့် မုဏ်းကတော့ ကိုဗစ်ကာလမှာ အချိန်တွေ အလကားမဖြစ်အောင် မုဏ်းရဲ့ အလုပ်နဲ့ပတ်သက်တဲ့ ဇာတ်လမ်းတွဲတွေ၊ ရုပ်ရှင်ဇာတ်ကားတွေ အများကြီး ကြည့်ဖြစ်တယ်။ အများဆုံး ကြည့်ဖြစ်တာက ကိုရီးယားကားတွေပဲ။ အရင်တုန်းကဆိုရင် ကိုရီးယားဒရာမာတွေ မကြည့်ဖြစ်ဘူး။ သူတို့ဇာတ်တွေက ဒရာမာတွေ၊ ဒေါသဖြစ်စရာတွေ များလွန်းလို့ မကြိုက်ဘူး။ သူတို့တွေ ဘယ်လို ပြင်ဆင်လဲ ဆိုတာကိုပဲ ကြည့်ဖြစ်တာ။ ကိုယ်နောက်ထပ်ရိုက်မယ့် ဇာတ်လမ်းတွဲတွေမှာ ဘယ်လိုဝတ်မယ် ဘယ်လိုပြင်ဆင်မယ်ဆိုတာတွေကအစပေ့ါနော်။ အမြင်ကျယ် လာတာပေ့ါ။

**မေး။ ။ရိုက်လက်စဇာတ်လမ်းတွဲလေးတွေကို ရပ်နားထားရတယ်နော်။**

ဖြေ။ ။လက်ရှိ မုဏ်းနဲ့ မင်းဘုန်းမြတ်တို့ရိုက်နေတဲ့ "စေတစ်လုံးမောင်ဖုန်း" ဆိုတဲ့ ကားလေးကတော့ ရိုက်လက်စ ရပ်ထားရပါတယ်။ တစ်ပတ်စာလောက်ပဲ ကျန်နေတာပါ။ အဲဒီကားလေး ရိုက်နေတုန်းကလည်း တစ်ခါတည်း အပြီးရိုက်ပေးပြီး နားလိုက်ချင်တာပေ့ါ။ ဒါပေမယ့် ရောဂါပိုးအခြေအနေက ဆိုးလာပြီး အရေးပေါ်အခြေအနေတွေ ဖြစ်လာတော့ ဘာမှမတတ်နိုင်ဘူးလေ။ ချက်ချင်း နားလိုက်ကြရတာ။ အခုချိန်မှာ ဒီဇာတ်ကားအတွက် ပြင်ဆင်ထားရတဲ့ ကိုယ့်ရဲ့ မျက်နှာပုံစံတွေ၊ ဆံပင်အနေအထားတွေ ကွက်တိမှ ဖြစ်သေးရဲ့လားလို့ စိတ်ပူမိတယ်။ ဒါပေမယ့် "လေဒီဒိန်းဂျား" ဇာတ်ကားလေးကတော့ ရိုက်တင်တာ နှစ်ပတ်လောက်မီသွားသေးတယ်ဆိုတော့ နည်းနည်းကံကောင်းသွားတယ်လို့ ပြောရမှာပေ့ါနော်။ Stay home ကာလမှာ သူများတွေတော့ မသိဘူး။ မုဏ်းကတော့ မပျင်းပါဘူး။ မနက်မိုးလင်းတာနဲ့ ဘာချက်စားရမလဲ စဉ်းစားပြီး ဟင်းတွေချက်တယ်၊ စားတယ်၊ ဂိမ်းဆော့တယ်၊ ယောဂကျင့်တယ်၊ စာအုပ်တွေဖတ်တယ်၊ ရုပ်ရှင်ကြည့်တယ်၊ အိမ်မှာ ကိုယ်တိုင် skin Care တွေ လုပ်ဖြစ်တယ်။

**မေး။ ။ပရိသတ်တွေကို ဘာတွေ ပြောချင်သေးလဲ။**

ဖြေ။ ။ပရိသတ်တွေကို မုဏ်း ပြောချင်တာကတော့ အခုလို အခြေအနေမှာ အားလုံးရဲ့ အခက်အခဲ အကျပ်အတည်းတွေကို မုဏ်းတွေးမိပါတယ်။ စိတ်မကောင်းလည်း ဖြစ်မိပါတယ်။ အခုအချိန်မှာက အားလုံးထိခိုက်ကြရတဲ့ အခြေအနေဖြစ်သွားတာပါ။ မုဏ်းတို့လို အနုပညာရှင်တွေပဲ ထိခိုက်တာ မဟုတ်ပါဘူး။ အားလုံးထိခိုက်တာပါ။ စီးပွားရေးလုပ်ငန်းရှင်တွေလည်း ထိခိုက်တယ်။ ကုမ္ပဏီဝန်ထမ်း၊ စက်ရုံအလုပ်ရုံက အလုပ်သမားတွေ၊ မီဒီယာတွေကအစ ထိခိုက်ကြတာပါ။ မုဏ်းတို့ဆိုလည်း ဥပမာ-ကုန်ပစ္စည်းကြော်ငြာတစ်ခု ရိုက်မယ်ဆိုရင်တောင် အဲဒီကုမ္ပဏီက ဦးမော့နိုင်ဦးမှ ဖြစ်မှာလေ။ ဘာမှမတတ်နိုင်ပါဘူး။ ဒီကပ်ရောဂါဆိုးကြီးရန်က အမြန်ဆုံး လွတ်မြောက်ဖို့အတွက် ချမှတ်ထားတဲ့ လိုက်နာရမယ့်စည်းကမ်းချက်တွေကို လိုက်နာရင်း မုဏ်းတို့ ဆုတောင်းကြရုံကလွဲလို့ ဘာမှ မတတ်နိုင်ဘူးလေနော်။ မုဏ်းဆို ကျန်းမာရေးဌာနက ချမှတ်တဲ့ လိုက်နာရမယ့် စည်းကမ်းချက်တွေကို လိုက်နာတယ်။ အခု မုဏ်း အပြင်ကနေ အိမ်ပြန်ရောက်ပြီဆိုတာနဲ့ အဝတ်အစားတွေ အကုန်ချွတ်လျှော်၊ ရေချိုးပြီး ခေါင်းပါလျှော်ပစ်လိုက်တာ။ မုဏ်းချစ်တဲ့ ပရိသတ်တွေလည်း နိုင်ငံတော်က ချမှတ်ထားတဲ့ လိုက်နာရမယ့် စည်းကမ်းတွေကို လိုက်နာပြီး မိမိကစ ကာကွယ်ကြပါ။



**ကိုလင်း**

## ဒါရိုက်တာအောင်ဖြိုး၏ "သစ်သီးခူး"ဇာတ်ညွှန်းကို ဆွစ်ဇာလန်နိုင်ငံ locarno Open Door Hub နှင့် အီတလီနိုင်ငံ Ties That Bind Workshop များတွင် တွဲဖက်ထုတ်လုပ်ရေးအတွက် ရွေးချယ်ခံရ

ဒါရိုက်တာအောင်ဖြိုး၏ "သစ်သီးခူး" ဇာတ်ညွှန်းကို နိုင်ငံတကာရုပ်ရှင် တွဲဖက်ထုတ်လုပ်ရေးအတွက် ဆွစ်ဇာလန်နိုင်ငံ locarno Open Door Hub နှင့် အီတလီနိုင်ငံ Ties That Bind Workshop တို့တွင် ဇွန်လဒုတိယပတ်က ရွေးချယ်ခြင်းခံရသည်။ အဆိုပါဇာတ်ညွှန်းသည် ၂၀၁၇ ခုနှစ် Memory Script Fund တွင် ဆုရရှိခဲ့ပြီး ၂၀၁၈ ခုနှစ် ဗီယက်နမ်နိုင်ငံ၌ ကျင်းပခဲ့သည့် Autumn Meeting တွင်လည်း ဇာတ်ညွှန်းဆု ရရှိခဲ့သည်။ ၂၀၁၉ ခုနှစ် ကိုရီးယားနိုင်ငံ၌ကျင်းပသည့် FLY Film Lab 2019 တွင်လည်းကောင်း၊ လာအိုနိုင်ငံ၌ ပြုလုပ်သည့် Luang Prabang Talent Lab 2019 တွင်လည်းကောင်း၊ စင်ကာပူနိုင်ငံ၌ ကျင်းပသည့် Southeast Asia Film Lab 2019 တွင်လည်းကောင်း နိုင်ငံတကာဇာတ်ညွှန်းပညာရှင်များနှင့် အကြိမ်ကြိမ်ဆွေးနွေးခဲ့သည့် ဇာတ်ညွှန်းဖြစ်ကြောင်း သိရသည်။

ဝဿန်ရုပ်ရှင်ပွဲတော် ဒါရိုက်တာ ကိုသိဒ္ဓိက ဇာတ်ညွှန်း၏ Creative Producer အဖြစ် သူ့အနေဖြင့် တာဝန်ယူဆောင်ရွက်ထားပါကြောင်း၊ ဒါရိုက်တာအောင်ဖြိုးသည် အိန္ဒိယရုပ်ရှင်ကျောင်း၌ ရုပ်ရှင်ပညာ လေ့လာခဲ့သူဖြစ်ပြီး သူ၏ "ပြာပြာညိုရောင် မှိုင်းတလဲ့လဲ့" အမည်နှင့် ရုပ်ရှင်ဇာတ်လမ်းတိုကို ဆွစ်ဇာလန်နိုင်ငံ Locarno ရုပ်ရှင်ပွဲတော်၌ Official Selection ပြိုင်ပွဲဝင်ရုပ်ရှင်အဖြစ် ရွေးချယ်ပြသခံခဲ့ ရပါကြောင်း၊ "သစ်သီးခူး" ဇာတ်ညွှန်းကို နိုင်ငံတကာနှင့် တွဲဖက်ထုတ်လုပ်ရန်အတွက် ချက်သမ္မတနိုင်ငံနှင့် ပြင်သစ်နိုင်ငံတို့မှ တွဲဖက်ထုတ်လုပ်သူများနှင့် သဘောတူညီမှုရရှိထားပြီးဖြစ်ပါကြောင်း၊ ၂၀၂၂ ခုနှစ်ထဲတွင် ရိုက်ကူးထုတ်လုပ်ပြီး ပြည်တွင်းတွင် ပြသရန် သာမက နိုင်ငံတကာရုပ်ရှင်ပွဲတော်များ၊ နိုင်ငံတကာရုပ်ရှင်ဈေးကွက်ကို ဝင်ရောက်ရန် ရည်ရွယ်ထားပါကြောင်း၊ မြန်မာ့ရုပ်ရှင်နှစ် (၁၀၀) ပြည့်လာပြီ ဖြစ်သောကြောင့် အနာဂတ်တွင် မြန်မာ့ရုပ်ရှင်များကို ယခုလို နိုင်ငံတကာထုတ်လုပ်ရေး များနှင့် ပူးတွဲရိုက်ကူးထုတ်လုပ်နိုင်သည့် လမ်းကြောင်းသစ်တစ်ခု ပေါ်ပေါက်လာရန် မျှော်လင့်ပါကြောင်း ပြောကြားသည်။ **ကျော်စွာ(FDC)**



ဒါရိုက်တာ အောင်ဖြိုး (ဝဲအစွန်)နှင့် ဆုရရှိသူများကို တွေ့ရစဉ်။

# ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ရှမ်းပြည်နယ်တောင်ပိုင်းကို အကျိုးပြုဆက်သွယ်ပေးမည့် ကျောက်ဂူ၊ နောင်ဝိုး၊ နမ့်လန်လမ်း

**သီပေါ ဇွန် ၁၉**

ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ရှမ်းပြည်နယ် တောင်ပိုင်းဒေသများ အလွယ်တကူ ကူးသန်းသွားလာနိုင်မည့် ဆက်သွယ်ရေးလမ်းကြောင်း တစ်ခုဖြစ်သော ကျောက်ဂူ-နောင်ဝိုး-ပန်ဝသဘာဝတံတား ကုန်းဆာ-နမ့်လန် - သီပေါလမ်းကြောင်းကို သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့မှ ၂၀၁၉ ခုနှစ် မတ်လအတွင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကျောက်ဂူ သဘာဝတံတားအထိ လမ်းပိုင်းကို နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့က လည်းကောင်း၊ သီပေါ-နမ့်လန် သဘာဝတံတားအထိ လမ်းပိုင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနက လည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျောက်ဂူ - နောင်ဝိုး - နမ့်လန်လမ်းသည် ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ရှမ်းပြည်နယ်တောင်ပိုင်းကို ဆက်သွယ်ထားပြီး ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် လမ်းဦးစီးဌာနပိုင်လမ်းဖြစ်လာသည်။ ယင်းလမ်းသည် လမ်းတစ်လျှောက်ရှိကျေးရွာ ၇၀၊ အိမ်ခြေ ၆၉၂၉ အိမ်၊ လူဦးရေ ၃၄၄၃၈ ကို အကျိုးဖြစ်ထွန်းစေပြီး စုစုပေါင်း ၅၁ မိုင် ၆ ဖာလုံ ရှည်လျားသည်။ ရှမ်းပြည်နယ်တောင်ပိုင်းမှ ၃၆ မိုင် ၂ ဖာလုံနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းမှ ၁၅ မိုင် ၄ ဖာလုံ တာဝန်ယူထိန်းသိမ်းပြီး ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် လမ်းဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေစုစုပေါင်း ၉၁၈ ဒသမ ၅၁ သန်းဖြင့်လည်းကောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေ ၁၃၉၀ ဒသမ ၈၆၇ သန်းဖြင့် လည်းကောင်း၊ ၁၈ ပေ အကျယ်၊ ကွန်ကရစ် ၂ မိုင် ၂ ဖာလုံ၊ ကတ္တရာလမ်း ၃ ဒသမ ၅ ဖာလုံ အာရ်စီတံတား၊ မြေသားပေါင်ပြုလုပ်ခြင်းနှင့် ပြုန်းလမ်းခင်းခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ထားကြောင်း သီပေါမြို့နယ်လမ်းဦးစီးဌာနမှူး ဒေါ်ပိုးအိအိစိုးက ပြောသည်။

ယခုလက်ရှိ အများဆုံးအသုံးပြုသွားလာနေကြသော ပြင်ဦးလွင်-နောင်ချို-ဂုတ်တွင်း(ဂုတ်ထိပ်)သီပေါ-



ကျောက်မဲ - လားရှိုး လမ်းကြောင်းသည် အဓိကပင်မဆက်သွယ်ရေးလမ်းမကြီးတစ်ခုဖြစ်သော်လည်း ဂုတ်တွင်း၌ ရံဖန်ရံခါ ကုန်တင်ယာဉ်တွဲကားကြီးများ လမ်းချော်တိမ်းမှောက်မှုဖြစ်ပါက ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်တတ်ရာ လမ်းပြန်ဖွင့်သည်အထိ အနည်းဆုံး ငါးနာရီခန့် စောင့်ဆိုင်းရသည်။ ရွှေညောင်၊ ရပ်စောက်၊ အင်တော၊ ကျောက်ဂူ၊ နောင်ချိုလမ်းသည် အတက်၊ အဆင်း မတ်စောက်ပြီး ဒုဋ္ဌဝတီတံတားကို ဖြတ်ကျော်ရမည့်အပြင် နောင်ချို အလွန် ဂုတ်တွင်းကိုဖြတ်ပြီးမှ ကျောက်မဲ၊ သီပေါ၊ လားရှိုးသို့ ရောက်နိုင်မည်ဖြစ်သည်။ ယခု ဖောက်လုပ်ပြီးစီးသော ရပ်စောက်၊ အင်တော၊ ကျောက်ဂူ၊ နောင်ဝိုး၊ ပန်ဝသဘာဝတံတား ကုန်းဆာ၊ နမ့်လန်လမ်းသည် သီပေါမှတစ်ဆင့် လားရှိုးသို့ဆက်သွယ်ထားပြီး ကျောက်ဂူ၊ နောင်ချိုလမ်းထက် ခရီးမိုင် ၃၀ နှင့် တောင်ကြီး၊ လွိုင်လင်၊ လဲချား၊ မိုင်းကိုင်၊ ပန်ကေတု၊ နမ့်လန်၊ သီပေါလမ်းထက် ခရီးမိုင် ၂၀ ကျော် တိုတောင်း သက်သာသွားကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့မစခန်းမှူး ဒုတိယရဲမှူး အောင်ဇော်မိုး၊ တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန၊ စာချုန်တော်ဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်နီနီဝင်း၊ ရန်ကုန်မြို့လူငယ်များ ဂေဟာအုပ်ချုပ်ရေးအဖွဲ့မှဥက္ကဋ္ဌ ဦးဉာဏ်ထွန်းထွန်းနှင့် ဘဏ္ဍာရေးမှူး ဦးမြင့်ဦးတို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ်အရေးယူ

**နေပြည်တော် ဇွန် ၁၉**

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်လူငယ်များ ရိပ်သာစည်းကမ်းထိန်းသိမ်းရေးနှင့် အလုပ်အမှုဆောင်အဖွဲ့မှ ရန်ကုန်လူငယ်များဂေဟာ စီမံခန့်ခွဲခွင့်ရရှိရေးအတွက် အငြင်းပွားမှုအပေါ် အပြန်အလှန် တရားစွဲဆိုသည့်ကိစ္စနှင့်ပတ်သက်၍ ပန်းဘဲတန်းမြို့နယ်မှ ဥပဒေအရာရှိ၊ တရားရုံး၊ ရဲစခန်းမှူးနှင့် တာဝန်ရှိသူတို့က ဦးဉာဏ်ထွန်းထွန်း ခေါင်းဆောင်သည့်အဖွဲ့ထံမှ လာဘ်ငွေများ တောင်းခံရယူခဲ့ခြင်းအား အရေးယူပေးပါရန် တိုင်ကြားခဲ့သည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့မစခန်းမှူး ဒုတိယရဲမှူး အောင်ဇော်မိုး (ယခု ဦးစီး(၅)၊ စီမံ/အုပ်ချုပ်ဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ နေပြည်တော်) သည် (ပ)၁၅၁/၂၀၁၈ ရာဇသတ်ကြီးပုဒ်မ ၄၅၁/၃၄၁/၄၂၇/၅၀၆/၁၁၄ အမှုနှင့် စပ်လျဉ်း၍ ရဲခံဝန်ချုပ် အာမခံပြုလုပ်ရာတွင် ဦးမြင့်ဦးထံက ငွေကျပ် ခြောက်သိန်းအား လက်ခံရယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ၎င်းအပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၆ အရ လည်းကောင်း၊ တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန၊ စာချုန်တော်ဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်နီနီဝင်း (ယခုမြောင်းမြခရိုင်ဥပဒေအရာရှိ)သည် ပန်းဘဲတန်းမြို့မရဲစခန်း၏ (ပ)၁၄၁/၂၀၁၈ ရာဇသတ်ကြီးပုဒ်မ ၄၀၉ နှင့် (ပ)၁၅၁/၂၀၁၈ ရာဇသတ်ကြီး ပုဒ်မ ၄၅၁/၃၄၁/၄၂၇/၅၀၆/၁၁၄ အမှု နှစ်မှုကို အကြံပေးပြင်ဆင်လိုသည့်ကိစ္စနှင့် ပတ်သက်၍ စုစုပေါင်း ငွေကျပ် ၅၇ သိန်းကို ခုနစ်ကြိမ်ခွဲ၍ လက်ခံရယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ၎င်းအပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၇ အရလည်းကောင်း၊ ရန်ကုန်မြို့ လူငယ်များ ဂေဟာအုပ်ချုပ်ရေးအဖွဲ့မှဥက္ကဋ္ဌ ဦးဉာဏ်ထွန်းထွန်းနှင့် ဘဏ္ဍာရေးမှူး ဦးမြင့်ဦးတို့သည် ဒုတိယရဲမှူး အောင်ဇော်မိုးနှင့် ဒုတိယညွှန်ကြားရေးမှူး ဒေါ်နီနီဝင်းတို့အား ငွေကြေးပေးခြင်း၊ စီမံခန့်ခွဲမှုပြုခြင်းတို့ဖြင့် အဂတိလိုက်စားမှုကျူးလွန်ရာတွင် အားပေးကူညီကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ၎င်းတို့ နှစ်ဦးအပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၆၃ အရ လည်းကောင်း ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့မရဲစခန်းနှင့် သက်ဆိုင်ရာရဲစခန်းများတွင် ဇွန် ၁၈ ရက်၌ ပထမသတင်းပေးတိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆိုအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**သတင်းစဉ်**

# ရိက္ခာ၊ ဆက်ကြေးတာဝန်ခံ AA အကြမ်းဖက်သောင်းကျန်းသူ ၁ ဦးအား ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၉**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များသည် AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ ရိက္ခာ၊ ဆက်ကြေးတာဝန်ခံတစ်ဦး လှုပ်ရှားနေကြောင်း သတင်းအရ ဇွန် ၈ ရက် မွန်းလွဲ ၁ နာရီခွဲခန့်တွင် ချက်ပေါက်ကျေးရွာရှိ ဦးကျော်တင်အောင်၏ နေအိမ်အား ကျေးရွာမှ ရပ်မိရပ်ဖများနှင့်အတူ သွားရောက်ရှာဖွေစစ်ဆေးခဲ့ရာ ၎င်းအား နေအိမ်ရှိ ကွပ်ပျစ်ပေါ်တွင် အနက်ရောင် ပလတ်စတစ်အိတ်ဖြင့် ထုပ်ပိုးထားသည့် တရုတ်လက်ပစ်ဗုံး တစ်လုံးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ဖမ်းဆီးရမိသူအား စစ်ဆေးချက်အရ ၂၀၁၈ ခုနှစ် မတ်လတွင် မအီမြို့၌ နေထိုင်သူ ဦးမောင်ကေး သည် AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ အဖွဲ့ဝင် ၄ ဦးနှင့်အတူ ကျေးရွာသို့ ရောက်ရှိလာသဖြင့် ကျေးရွာအတွင်း ငွေကြေးနှင့် ဆန်များ ကောက်ခံပေးခဲ့ကြောင်း၊ ၎င်းအား ချက်ပေါက်ကျေးရွာ၊ တောင်ကြီးကျေးရွာနှင့် ခမောင်းတင်ကျေးရွာများမှ ငွေကြေးနှင့် ဆန်များ ကောက်ခံရန် တာဝန်ပေးအပ်ခဲ့ပြီး မအီဘက်သို့ ပြန်လည်ထွက်ခွာသွားကြောင်း၊ ၎င်းအနေဖြင့် AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ထံသို့ ၂၀၁၉ ခုနှစ်အထိ တစ်နှစ်လျှင် ၃ ကြိမ်ခန့် ငွေနှင့်ဆန်များ ကောက်ခံပေးရကြောင်း၊ ၂၀၂၀ ပြည့်နှစ်၊ ဇွန် ၁ ရက် နံနက် ၁၁ နာရီခန့်တွင် ကျေးရွာသို့ အရပ်ဝတ်များဖြင့် လူစိမ်း ၂၀ ရောက်ရှိလာပြီး ညနေ ၄ နာရီ ၄၅ မိနစ်ခန့်တွင် မအီဘက်သို့ ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း၊ ၎င်းတို့အဖွဲ့ထဲမှ အဖွဲ့ဝင် တစ်ဦးသည် ချက်ပေါက်ကျေးရွာမှ ကျော်လွင်ဆိုသူ၏ နေအိမ်တွင် ညအိပ်ကျန်ခဲ့ပြီး နောက်တစ်နေ့တွင် မအီဘက်သို့ ကျော်လွင်မှ ဆိုင်ကယ်ဖြင့် လိုက်ပါပို့ဆောင်ပေးခဲ့ကြောင်း၊ ကျော်လွင် သည် AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ အဖွဲ့ဝင် ၁ ဦးဖြစ်ပြီး ယခင်ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်ကာ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ထံသို့ ထောက်ပံ့မှုများရှိခဲ့ကြောင်း၊ ယခုအခါ ပရိဘောဂလုပ်ငန်းများ လုပ်ကိုင်လျက်ရှိကြောင်း။

အထက်ပါသိမ်းဆည်းရမိသော လက်ပစ်ဗုံးမှာ ကျော်လွင်၏ လက်ပစ်ဗုံးဖြစ်ပြီး တပ်မတော်စစ်ကြောင်းများ ဝင်ရောက်စစ်ဆေးစဉ် ဖမ်းဆီးခံရမည်ကို ကြောက်လန့်၍ ကျော်တင်အောင်၏ နေအိမ်တွင် လာရောက်သိုဝှက်ထားခြင်းဖြစ်ကြောင်း။

အဆိုပါဖမ်းဆီးရမိ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ အမာခံ ၁ ဦးအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာမြို့မရဲစခန်းသို့ လွှဲပြောင်းအပ်နှံခဲ့ကြောင်း အဆိုပါသတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**သတင်းစဉ်**

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၉**

ပင်လည်ဘူးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဇွန် ၁၈ ရက် နံနက်ပိုင်းက ပင်လည်ဘူးမြို့နယ် ကျော်ရွာကြီး - ဘာဟဲကျေးရွာ ကားလမ်းတွင် လမ်းလျှောက်လာသူ စိုးထွေး အား စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၁ ဒသမ ၁ ကီလိုနှင့် ဓားတစ်ချောင်းကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ပင်လည်ဘူးမြို့နယ် တောင်ဒွန်းကျေးရွာအုပ်စု ကျော်ရွာကြီးကျေးရွာနေ နီတွတ်(ခ) ကျော်စိုးဦး၏ နေအိမ်ကို သွားရောက်ရှာဖွေရာ ဘိန်းဖြူ ၅ ဒသမ ၄၉ ကီလို ထပ်မံသိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ညပိုင်းက အေးသာယာနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် တောင်ကြီးမြို့နယ် အေးသာယာမြို့ အမှတ်(၁၀)ရပ်ကွက် အကွက်ကြီး(၈၉) အိမ်အမှတ် (၁၇၇/၁၇၈) နေ ဇေယျာထွန်း၏ နေအိမ်ကို ရှာဖွေရာ ၎င်းနှင့်အတူ ဇနီးဖြစ်သူ မစိုးစန္ဒာသွင်အား တွေ့ရှိ၍ အိပ်ခန်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၇၁၆၂ ပြား သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ အဆိုပါ နေအိမ်ရှေ့သို့ ဆိုင်ကယ်ဖြင့်ရောက်ရှိလာသူ အောင်ဖြိုးချစ် (ခ) သားဖြိုးအား စိတ်ကြွရူးသွပ်ဆေးပြား ၁၁၃ ပြား၊ ဖုန်းတစ်လုံးနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း၊ ဆက်လက်၍ တောင်ကြီးမြို့နယ် ပန်သခွားကျေးရွာနေ ထွန်းလင်းကျော်၏ နေအိမ်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၆၅ ပြားနှင့် ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

ထို့အတူ ယင်းနေ့ နံနက် ၉ နာရီက လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မိုင်းဆတ်မြို့နယ် ပူနားကိုကျေးရွာအနီးရှိ တောင်စောင်းချုံထဲတွင် မသင်္ကာဖွယ်တွေ့ရှိသဖြင့် ဖွင့်ဖောက်စစ်ဆေးရာ ငွေကျပ်သိန်း ၅၂၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၉၀၀၀၊ ဘိန်းဖြူသုည ဒသမ ၃၅ ကီလို၊ စိတ်ကြွရူးသွပ်ဆေးမှုန့်(ရေစို) ၆ ကီလို၊ မျောက်တံဆိပ်ပါ အနံ့ဆေးရည် ၈ လီတာခန့်၊ ပွိုင့် ၃၂ ပစ္စတို တစ်လက်၊ ခဲယမ်းမျိုးစုံနှင့်ဆက်စပ်ပစ္စည်းများ၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို လည်းကောင်း၊ သိမ်းဆည်းရမိခဲ့ပြီး အလားတူ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အဆိုပါနေရာအနီးတွင် လူမနေသည့် တောင်ယာတဲတစ်လုံးအား မသင်္ကာဖွယ်တွေ့ရှိသဖြင့် ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၅၅၀၀ ကိုလည်းကောင်း ထပ်မံသိမ်းဆည်းရမိခဲ့သည်။

အလားတူ ထိုနေ့ ညနေပိုင်းက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ လားရှိုးမြို့နယ် လားရှိုး-မိုင်းယော်ကားလမ်း နားဖကျေးရွာအနီးတွင် သန်းအောင် မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ နှင့် ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိ ခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ခိုးမှုပြစ်ချက်ဟောင်းရှိသူ နှစ်ဦးကို စစ်ဆေးရာမှ အခြားခိုးမှုများ ထပ်မံဖော်ထုတ်နိုင်ခဲ့

**ရန်ကုန် ဇွန် ၁၉**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားချက်နှင့်အညီ မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်မှုဖြင့် ခရိုင်မှုခင်းနှိမ်နင်းရေး ဌာနစုမှ တပ်ဖွဲ့ဝင်များနှင့် မင်္ဂလာဒုံမြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဇွန် ၁၃ ရက် နံနက် ၁၁ နာရီခွဲတွင် မင်္ဂလာဒုံမြို့နယ်အတွင်း ခိုး၊ ဆိုး၊ လု၊ နှိုက်သတင်းများ စုံစမ်းဆောင်ရွက်နေစဉ် ခိုးမှုပြစ်ချက်ဟောင်းရှိသူ အောင်ဖြိုးလင်း (ခ) ငှက်ကလေးနှင့် နေလင်းအောင်(ခ) ခေါင်းကြီးတို့ကို သဃ်န်းကျွန်းကြီးကျေးရွာ ကာယ ၁၂ လမ်းနှင့် အမှတ် (၃) လမ်းဘေး၌ တွေ့ရှိစစ်ဆေးရာ ၎င်းတို့ နှစ်ဦးသည် ဧပြီလက ကာယ (၉) လမ်းဘေးကွမ်းယာဆိုင်အတွင်းမှ MI အမျိုးအစား ဖုန်းတစ်လုံး ခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ဖမ်းဆီးအရေးယူခဲ့သည်။

ဖမ်းဆီးရမိသူ အောင်ဖြိုးလင်း(ခ) ငှက်ကလေးနှင့် နေလင်းအောင်(ခ) ခေါင်းကြီးတို့ကို အခြားခိုးမှုများ ကျူးလွန်ခဲ့ခြင်း ရှိ/မရှိ စစ်ဆေးရာ ၂၀၂၀ ပြည့်နှစ် ဧပြီလမှ ဇွန်လအထိ မင်္ဂလာဒုံမြို့နယ် သဃ်န်းကျွန်းကြီးကျေးရွာအတွင်း လှည့်လည်သွားလာ၍လမ်းဘေး၌ရပ်ထားသောဆိုင်ကယ် ၁၁ စီးနှင့်အဆိုပါလမ်းဘေးရှိ နေအိမ်များအတွင်းမှ ဖုန်းရှစ်လုံးကို ခိုးယူခဲ့ကြောင်း ထပ်မံစစ်ဆေးပေါ်ပေါက်ခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ အမှုမှ သက်သေခံပစ္စည်း ဆိုင်ကယ် ၁၁ စီးနှင့် ဖုန်းရှစ်လုံးအား ပြန်လည်သိမ်းဆည်းရရှိပြီးဖြစ်၍ ပြစ်မှုကျူးလွန်သူ အောင်ဖြိုးလင်း (ခ) ငှက်ကလေးနှင့် နေလင်းအောင် (ခ) ခေါင်းကြီးတို့ နှစ်ဦးအား ဥပဒေနှင့်အညီ အမြန်တရားစွဲတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

## ဈေးနှုန်းတင်သွင်းလွှာတင်သွင်းနိုင်ပါကြောင်း ကြေညာခြင်း

ပညာရေးဝန်ကြီးဌာန၊ လေ့လာဆန်းစစ်အကဲဖြတ်ရေးအဖွဲ့ (သုတေသန)မှ စွမ်းဆောင်ရည်ဖွံ့ဖြိုးမှုရန်ပုံငွေ အစီအစဉ်ဖြင့် ဆောင်ရွက်မည့် Procurement of Consulting Services – RFP No.22 Basic Education E-library, Myanmar Digital Education Platform (MDEP) လုပ်ငန်းနှင့် Procurement of Consulting Services–RFP No. 23 PTA Communication Network App လုပ်ငန်းများအတွက် ၉-၆-၂၀၂၀ရက်မှ ၇-၇-၂၀၂၀ ရက်အထိ ဈေးနှုန်းတင်သွင်းလွှာများ တင်သွင်းနိုင်ပါကြောင်းနှင့် အသေးစိတ်ကြည့်ရှုလိုပါက http://www.moe-st.gov.mm နှင့် http://www.themimu.info တို့တွင် ကြည့်ရှုနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

အသေးစိတ်သိရှိလိုပါက ဒေါက်တာဝင်းသန်းထွန်း၊ ညွှန်ကြားရေးမှူး၊ ဖုန်း- ၀၆၇-၄၀၇၁၁၂၊ ၀၉-၂၅၀၁၀၁၂၂၉၊ drwinthantun@moe.edu.mm သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**လေ့လာဆန်းစစ်အကဲဖြတ်ရေးအဖွဲ့(သုတေသန)**
**ပညာရေးဝန်ကြီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊အဆောက်အဦဦးစီးဌာန၊တည်ဆောက်ရေး(၁)၊ အဆောက်အဦအထူးအဖွဲ့(၂)မှ တာဝန်ယူတည်ဆောက်နေသည့် နေပြည်တော်ကောင်စီနယ်မြေ သမ္မတရုံးဝန်ကြီးဌာန ရုံးအသစ် အဆောက်အဦတွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဖြည့်စွက်ရန်ပုံငွေဖြင့် လိုအပ်သောစံချိန်စံညွှန်းမီ အရည်အသွေးပြည့်ဝသော လျှပ်စစ်ပစ္စည်းများနှင့် ဆက်စပ်လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်ကြော်ငြာအပ်ပါသည်။

(က) **တင်ဒါလျှောက်လွှာရောင်းမည့်ရက်** - ၁၉-၆-၂၀၂၀ ရက်(ရုံးချိန်အတွင်း)
(ခ) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၁၈-၇-၂၀၂၀ ရက် ညနေ(၄:၀၀)နာရီ
(ဂ) **တင်ဒါဖွင့်မည့်ရက်/အချိန်/နေရာ** - ၂၁-၇-၂၀၂၀ ရက်၊မွန်းလွဲ(၁)နာရီ ရုံးအမှတ်(၄၀)၊ အဆောက်အဦဦးစီးဌာနရုံး (အသစ်)၊အစည်းအဝေးခန်းမ
(ဃ) **ဆက်သွယ်ရန်ဖုန်း** - ၀၆၇-၄၀၇၀၇၉၊၀၉-၄၃၀၀၈၂၅၂

**(ပြောင်းလဲမှုရှိပါက ထပ်မံအကြောင်းကြားပါမည်)**

(အသေးစိတ်အချက်အလက်များကို လျှပ်စစ်ဌာနခွဲ၊အဆောက်အဦဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၄၀)၊နေပြည်တော်တွင် ရုံးချိန်အတွင်းဝယ်ယူစုံစမ်းနိုင်ပါသည်။)

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**အဆောက်အဦဦးစီးဌာန**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၄၀)၊နေပြည်တော်**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊မင်္ဂလာဒုံမြို့နယ်၊ ခရေပင်ရိပ်မွန်အိမ်ရာ(၂)၊ ပန်းချယ်ရီလမ်း၊ အမှတ်(၂၅)နေ ဦးသန်းနိုင်အေး ၇/ပမန(နိုင်)၁၀၇၃၄၂ ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီးကျေးရွာ၊ မြေတိုင်းရပ်ကွက်ကွင်းအမှတ်-(၅၃၄/အေ)၊ မြေကွက်အမှတ်(၁၉)၊ အကျယ်အဝန်း (ပေ၈၀xပေ၆၀) မြေကွက်၊ $R_2$-$R_3$ မြေအမျိုးအစား၊ ဧက ၁ဒသမ၃ မြေကွက်နှင့်စပ်လျဉ်း၍ ကျွန်ုပ်၏မိတ်ဆွေ ဦးသန်းနိုင်အေးအနေဖြင့် စွန့်လွှတ်ထားသည်ဖြစ်သောကြောင့် လုံးဝပိုင်ဆိုင်မှုမရှိကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးသန်းနိုင်အေး၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးယုကြိုင်(LL.B)(စဉ်-၂၃၉၅၇) (အထက်တန်းရှေ့နေ)**
**အမှတ်-၆၁၀/ခ၊ အသဃကလမ်း(၂၀)၊ (၁၀)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၂၅၄၀၂၁၉၂၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၉၈ ပဲမိုကုန်း၊ မြေကွက်အမှတ်-၈၈ ၏ တစ်စိတ်တစ်ဒေသ ဧရိယာ ၆ဒသမ၅၂၇၆ကေ၏ အစိတ်အပိုင်း မြေကွက်တည်နေရာအမှတ်(၃၂/က)၊ သဇင်လမ်း၊ ထန်းပင်ကုန်း၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ် (မောင်ဘအုံးဖေ၊ မဒေါ)အမည်ပေါက် B မြေပိုင်မြေ ၃(ခ) ပေး၍ ဤမြေအား အင်းစိန်မြို့နယ် တရားရုံးတရားမကြီးမှုအမှတ်(၉၀/၂၀၁၉)ဖြင့် ပဋိညာဉ်အတိုင်း မြေနှင့်အိမ်အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ပေးစေလိုမှုနှင့် ၃(က) လျှောက်ထားပေးစေလိုမှု၏ ၂-၁၂-၂၀၁၉ရက်စွဲပါ တရားရုံးအမိန့်နှင့်ဒီကရီ၊ တရားမဇာရီမှုအမှတ်-၄၇/၂၀၁၉ဖြင့် ဘိလစ်ခန့်အပ်ကြောင်း အမိန့်ချမှတ်လိုက်သည်။ ၁၃-၁-၂၀၂၀ရက်စွဲပါ တရားရုံးနေ့စဉ်မှတ်တမ်းနှင့် ထုံးပုံကျအပြီးသတ်အမိန့်၊ အင်းစိန်မြို့နယ် တရားရုံးမှ ဒေါ်မိုးမိုးအေးအား ဘိလစ်ခန့်အပ်ကြောင်း ၂၁-၁-၂၀၂၀ရက်စွဲဖြင့် ဌာနသို့အကြောင်းကြားစာတင်ပြပြီး ဘိလစ်ဒေါ်မိုးမိုးအေး ၁၂/အစန(နိုင်)၁၂၂၁၈၄ မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၈၊ မြေကွက်အမှတ် ၈၃၆(က)၊ မြေကွက်တည်နေရာအမှတ် (၈၃၆/က)၊ (၈၈)ရပ်ကွက်၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ ဦးအောင်ကြည် ISN-၂၈၈၇၉၀ အမည်ပေါက်ပါမစ်မြေအား ပါမစ်မြေအမည်ပါ ဦးအောင်ကြည်၏ ဆက်ခံသူအမည်ပါရှိသော ဒေါ်သင်းသင်းမြင့် ISN-၅၃၉၇၈၃ ထံမှ အရပ်ကတိစာချုပ်ဖြင့် မြေကွက်အမှတ် (၈၃၆/က+၈၃၆/ခ) ပေ(၂၀x၆၀) (၂)ကွက်အား ၃-၈-၁၉၉၆ ရက်တွင် ဦးပန်းလှိုင် CK-၀၂၄၂၈၃ မှ ဝယ်ယူ၍လည်းကောင်း၊ ဦးပန်းလှိုင်ထံမှ အရပ်ကတိစာချုပ်ဖြင့် ၁၀-၇-၂၀၀၆ရက်တွင် မြေကွက်အမှတ် (၈၃၆/က)၊ (၈၃၆/ခ)၊ (၇၉၉/က)၊ (၇၉၉/ခ) ပေ(၂၀x၆၀) (၄)ကွက်အား ဒေါ်မိမိလေး ၁၂/သဃက(နိုင်)၁၄၇၆၂၂ မှ ဝယ်ယူ၍ လည်းကောင်း၊ ဒေါ်မိမိလေးထံမှ အရပ်ကတိစာချုပ်ဖြင့် ၂၆-၉-၂၀၀၉ရက်တွင် မြေကွက်အမှတ် ၈၃၆/က အား ဦးအောင်စိန် ၁၂/သဃက(နိုင်)၀၀၄၉၀၁ မှ ဝယ်ယူ၍လည်းကောင်း၊ ဦးအောင်စိန်ထံမှ အရပ်ကတိစာချုပ်ဖြင့် ၁၂-၁၁-၂၀၁၂ရက်တွင် ဒေါ်နုဝင်းထွန်း ၁၃/တကန(နိုင်)၂၀၄၄၇၉မှ ဝယ်ယူ၍ ပါမစ်မူရင်း (အိမ်ရာဆောင်လုပ်ခွင့်နှင့် မှီခိုသူများစာရင်းစာရွက်တွင် မြေနေရာချထားပေးခံရသူလက်မှတ်မပါပါ)၊ အရှေ့ပိုင်းခရိုင်တရားရုံးမှ တရားမကြီးမှုအမှတ် (၆၀၇/ ၂၀၁၄) (၃၀-၈-၂၀၁၈)တွင် ပလပ်ကြောင်း ချမှတ်ထားသည့်အမိန့်၊ စာချုပ်တို့တင်ပြ၍ နှစ် ၆၀ မြေငှား(ဂရန်)လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက် ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ
### (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
### မော်လမြိုင်ခရိုင်တရားရုံးတော်
### ၂၀၂၀ပြည့်နှစ် တရားမအထွေထွေမှုအမှတ်-၁၂

ကွယ်လွန်သူ မိရိုဇာနဆီရူဒင်(ခ)ဦးမောင်ငယ်နှင့် အဆီယာဘီ(ခ)ဒေါ်လှနုတို့၏ ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု မော်လမြိုင်မြို့၊ စစ်ကဲကုန်းရပ်၊ တောင်ရိုးတန်းလမ်း(ယခင်ကယ်ဗင်လမ်း)၊ အမှတ်(၂၄)ဝင်း၊ အကွက်အမှတ်(၄၇)၊ ဦးပိုင်အမှတ်(၅၈)၊ ဧရိယာ ၀ဒသမ၇၄၉ကေ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ မိရိုဇာနဆီရူဒင်(ခ)ဦးမောင်ငယ် နှင့် အဆီယာဘီ(ခ)ဒေါ်လှနုတို့၏ ကျန်ရစ်သော ပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးတင်ဝင်း(ခ) မိရိုဇာမိုဆလူဒင်နိက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၀ပြည့်နှစ် ဇွန် ၂၉ရက်(၁၃၈၂ခုနှစ် ပထမဝါဆိုလဆန်း ၁၀ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ မိရိုဇာနဆီရူဒင်(ခ)ဦးမောင်ငယ်နှင့် အဆီယာဘီ(ခ)ဒေါ်လှနုတို့၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟုထင်မြင်လျှင်)ဆိုခဲ့သော ၂၀၂၀ပြည့်နှစ် ဇွန် ၂၉ရက် (၁၃၈၂ခုနှစ် ပထမဝါဆိုလဆန်း ၁၀ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန်အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်က ဦးတင်ဝင်း(ခ)မိရိုဇာမိုဆလူဒင်န်၏ လျှောက်လွှာအပေါ် ၌စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၀ပြည့်နှစ် ဇွန် ၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စိုးလင်းအောင်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မော်လမြိုင်ခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန် ဆင့်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ- ၁နှင့်၅)
### မင်းဘူးခရိုင်တရားရုံးတော်
### ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ်-၁၂

| | | |
|---|---|---|
| ဒေါ်တင်ကြည် | နှင့် | "စိန်ရွှေမင်း"ရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်(ဦးဝင်းနိုင် အသင်းလက်ရှိဥက္ကဋ္ဌ) |
| **တရားလို** | | **တရားပြိုင်** |

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စလင်းမြို့နယ်၊ ပုထိုးဖြူရပ်ကွက်၊ "စိန်ရွှေမင်း" ရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်မှ အသင်းဝင်များနှင့် အကျိုးသက်ဆိုင်သူများသိစေရမည်။

သင့်အပေါ် တရားလိုက ခွင့်ပြုချက်ဖြင့် အခမဲ့နေထိုင်သူများအား ဈေးဆိုင်ခန်းအဆောက်အအုံကိုပါ ဖျက်သိမ်းဖယ်ရှားနှင့်ထုတ်ပေးစေလိုမှု စွဲဆိုသည်ဖြစ်၍ "စိန်ရွှေမင်း" ရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်မှ တစ်ဦးဦး၊ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဇွန် ၂၅ ရက် မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဇွန် ၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ထွန်းထွန်းအောင်)**
**ခရိုင်တရားသူကြီး**
**မင်းဘူးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ် (၁+၇+၈ကျောက်တောင်တိုးချဲ့)၊ ဦးပိုင်အမှတ် (၁၉၇)၊ ဧရိယာ ၀ဒသမ၀၉၆ကေရှိ အမှုတွဲအမှတ်-၃၂၀-၅/၁၉၉၆-၉၇ (စီ)ဖြင့် ဦးစိုင်းစိုးမောင် အမည်ပေါက်ပြီး ၎င်းမှ ဒေါ်ယုယုသို့ ရောင်းဝယ်စာချုပ် အမှတ်(၆၈၁I/၂၀၀၀)ဖြင့်လည်းကောင်း၊ ဒေါ်ယုယုထံမှ ဒေါ်မို့မို့က ရောင်းဝယ်စာချုပ်အမှတ်(၇၇I/၂၀၀၃)ဖြင့်လည်းကောင်း ဝယ်ယူပိုင်ဆိုင်ထားပြီး ဒေါ်မို့မို့၏ အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဒေါ်မြင့်မြင့်မော်ထံမှ ၁၄-၅-၂၀၂၀ရက်တွင် အိမ်မြေကွက်အရောင်းအဝယ်စာချုပ်အမှတ်(၁၅၀IV/၂၀၂၀)ဖြင့် ဦးမောင်သန်း ၁၃/မမတ(နိုင်)၀၀၇၃၅၆ က ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်သဖြင့် မြေငှားဂရန်အမည်ပြောင်း ထပ်မံအသစ်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိက ရက်ပေါင်း (၂၀)အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ်(ထင်းရှူးမြိုင်စီမံကိန်း)၊ ဦးပိုင်အမှတ်(၃၄)၊ ဧရိယာ ၀ဒသမ၀၆၀ကေရှိမြေအား ခရိုင်မြို့ပြစနစ်စီမံကိန်းအကောင်အထည်ဖော်ရေးကော်မတီ၊ လားရှိုးမြို့၏ ၅-၆-၂၀၂၀ရက်စွဲပါ ယာယီမြေပေးမိန့်အမှတ်(၀၁၀/၂၀၂၀)ဖြင့် ဦးမျိုးသက်ခိုင်သို့ မြေနေရာချထားပေးပြီးဖြစ်၍ ဦးမျိုးသက်ခိုင် ၁၃/လရန(နိုင်)၀၈၂၃၈၁ အမည်ဖြင့် မြေငှားဂရန်/လိုင်စင်အသစ်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိက ရက်ပေါင်း(၃၀)အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သန်လျင်ကြယ်စင်အိမ်ရာ၊ ကြယ်စင်မြို့တော် အိမ်ရာစီမံကိန်းအတွင်းရှိ သံလွင်ရိပ်မွန်အိမ်ရာစီမံကိန်းအဆင့်၊ တိုက်အမှတ်(အေ-၃)၊ အခန်းအမှတ်-၆၁၅၊ အခန်းအမျိုးအစား (TYPE-A)၊ ဧရိယာ ၁၁၈၅စတုရန်းပေ အကျယ်အဝန်းရှိ တိုက်ခန်းနှင့်ယင်းတိုက်ခန်း၌ ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်နန်းရင်ရင် ၉/ခအဇ(နိုင်)၀၀၂၆၉၁ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ထက်ထက်တင့် ၁၂/ဥကတ(နိုင်)၁၄၁၆၇၉ က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်နှင်းဇာခြည်မြင့်** | **ဦးကိုကိုဇော်** |
| **LL.B,D.B.L,D.M.L,D.I.L, D.I.P.L,W.I.P.O(Swit)** | **LL.B, W.I.P.O(Swit)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၄၁)** | **အထက်တန်းရှေ့နေ(စဉ်-၄၈၆၆၉)** |

**အမှတ်(၅၀)၊ အခန်း(D-4/5)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး ဖုန်း-၀၉-၄၄၃၁၀၅၅၈၃၊ ၂၅၄၅၄၆၃၆၅၊ ၀၉-၇၇၀၀၀၅၅၈၃**

## ဖြန့်ဖြူးသူပြောင်းလဲခြင်းအသိပေးကြေညာခြင်း

ပြည်ပထုတ်လုပ်သူ Shaanxi Biogen Crop Science Co.,Ltd. ကုမ္ပဏီမှ မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါပိုးသတ်ဆေးများကို ပြည်တွင်းမူလဖြန့်ဖြူးသည့် Myanmar Wai Fung Agriculture Co.,Ltd. မှ Myanmar Woodpecker Agroscience Co.,Ltd. သို့ ဖြန့်ဖြူးသူပြောင်းလဲ၍ တင်သွင်းဖြန့်ဖြူးရောင်းချမည်ဖြစ်ပါသည်။

| စဉ် | ပိုးသတ်ဆေး ကုန်သွယ်မှုအမည် | အဆိပ်ရှိပစ္စည်းအမျိုးအစား | မှတ်ပုံတင်အမျိုးအစား | မှတ်ပုံတင်အမှတ် |
|---|---|---|---|---|
| ၁။ | BZ Sniper | Profenofos 500g/l EC | Provisional | P2018-4434 |
| ၂။ | BZ Global Hawk | Cyromazine 75% SP | Provisional | P2018-4433 |
| ၃။ | BZ Invincible | Chlorothalonil 75% WP | Provisional | P2018-4388 |
| ၄။ | BZ Wall | Sulfur 50% SC | Provisional | P2018-4416 |

သို့ဖြစ်ပါ၍ အဆိုပါဖြန့်ဖြူးသူပြောင်းလဲခြင်းကို ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်သို့ ဤကြော်ငြာပါသည့်ရက်မှစ၍ နှစ်ပတ်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းကြေညာအပ်ပါသည်။

Myanmar Woodpecker Agroscience CO.,LTD. အမှတ်-၁၇၇၊ က(၃)လမ်း၊ (က)ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၆၉၆၅၉၀၆၆၄၊ ၀၉-၄၀၃၇၂၃၈၅၄

## ဖြန့်ဖြူးသူပြောင်းလဲခြင်းအသိပေးကြေညာခြင်း

ပြည်ပထုတ်လုပ်သူ Shenzhen Noposion Agrochemicals Co.,Ltd. ကုမ္ပဏီမှ မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါပိုးသတ်ဆေးများကို ပြည်တွင်းမူလဖြန့်ဖြူးသည့် Htet Thiha Naing Co.,Ltd. မှ Myanmar Woodpecker Agroscience Co.,Ltd. သို့ ဖြန့်ဖြူးသူပြောင်းလဲ၍ တင်သွင်းဖြန့်ဖြူးရောင်းချမည်ဖြစ်ပါသည်။

| စဉ် | ပိုးသတ်ဆေး ကုန်သွယ်မှုအမည် | အဆိပ်ရှိပစ္စည်း အမျိုးအစား | မှတ်ပုံတင်အမျိုးအစား | မှတ်ပုံတင်အမှတ် |
|---|---|---|---|---|
| ၁။ | Htet Mat Tin | Abamection 5% EC | Full | F2019-1931 |
| ၂။ | Htet Hexa | Hexaconazole 25%SC | Full | F2020-2732 |
| ၃။ | Noposion Atra 38 SC | Atrazine 38% SC | Provisional | P2017-3925 |
| ၄။ | Noposion Safon 250 SL | Fomesafen 250 g/l SL | Provisional | P2017-3927 |
| ၅။ | Noposion Phosate 480 SL | Glyphosate 480 g/l SL | Provisional | P2017-3928 |

သို့ဖြစ်ပါ၍ အဆိုပါဖြန့်ဖြူးသူပြောင်းလဲခြင်းကို ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်သို့ ဤကြော်ငြာပါသည့်ရက်မှစ၍ နှစ်ပတ်အတွင်း လာရောက်ကန့်ကွက် နိုင်ပါကြောင်းကြေညာအပ်ပါသည်။

Myanmar Woodpecker Agroscience Co.,Ltd အမှတ်-၁၇၇၊ က(၃)လမ်း၊ (က)ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၆၉၆၅၉၀၆၆၄၊ ၀၉-၄၀၃၇၂၃၈၅၄

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်း)၊ (၁၂)ရပ်ကွက်ပိုင်း၊ စောမဟာလမ်း၊ အမှတ် ၃၀၂၊ အကျယ်အဝန်း ပေ(၄၀x၆၀)ရှိ ပါမစ်မြေ၊ မြေကွက်နှင့်ယင်းမြေပေါ်ရှိ အဆောက်အအုံအပါအဝင်ဆိုင်ရာဆိုင်ခွင့်အရပ်ရပ်ကို (ကွယ်လွန်သူဒေါ်ရင်နု)၏ ကျန်ရစ်သူ သားသမီးများ(၅)ဦးက ပိုင်ဆိုင်ကြောင်း ဖွင့်ဟပြောဆိုလျက် ၎င်းတို့၏ အထွေထွေကိုယ်စားလှယ်စာရသူ (ဒေါ်ရင်နု၏သမီးဖြစ်သူ) ဒေါ်အေးအေးခိုင် ၁၂/ဥကတ(နိုင်)၁၃၂၅၄၇ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက အဆိုပါမြေနှင့် အိမ်အပါအဝင်ဆိုင်ရာဆိုင်ခွင့်အရပ်ရပ်ကို လွှဲပြောင်းဝယ်ယူရန် စရန်ငွေအချို့အဝက်ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူရှိပါက ခိုင်လုံသောအထောက်အထားဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကန့်ကွက်သူမရှိပါက လွှဲပြောင်းရောင်းဝယ်သည့်ကိစ္စကို ဥပဒေ နှင့်အညီ ပြီးပြတ်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| **ဦးလှမောင် B.A(Phi), H.G.P;R.** | **ဉာဏ်လင်းမောင် LL.B** | **ဒေါ်ရီနွယ်ထွန်း LL.B** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **စဉ်-၁၉၁၀/၈၀** | **စဉ်-၄၉၉၅၆/၂၀၁၈** | **စဉ်-၅၀၆၁၁/၂၀၁၈** |
| **ဖုန်း-၀၉-၉၇၇၃၅၉၅၆၉** | | **ဖုန်း-၀၉-၄၂၉၇၂၇၂၅၅** |

**(၉၅)/(၃)လွှာ၊ လမ်းသွယ်(၁)၊ (၁၀၁)လမ်း၊ ဖို့မြေရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့**

## အများသိစေရန်ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက် (၅၊၆)၊ အကွက်အမှတ်(၅+၆+၇တိုးချဲ့)အတွင်းရှိ ဧရိယာ ၃ဒသမ၂၂၁ကေအား ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂-၄-၂၀၂၀ရက်စွဲပါ ပုံမှန်အစည်းအဝေးအမှတ်စဉ်(၁-၄/၂၀၂၀)ဆုံးဖြတ်ချက်အပိုဒ်-၅(၁-ဗ)အရမြေစာရင်းပုံစံ(၁၀၅)(၁၀၆)ရေးဆွဲပြီး အောက်ပါပုဂ္ဂိုလ်များမှ မြေငှားဂရန်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ရက်ပေါင်း (၃၀)အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| စဉ် | အမည် | အကွက်အမှတ် | ဦးပိုင်အမှတ် | ဧရိယာ | ဂရန်အမျိုးအစား |
|---|---|---|---|---|---|
| ၁ | ဒေါ်မြင့်မြင့်ဝင်း ၁၃/လရန(နိုင်)၀၉၆၉၇၀ | ၅+၆+၇တိုးချဲ့ | ၁၀၇/၈၀၆ | ၀.၆၇၈ | အသစ်လျှောက် |
| ၂ | ဒေါ်မြင့်မြင့်ဝင်း ၁၃/လရန(နိုင်) ၀၉၆၉၇၀ | ၅+၆+၇တိုးချဲ့ | ၁၀၉/၇၅၅ | ၀.၁၈၂ | အသစ်လျှောက် |
| ၃ | ဒေါ်မြင့်မြင့်ဝင်း ၁၃/လရန(နိုင်) ၀၉၆၉၇၀ | ၅+၆+၇တိုးချဲ့ | ၁၁၂/၅၀၈ | ၀.၀၈၈ | အသစ်လျှောက် |
| ၄ | ဒေါ်မြင့်မြင့်ဝင်း ၁၃/လရန(နိုင်) ၀၉၆၉၇၀ | ၅+၆+၇တိုးချဲ့ | ၁၁၇/၅၇၃ | ၀.၁၂၁ | အသစ်လျှောက် |
| ၅ | ဒေါ်မြင့်မြင့်ဝင်း ၁၃/လရန(နိုင်) ၀၉၆၉၇၀ | ၅+၆+၇တိုးချဲ့ | ၁၂၁/၅၅၂ | ၀.၃၂၆ | အသစ်လျှောက် |
| ၆ | ဒေါ်မြင့်မြင့်ဝင်း ၁၃/လရန(နိုင်) ၀၉၆၉၇၀ | ၅+၆+၇တိုးချဲ့ | ၁၀၆/၇၅၆ | ၀.၂၆၉ | အသစ်လျှောက် |
| ၇ | ဦးအောင်ကောင်းမြတ် ၁၃/လရန(နိုင်)၂၀၇၆၉၆ | ၅+၆+၇တိုးချဲ့ | ၁၁၄/၆၈၈ | ၀.၄၀၇ | အသစ်လျှောက် |
| ၈ | ဦးထက်နိုင်အောင် ၁၃/လရန(နိုင်)၂၁၀၈၀၁ | ၅+၆+၇တိုးချဲ့ | ၁၁၃/၇၃၂ | ၀.၃၄၇ | အသစ်လျှောက် |
| ၉ | ဦးထွန်းမြင့်အောင် ၁၃/လရန(နိုင်)၀၀၀၉၁၅ | ၅+၆+၇တိုးချဲ့ | ၁၀၈/၇၅၄ | ၀.၅၆၈ | အသစ်လျှောက် |
| ၁၀ | ဒေါ်သီရိယမင်းအောင်၁၃/လရန(နိုင်)၂၁၀၈၀၂ | ၅+၆+၇တိုးချဲ့ | ၁၂၆/၅၂၆ | ၀.၂၃၅ | အသစ်လျှောက် |

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ဖခင်အမည်မှန်

ကျိုင်းတုံမြို့၊ အထက(၄)၊ တက္ကသိုလ်ဝင်တန်း တက်ရောက်မည့် မနန်တောင်း၏ ဖခင်အမည်မှန်မှာ ဦးလာနန် ၁၃/ကတန(နိုင်)၁၀၄၆၁၄ ဖြစ်ပါကြောင်း။

**ဦးလာနန်**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 2Q/1166 Toyota Revo Gun 126 L ယာဉ်လက်ဝယ်ရှိသူ ဦးဇေယျာဦး ၇/ကတခ(နိုင်)၁၁၆၈၉၁ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(တာချီလိတ်)**

## ဖခင်အမည်မှန်

တာချီလိတ်မြို့၊ ဆန်ဆိုင်း(အထက)၊ တက္ကသိုလ်ဝင်တန်းမှ မောင်ဇော်မျိုး ၏ဖခင်အမည်မှန်မှာ ဦးမင်းနိုင် ၁၃/ကတန(နိုင်)၀၀၂၂၅၄ ဖြစ်ပါကြောင်း။ **ဦးမင်းနိုင်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅/C ညောင်တုန်း၊ မြေကွက်အမှတ်-၇၉၊ ဧရိယာ ၀ဒသမ၂၆၇ကေ မြေကွက်တည်နေရာအမှတ်-၃၉၊ အထက်ဗဟိုလမ်း၊ ကြို့ကုန်းအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်(ဦးဘိုးထွန်း)အမည်ပေါက် B လ/န ၃၉ (စိုက်ပျိုးရေးသုတေသနစခန်းမြေအဖြစ် အသုံးပြုရန်သတ်မှတ်)မြေအား ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၂၂၉/၂၀၁၉ ဖြင့် မြေနှင့်အိမ် အရောင်းအဝယ်စာချုပ် မှတ်ပုံတင်ပေးစေလိုမှု၏ ၁၈-၁၀-၂၀၁၉ရက်စွဲပါ စီရင်ချက်နှင့်ဒီကရီ၊ တရားမဇာရီမှုအမှတ်- ၁၁၂/၁၉ဖြင့် ဘိလစ်ခန့်အပ်ကြောင်း အမိန့်ချမှတ်လိုက်သည့် ၂၀-၁-၂၀၂၀ရက်စွဲပါ တရားရုံးနေ့စဉ်မှတ်တမ်းနှင့် ထုံးပုံကျအပြီးသတ်အမိန့်၊ ဘိလစ်ခန့်အပ်ကြောင်း အကြောင်းကြားစာတို့တင်ပြ၍ ဘိလစ် ဒေါ်မေမိုးသီရိ ၁၂/အစန(နိုင်)၂၃၉၁၈၄ မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**




## ဖြန့်ဖြူးသူပြောင်းလဲခြင်းအသိပေးကြေညာခြင်း

ပြည်ပထုတ်လုပ်သူ Shaanxi Royal Cropscience Co.,Ltd ကုမ္ပဏီမှ မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါ ပိုးသတ်ဆေးများကို ပြည်တွင်းမူလဖြန့်ဖြူးသည့် Myanmar Wai Fung Agriculture Co.,Ltd မှ Myanmar Woodpecker Agroscience Co.,Ltd သို့ ဖြန့်ဖြူးသူပြောင်းလဲ၍ တင်သွင်းဖြန့်ဖြူးရောင်းချမည်ဖြစ်ပါသည်။

| စဉ် | ပိုးသတ်ဆေး ကုန်သွယ်မှုအမည် | အဆိပ်ရှိပစ္စည်း အမျိုးအစား | မှတ်ပုံတင် အမျိုးအစား | မှတ်ပုံတင်အမှတ် |
|---|---|---|---|---|
| ၁။ | Mighten | Difenoconazole 250g/l EC | Provisional | P2019-4747 |

သို့ဖြစ်ပါ၍ အဆိုပါဖြန့်ဖြူးသူပြောင်းလဲခြင်းကို ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး မြန်မာနိုင်ငံ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်သို့ ဤကြော်ငြာပါသည့်ရက်မှစ၍ နှစ်ပတ်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

Myanmar Woodpecker Agroscience Co.,Ltd အမှတ်-၁၇၇၊ က(၃)လမ်း၊ (က)ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၆၉၆၅၉၀၆၆၄၊ ၀၉-၄၀၃၇၂၃၈၅၄

## ဖြန့်ဖြူးသူပြောင်းလဲခြင်းအသိပေးကြေညာခြင်း

ပြည်ပထုတ်လုပ်သူ Dongguan Ruidefeng Biotechnology Co.,Ltd ကုမ္ပဏီမှ မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါ ပိုးသတ်ဆေးများအား ပြည်တွင်းမူလဖြန့်ဖြူးသည့် Htet Thiha Naing Co.,Ltd မှ Myanmar Woodpecker Agroscience Co.,Ltd သို့ ဖြန့်ဖြူးသူပြောင်းလဲ၍ တင်သွင်းဖြန့်ဖြူးရောင်းချမည်ဖြစ်ပါသည်။

| စဉ် | ပိုးသတ်ဆေး ကုန်သွယ်မှုအမည် | အဆိပ်ရှိပစ္စည်း အမျိုးအစား | မှတ်ပုံတင် အမျိုးအစား | မှတ်ပုံတင်အမှတ် |
|---|---|---|---|---|
| ၁။ | MAR DAR | Chlorpyrifos 15% GR | Provisional | 2015-2533 |

သို့ဖြစ်ပါ၍ အဆိုပါဖြန့်ဖြူးသူပြောင်းလဲခြင်းကို ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး မြန်မာနိုင်ငံ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်သို့ ဤကြော်ငြာပါသည့်ရက်မှစ၍ နှစ်ပတ်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

Myanmar Woodpecker Agroscience Co.,Ltd အမှတ်-၁၇၇၊ က(၃)လမ်း၊ (က)ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၆၉၆၅၉၀၆၆၄၊ ၀၉-၄၀၃၇၂၃၈၅၄

## ဖြန့်ဖြူးသူပြောင်းလဲခြင်းအသိပေးကြေညာခြင်း

ပြည်ပထုတ်လုပ်သူ Fujian Sino-dashing Bio-Tech Co.,Ltd ကုမ္ပဏီမှ မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါ ပိုးသတ်ဆေးများကို ပြည်တွင်းမူလဖြန့်ဖြူးသည့် Myanmar Wai Fung Agriculture Co.,Ltd မှ Myanmar Woodpecker Agroscience Co.,Ltd သို့ဖြန့်ဖြူးသူပြောင်းလဲ၍ တင်သွင်းဖြန့်ဖြူးရောင်းချမည်ဖြစ်ပါသည်။

| စဉ် | ပိုးသတ်ဆေး ကုန်သွယ်မှုအမည် | အဆိပ်ရှိပစ္စည်း အမျိုးအစား | မှတ်ပုံတင် အမျိုးအစား | မှတ်ပုံတင်အမှတ် |
|---|---|---|---|---|
| ၁။ | Bacare | Kasugamycin 2%SL | Provisional | P2019-4708 |

သို့ဖြစ်ပါ၍ အဆိုပါဖြန့်ဖြူးသူပြောင်းလဲခြင်းကို ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး မြန်မာနိုင်ငံ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်သို့ ဤကြော်ငြာပါသည့်ရက်မှစ၍ နှစ်ပတ်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

Myanmar Woodpecker Agroscience Co.,Ltd အမှတ်-၁၇၇၊ က(၃)လမ်း၊ (က)ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၆၉၆၅၉၀၆၆၄၊ ၀၉-၄၀၃၇၂၃၈၅၄

## ဖြန့်ဖြူးသူပြောင်းလဲခြင်းအသိပေးကြေညာခြင်း

ပြည်ပထုတ်လုပ်သူ Dongguan Ruidefeng Biotechnology Co.,Ltd ကုမ္ပဏီမှ မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါ ပိုးသတ်ဆေးများကို ပြည်တွင်းမူလဖြန့်ဖြူးသည့် Myanmar Wai Fung Agriculture Co.,Ltd မှ Myanmar Woodpecker Agrosicence Co.,Ltd သို့ဖြန့်ဖြူးသူပြောင်းလဲ၍ တင်သွင်းဖြန့်ဖြူးရောင်းချမည်ဖြစ်ပါသည်။

| စဉ် | ပိုးသတ်ဆေး ကုန်သွယ်မှုအမည် | အဆိပ်ရှိပစ္စည်း အမျိုးအစား | မှတ်ပုံတင် အမျိုးအစား | မှတ်ပုံတင်အမှတ် |
|---|---|---|---|---|
| ၁။ | RDF Dicozole 37WG | Difenoconazole 37%WG | Provisional | 2015-2531 |
| ၂။ | RDF Fundione 255 SC | Iprodione 255 g/L SC | Provisional | 2015-2532 |
| ၃။ | RDF Better | Hexaconazole 5%ME | Provisional | P2018-4447 |
| ၄။ | RDF Granary | Tricyclazole 75% WP | Provisional | P2019-4527 |
| ၅။ | RDF Predator | Thiamethoxam 25% WG | Provisional | P2018-4266 |
| ၆။ | RDF Hunter | Niclosamide 70% WP | Provisional | P2018-4441 |
| ၇။ | RDF Roarer | Chlorfenapyr 100 g/L SC | Provisional | P2018-4435 |
| ၈။ | RDF Guard | Bifenthrin 100 g/L EC | Provisional | P2018-4460 |
| ၉။ | RDF Skynet | Buprofezin 25% WP | Provisional | P2018-4438 |
| ၁၀။ | RDF Assault | Deltamethrin 2.5%ME | Provisional | P2018-4437 |
| ၁၁။ | RDF Witness | Cyromazine 50%SP | Provisional | P2018-4436 |
| ၁၂။ | RDF Replacer | Bifenthrin 10%EW | Provisional | P2018-4459 |
| ၁၃။ | Bluten | Copper Hydroxide 77% WP | Provisional | P2019-4745 |
| ၁၄။ | Dowmar | Dimethomorph 80% WG | Provisional | P2019-4713 |

သို့ဖြစ်ပါ၍ အဆိုပါဖြန့်ဖြူးသူပြောင်းလဲခြင်းကို ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး မြန်မာနိုင်ငံ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်သို့ ဤကြော်ငြာပါသည့်ရက်မှစ၍ နှစ်ပတ်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

Myanmar Woodpecker Agroscience Co.,Ltd အမှတ်-၁၇၇၊ က(၃)လမ်း၊ (က)ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၆၉၆၅၉၀၆၆၄၊ ၀၉-၄၀၃၇၂၃၈၅၄

## ဖြန့်ဖြူးသူပြောင်းလဲခြင်းအသိပေးကြေညာခြင်း

ပြည်ပထုတ်လုပ်သူ Shenzhen Noposion Agrochemicals Co.,Ltd ကုမ္ပဏီမှ မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါ ပိုးသတ်ဆေးများကို ပြည်တွင်းမူလဖြန့်ဖြူးသည့် Myanmar Wai Fung Agriculture Co.,Ltd မှ Myanmar Woodpecker Agroscience Co.,Ltd သို့ဖြန့်ဖြူးသူပြောင်းလဲ၍ တင်သွင်းဖြန့်ဖြူးရောင်းချမည်ဖြစ်ပါသည်။

| စဉ် | ပိုးသတ်ဆေး ကုန်သွယ်မှုအမည် | အဆိပ်ရှိပစ္စည်း အမျိုးအစား | မှတ်ပုံတင် အမျိုးအစား | မှတ်ပုံတင်အမှတ် |
|---|---|---|---|---|
| ၁။ | Noposion M-Mancozeb 58% WP | Mancozeb 48%+Metalaxyl 10%WP | Full | F2019-1921 |
| ၂။ | Noposion Paraquat 20% SL | Paraquat 20%SL | Full | F2019-1922 |
| ၃။ | Noposion Imida 70% WG | Imidacloprid 70%WG | Full | F2019-1937 |
| ၄။ | Noposion Acetamiprid 20%SP | Acetamiprid 20% SP | Full | F2019-1932 |
| ၅။ | Noposion Abamectin 1.8%EC | Abamectin 1.8% EC | Provisional | 2015-2729 |
| ၆။ | Noposion Azoxystrobin | Azoxystrobin 25% WG | Provisional | 2016-3098 |
| ၇။ | Noposion Acetamiprid WG | Acetamiprid 70% WG | Provisional | 2016-3096 |
| ၈။ | Noposion Imida 600 SC | Imidacloprid 600 g/L SC | Provisional | 2016-3097 |
| ၉။ | Linn Yone | Lambda-cyhalothrin 5%ME | Full | F2019-1920 |
| ၁၀။ | Poe That Sayar | Emamectin Benzoate 5%ME | Full | F2019-1934 |
| ၁၁။ | Shwe Yan Kinn | Emamectin Benzoate 0.6% +Lambda-cyhalothrin 2% ME | Provisional | P2018-1930 |
| ၁၂။ | NPS Stronger | Sodium Nitrophenolate 1.8% SL | Provisional | P2018-4426 |
| ၁၃။ | NPS Easy | Dichlorvos 90% SL | Provisional | P2018-4268 |
| ၁၄။ | NPS Sweeper | Metaldehyde 6% GR | Provisional | P2018-4440 |
| ၁၅။ | NPS Sentry | Deltamethrin 2.5%WP | Provisional | P2018-4267 |
| ၁၆။ | Goobue | Zineb 65% WP | Provisional | P2019-4720 |
| ၁၇။ | Boonove | Propineb 70%WP | Provisional | P2019-4711 |

သို့ဖြစ်ပါ၍ အဆိုပါဖြန့်ဖြူးသူပြောင်းလဲခြင်းကို ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး မြန်မာနိုင်ငံ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်သို့ ဤကြော်ငြာပါသည့်ရက်မှစ၍ နှစ်ပတ်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

Myanmar Woodpecker Agroscience Co.,Ltd အမှတ်-၁၇၇၊ က(၃)လမ်း၊ (က)ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၆၉၆၅၉၀၆၆၄၊ ၀၉-၄၀၃၇၂၃၈၅၄

## ပတ်စ်ပို့ပျောက်

ကျွန်တော် CHI CHEIN ၁/မကန(ဧည့်)၀၀၁၄၅၉၏ ပတ်စ်ပို့နံပါတ် MB209532မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၈၄၈၃၉၉၈

## ပတ်စ်ပို့ပျောက်

ကျွန်မ မအင်ဂျာဂျာနန်ရော် ၁/မကန(နိုင်)၁၅၃၉၉၀၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၃၇၇၂၇၁၀

## ပတ်စ်ပို့ပျောက်

ကျွန်မ မနွယ်လီအောင် ၁/မကန(နိုင်)၁၉၆၂၇၀၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၃၇၇၂၇၁၀

## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ ယုဇနရပ်ကွက်၊ အလက(၉) အဋ္ဌမတန်းအောင်မှ မသဇင်မိုး၏ ဖခင်အမည်မှန်မှာ ဦးဂိုကူလ် ၁/မကန(နိုင်)၂၁၆၇၀၇ ဖြစ်ပါကြောင်း။

## ဖြန့်ဖြူးသူပြောင်းလဲခြင်းအသိပေးကြေညာခြင်း

ပြည်ပထုတ်လုပ်သူ Guangdong Haode Crop Science Co.,Ltd. ကုမ္ပဏီမှ မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါ ပိုးသတ်ဆေးများကို ပြည်တွင်းမူလဖြန့်ဖြူးသည့် Myanmar Wai Fung Agriculture Co.,Ltdမှ Myanmar Woodpecker Agrosicence Co.,Ltd သို့ ဖြန့်ဖြူးသူပြောင်းလဲ၍ တင်သွင်းဖြန့်ဖြူးရောင်းချမည်ဖြစ်ပါသည်။

| စဉ် | ပိုးသတ်ဆေး ကုန်သွယ်မှုအမည် | အဆိပ်ရှိပစ္စည်း အမျိုးအစား | မှတ်ပုံတင် အမျိုးအစား | မှတ်ပုံတင်အမှတ် |
|---|---|---|---|---|
| ၁။ | HD Choice | Atrazine 48%WP | Provisional | P2018-4422 |
| ၂။ | HD Close | Pretilachlor 30% EC | Provisional | P2018-4423 |
| ၃။ | HD Partner | Cyhalofop-butyl 100 g/l EC | Provisional | P2018-4424 |
| ၄။ | HD Cover | Bensulfuron-Methyl 30% WP | Provisional | P2018-4425 |
| ၅။ | HD Elite | Haloxyfop-P-methyl 108 g/l EC | Provisional | P2018-4450 |

သို့ဖြစ်ပါ၍ အဆိုပါဖြန့်ဖြူးသူပြောင်းလဲခြင်းကို ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး မြန်မာနိုင်ငံ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်သို့ ဤကြော်ငြာပါသည့်ရက်မှစ၍ နှစ်ပတ်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

Myanmar Woodpecker Agroscience Co.,Ltd အမှတ်-၁၇၇၊ က(၃)လမ်း၊ (က)ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၆၉၆၅၉၀၆၆၄၊ ၀၉-၄၀၃၇၂၃၈၅၄

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်း Winners' Academy Private High School & Maw Cherry Boarding Schoolမှ သတ္တမတန်းအောင်မြင်သော မစွဲယဉ်ခမ်းအား မစွဲ့ခမ်းယဉ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မစွဲ့ခမ်းယဉ်

## အမည်ပြောင်း

ဦးဝင်းထွဋ် ၈/မကန(နိုင်) ၂၀၅၇၃၁၏ သား နေပြည်တော်၊ ဥတ္တရသီရိမြို့ Victoria Land ကိုယ်ပိုင်အထက်တန်းကျောင်းမှ နဝမတန်း အောင်မြင်ခဲ့သော မောင်သြဘာထွဋ်အား မောင်အုပ်စိုးထွဋ်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်အုပ်စိုးထွဋ်

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

# ဒေါ်သိန်းတင်

မန္တလေး

အသက်(၈၈)နှစ်

မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း(MYEA)၏ နာယကကြီး၊ ဝဏ္ဏကျော်ထင်၊ စည်သူ၊ သရေစည်သူ ဦးအောင်ကိုဝင်း(နာယက- KBZ Bank/ KBZ Group) - အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်နန်းသန်းထွေး(လူမှုထူးချွန်ပထမဆင့်)တို့၏ မိခင်၊ ဒေါ်နန်းလိုင်းခမ်း၊ ဒေါ်နန်းခမ်းနောင့် နှင့် ဒေါ်နန်းမိုဟွမ်တို့၏အဘွား ဒေါ်သိန်းတင်သည် ၇-၆-၂၀၂၀ရက်(တနင်္ဂနွေနေ့)ညနေ ၅:၄၀ နာရီတွင် ရွှေဂုံတိုင် အထူးကုဆေးရုံကြီး(SSC)၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း (ESSCCI)

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

# ဒေါ်သိန်းတင်

အသက်(၈၈)နှစ်

KBZ Bank/ KBZ Group နာယကကြီး ဦးအောင်ကိုဝင်း- ဒေါ်နန်းသန်းထွေးတို့၏ မိခင်၊ ဒေါ်နန်းလိုင်းခမ်း(ဒုတိယအမှုဆောင်အရာရှိချုပ်-KBZ Bank )၊ ဒေါ်နန်းခမ်းနောင့်(ဒုတိယအမှုဆောင်အရာရှိချုပ် -KBZ Bank)နှင့် ဒေါ်နန်းမိုဟွမ်(အမှုဆောင်ဒါရိုက်တာ- KBZ Bank )တို့၏ အဘွား ဒေါ်သိန်းတင်သည် ၇-၆-၂၀၂၀ရက်(တနင်္ဂနွေနေ့)ညနေ ၅:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဘလှမောင်၊ ဦးစံလွင်၊
ဦးဝင်းသောင်း၊ ဦးမြင့်ဆွေ-၁၂
(အကောက်ခွန် အရာထမ်းဟောင်းများ)

## အထူးဝမ်းနည်းကြေကွဲခြင်း

# ဟာဂျီမ ဟာစီနာ(ခ) ဒေါ်စိန်တင်

အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ် ၁၆၃နေ ဒေါက်တာခင်ဆွေမြင့်(ဒုတိယညွှန်ကြားရေးမှူး၊ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန)၏ ချစ်လှစွာသော မိခင် ဟာဂျီမ ဟာစီနာ(ခ) ဒေါ်စိန်တင် အသက်(၇၅)နှစ်သည် ၁၇-၆-၂၀၂၀ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

Ph.D (Computer Hardware Technology)
1st Batch မှ သူငယ်ချင်းများ

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

# ဒေါ်ခင်စန်းချစ်(အတာ)ပခုက္ကူ

အသက်(၉၅)နှစ်

ပခုက္ကူမြို့နေ (ဦးချစ်-ဒေါ်ခင်သန်း)တို့၏သမီး၊ (ဦးဘ-ဒေါ်စောတင်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်း ၅လမ်းမြောက်၊ အမှတ် ၈၈စီနေ (ဦးအုန်းကျော်)၏ချစ်လှစွာသောဇနီး၊ ဒေါ်သီသီကျော်၊ ဒေါ်အေးအေးကျော်၊ ဒေါ်မြမြကျော်၊ ဉူးနန္ဒိယ (ဦးမောင်မောင်ကျော်)၊ ဒေါ်အုန်းအုန်းကျော်-ဦးမြင့်ဝင်းကျော်၊ ဒေါ်ယဉ်ယဉ်ကျော်-ဦးသန်းဆွေ၊ ဒေါ်ခိုင်ခိုင်ကျော်-ဦးနိုင်မင်းထွဋ်၊ ဦးဇေကိုကိုကျော်၊ ဦးဇေညီညီကျော်တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မြေး ၁၀ယောက်၊ မြစ်ခုနစ်ယောက်တို့ ၏အဘွားသည် ၁၈-၆-၂၀၂၀ရက်(ကြာသပတေးနေ့)ညနေ ၄:၃၆နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၆-၂၀၂၀ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင်ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

# ဒေါ်ခင်စန်းချစ်(အတာ)ပခုက္ကူ

အသက်(၉၅)နှစ်

ပခုက္ကူမြို့နေ (ဦးချစ်-ဒေါ်ခင်သန်း)တို့၏သမီး၊ (ဦးဘ-ဒေါ်စောတင်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်း ၅လမ်းမြောက်၊ အမှတ် ၈၈စီနေ (ဦးအုန်းကျော်)၏ချစ်လှစွာသောဇနီး၊ (ဒေါ်ခင်ဝမ်းချစ်-ဦးအေး)၊(ဦးဘလင်းချစ်-ဒေါ်ခင်ထားလတ်)၊ (ဦးဘဝင်းချစ်-ဒေါ်ထားကြည်)၊ (ဦးဘနှင်းချစ်-ဒေါ်ထားထားရီ)၊(ဦးဘသင်းချစ်-ဒေါ်မြင့်မြင့်လွင်)၊ ဦးဘဌေးချစ်-ဒေါ်ခင်သိန်း၊ ဦးဘထွေးချစ်၊ ဒေါ်နွယ်မာလာချစ်-(ဦးသိန်းဟံ)တို့၏အစ်မသည် ၁၈-၆-၂၀၂၀ရက်(ကြာသပတေးနေ့)ညနေ ၄:၃၆နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၆-၂၀၂၀ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင်ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူညီအစ်ကိုမောင်နှမများ

## ခရစ်တော်၌အိပ်ပျော်ခြင်း

# ဒေါ်သီတာ(ခ)Pi Thuam Uap

အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၂)ရပ်ကွက်၊ ၃၁/၆၇၊ စံပယ်လမ်းသွယ်နေ (Col.H.Kam Pum)၏ချစ်လှစွာသောဇနီး၊ ဒေါ်စုစုရီ(ခ)Nu Hau Khan Man (အလက-၃၊ ထခွဲ၊ ရွှေပြည်သာ)-Pa Thawng Khan Mung, (Rev.Thang Suan Mang)-ဒေါ်ခင်လေးမွန်(ခ)Nu Cing Lam Do Niang (ဘဏ်ခွဲမန်နေဂျာ၊ကမာရွတ်(၂)၊ မြန်မာ့ရှေ့ဆောင်ဘဏ်)၊ ဒေါ်စုစုအေး(ခ) Nu Dim Lun Cing-ဦးစောဆေးဟဲ(Australia )၊ ဒေါ်ကေသီ(ခ) Nu Kim Tuul Cing-Pa Go Khan Kang(Australia),(Lia Thang Sian Huai)တို့၏ချစ်လှစွာသောမိခင်၊ Tg Nang Khan Pau,Lia Uap Sian Hon Siam,Tg Pum Sian Lam Sang, Sharon Rose(ခ)Lia Uap Sian Hoih No, Lily Sae (ခ)Lia Maan Neih Paak, Olive Sae(ခ)Tg Pum Mual Sang တို့၏ အဘွားသည် ၁၈-၆-၂၀၂၀ရက်(ကြာသပတေးနေ့)နံနက် ၁၀:၄၅ နာရီတွင် အထက်ပါနေအိမ်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၀-၆-၂၀၂၀ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် Agape Zomi Baptist Church (AZBC) ဦးဆောင်မှုဖြင့် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေး အကြောင်းကြား အပ်ပါသည်။ ကျန်ရစ်သူမိသားစု

# ဒေါ်ခင်ခင်ငြိမ်း

ကုန်သွယ်/လယ်ယာ(၁)ငြိမ်း

အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁၀/တောင်ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ် ၉၄၇/က နေ (ဦးသန်း-ဒေါ်ဝဲ)တို့၏သမီး၊ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ သဲဖြူကျေးရွာနေ (ဦးစောအေး-ဒေါ်စောတင်)တို့၏ သမီး ချွေးမ၊ ဦးမျိုးလွင်ထူး-ဒေါ်သစ်သစ်ဦး၊ ဦးနိုင်လင်းကျော်၊ ဦးပွင့်မောင်မောင်ငြိမ်းတို့၏မိခင်၊ (ဦးပွင့်သစ်)၏ဇနီးသည် ၁၈-၆-၂၀၂၀ရက်(ကြာသပတေးနေ့) နံနက် ၇:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂နာရီ တွင် ကျီစုသုသာန်၌ သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၄-၆-၂၀၂၀ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အလ္လာအသျှင်မြတ် အမိန့်တော်ခံယူခြင်း

# ဟာဂျီမ ဒေါ်ဟာစီနာဘေဂမ်(ခ)ဒေါ်စိန်တင်

အသက်(၇၅)နှစ်

ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နေ [ဟာဂျီ ဦးအာဆာဗုဒ္ဒိန်(ခ)ဦးဘခင်-ဟာဂျီမ ဒေါ်လတီဖာ]တို့၏သမီး၊ (ဟာဂျီ အိုဗိုင်ဒိုရာမာန်- ဟာဂျီမ ဒေါ်ဇူဗေဒါ)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ် ၁၆၃၊ ပထမထပ်နေ (ဟာဂျီ ဦးကျော်မြင့်)၏ချစ်လှစွာသောဇနီး၊ ဟာဂျီမ ဒေါ်ခင်ခင်မြင့်-ဟာဂျီ ဦးအာဘူလ်နာဆေရ်(ခ)ဦးဝင်းလှိုင်၊ ဒေါ်ကြည်ကြည်မြင့်- ဦးဆီရာဇူ ရာမာန်)၊ ဒေါ်လှလှမြင့်၊ ဟာဂျီမ ဒေါ်နီလာမြင့်- ဟာဂျီ ဦးလှတင်၊ ဒေါက်တာခင်ဆွေမြင့်၊ ဦးကျော်ထင်-ဒေါ်ကြူကြူထွေး၊ ဟာဂျီမ ဒေါ်ဥမ္မာမြင့်၊ ဟာဂျီ ဦးမောင်မောင်ဝင်းတို့၏ မိခင်သည် ၁၇-၆-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၅:၄၀နာရီတွင် အလ္လာအသျှင်မြတ် အမိန့်တော်ခံယူသွားပါသဖြင့် ၁၈-၆-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင်ရေဝေးဥယျာဉ်တော်၌ ဒါဖနာပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဇီဝမျိုးစုံမျိုးကွဲတွေ
ကြွယ်စေဖို့
သဘာဝ
တောတွေ
ထိန်းသိမ်းစို့

## အလ္လာအသျှင်မြတ် အမိန့်တော်ခံယူခြင်း

# ဟာဂျီမ ဒေါ်ဟာစီနာဘေဂမ်(ခ)ဒေါ်စိန်တင်

အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ် ၁၆၃၊ ပထမထပ်နေ (ဟာဂျီ ဦးကျော်မြင့်)၏ချစ်လှစွာသောဇနီး၊ မကေရီလှိုင်-မောင်စောမြင့်(ခေတ္တ-ဒိန်းမတ်)၊ မကေသရီလှိုင်၊ မောင်ရဲမိုးမြင့်(ခေတ္တ-ဒိန်းမတ်)၊ မနေဇာလှတင်(ခေတ္တ-ဒိန်းမတ်)၊ မသော်တာလှတင်(ခေတ္တ-ဒိန်းမတ်)၊ မောင်အာကာလှတင်(ခေတ္တ-ဒိန်းမတ်)၊ မဟမ်ဆာအမ်ဒူရဟင်း(ဒိန်းမတ်)၊ မောင်ဖွဲ့စည်သူထက်(ခေတ္တ-နော်ဝေ)၊ မကြယ်စင်လင်းလက်(ခေတ္တ-နော်ဝေ)၊မောင်ရဲဝင့်မောင်၊ မဝင့်ဝါမောင်၊ မဝင့်ဝါကျော်ထင်၊ မောင်မြင့်မြတ်ကျော်ထင်၊ မဝင်းလက်ရွှေရည် တို့၏အဘွား၊ မမေရီမြင့်မိုရ်၏ အဘွားသည် ၁၇-၆-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၅:၄၀နာရီတွင် အလ္လာအသျှင်မြတ် အမိန့်တော်ခံယူသွားပါသဖြင့် ၁၈-၆-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးဥယျာဉ်တော်၌ ဒါဖနာပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူ မြေး၊မြစ်များ

## အလ္လာအသျှင်မြတ် အမိန့်တော်ခံယူခြင်း

# ဟာဂျီမ ဒေါ်ဟာစီနာဘေဂမ်(ခ)ဒေါ်စိန်တင်

အသက်(၇၅)နှစ်

ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နေ [ဟာဂျီ ဦးအာဆာဗုဒ္ဒိန်(ခ)ဦးဘခင်-ဟာဂျီမ ဒေါ်လတီဖာ] တို့၏သမီး၊ (ဟာဂျီ အိုဗိုင်ဒိုရာမာန်- ဟာဂျီမ ဒေါ်ဇူဗေဒါ)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ် ၁၆၃၊ ပထမထပ်နေ (ဟာဂျီ ဦးကျော်မြင့်)၏ချစ်လှစွာသောဇနီး၊ ဟာဂျီ ဦးလှမြင့်(ခ)ဦးအာမာနူလ္လာ-ဟာဂျီမ ဒေါ်မူနဝါရာ၊ ဟာဂျီ ဦးစောမြင့်(ခ)ဦးဇာဖုလ်အုလ္လာ- ဟာဂျီမ ဒေါ်မယ်ရီယမ်၊ ဟာဂျီမဒေါ်ဂျာဟေဒါ-(ဦးနူလ်အီစလာမ်)၊(ဦးဆလ်နာအုလ္လာ)-ဒေါ်စပူဒါ၊ ဆရာ ဟာဘီအုလ္လာ(ခ)ဦးဝင်းမြင့် - ဆရာမ ဒေါ်ဟာမီဒါ၊ ဟာဂျီမ ဒေါ်အမာဂျမ်-(ဦးရှောမ်ရှူး)၊(ဦးအန်ဆာအုလ္လာ)၊မော်လဝီဟာဖစ် ဦးအန်ဒါဒုလ္လာ(ခ)ဦးအောင်နိုင်မြင့်-ဒေါ်နူလ်ဘေဂမ် တို့၏ အစ်မကြီး၊ တူ၊တူမ ၃၉ယောက်တို့၏အဒေါ်ကြီးသည် ၁၇-၆-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့)တွင် အလ္လာအသျှင်မြတ် အမိန့်တော်ခံယူသွားပါသဖြင့် ၁၈-၆-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင်ရေဝေးဥယျာဉ်တော်၌ ဒါဖနာပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမောင်နှမများ

# အထူးကျေးဇူးတင်ရှိပါကြောင်း

မခင်နှင်းဝေဝင်း(ခ)ချောစု B.E (Civil)[ ပုံဆွဲ-၁၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ရခိုင်ပြည်နယ်]၏နာရေးကိစ္စအဝဝ ပြီးစီးအောင်မြင်စေရန်အတွက် အဘက်ဘက်မှ အထူးကူညီဆောင်ရွက်ပေးကြပါသော ရန်ကုန်မြို့ရှိ ကပ္ပတိန်သာစိန်-ဒေါ်လှမြသိန်းတို့၏ သားသမီးမိသားစုများ၊ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးတို့အား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း လေးစားခင်မင်စွာဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။

မြင့်မြင့်ဝင်း(အတု)မိသားစု

# ဒေါ်ခင်ချိုမာ

အလယ်တန်းပြ(ငြိမ်း) အမက(၁၃)တာမွေ

အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်/ထက်ရပ်ကွက်၊ သုဓမ္မာလမ်း၊ အမှတ် ၇နေ (ဦးမြသန်း)-ဒေါ်မြိုင်တို့၏သမီး၊ ဦးရဲထွဋ်(အထက-၁၊ တာမွေ၊ ငြိမ်း)၏ ချစ်လှစွာသော ဇနီး၊ (ဦးစိုးနိုင်)၏ ညီမ၊ (ဦးအောင်လွင်)-ဒေါ်အေး၊ ဦးအေးမင်း-ဒေါ်လှမြတ်စိုး၊ ဦးဘုန်းကျော်-ဒေါ်အေးအေးကြည်၊ ဦးခင်မောင်သန့်-မဘိုမ၊ ဦးဝဏ္ဏအောင်-ဒေါ်ဝေဝေတို့၏အစ်မ၊ မစုမွန်လှိုင်ဦး၊ မမေမြတ်မွန်ဦးတို့၏ မိခင်သည် ၁၉-၆-၂၀၂၀ရက် (သောကြာနေ့) နံနက် ၁၁:၅၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၆-၂၀၂၀ရက် (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

(နေအိမ်မှကားများ မွန်းလွဲ ၁:၄၅ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# ဦးခင်မောင်ဆွေ

LASCO SHIPPING

အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ၁၆/၄ ရပ်ကွက်၊ ဝေဇယန္တာလမ်း၊ အမှတ် ၁၁၃၉ နေ (ဦးအောင်ဝင်း-ဒေါ်ထားရီ)တို့၏သား၊ ဦးတင် မောင်ဟန်)-ဒေါ်ခင်ဆွေဆွေ၊ (ဦးခင်မောင်မောင်)-ဒေါ်ရင်ရွှေတို့၏အစ်ကို၊ ဦးသိန်းဟန်-ဒေါ်စန်းရီ တို့၏သားသမက်၊ ဒေါ်စန်းစန်းသိန်း ၏ချစ်လှစွာသောခင်ပွန်းသည် ၁၇-၆-၂၀၂၀ရက် ည ၁၀:၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၆-၂၀၂၀ရက်ညနေ ၅နာရီ တွင်ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

# ဦးအုန်းညွန့်

အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ အရှေ့ဒဂုံ၊ UE-1 ရပ်ကွက်၊ သီးသန့် ၃လမ်း၊ အမှတ်၇၀၈ နေ ဒေါ်နတ်သော်၏ ခင်ပွန်း၊ ကိုဆန်းထွန်း၊ ကိုဇော်ထွန်း၊ မသန်းသန်းဦး၊ မရီမော်ခိုင်၊ မအိအိဆွေ၊ ကိုဖိုးကျော်၊မဖြူဖြူသန့်၊ မောင်စန်းမင်းတို့၏ ဖခင်သည် ၁၈-၆-၂၀၂၀ရက်(ကြာသပတေးနေ့) နံနက် ၁၁:၄၅ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အနိစ္စ

**သတိပေး နှိုးဆော်ချက်**

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။ **နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကျင်းပ



ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ ကာလအတွင်း ဆောင်ရွက်ခဲ့မှုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ အဖွဲ့ဝင် ဦးစောဗယ်လင်တိုင်း ရှင်းလင်းပြောကြားစဉ်။

**နေပြည်တော် ဇွန် ၁၉**

ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်သည့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ တို့၏ သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သတင်းစာရှင်းလင်းပွဲ၌ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ ကာလအတွင်း ဆောင်ရွက်ခဲ့မှုနှင့်စပ်လျဉ်း၍ **ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ အဖွဲ့ဝင် ဦးစောဗယ်လင်တိုင်း** က ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် နိုင်ငံ့ဝန်ထမ်းများ ရွေးချယ်ပေးခြင်း၊ ရာထူးတိုးမြှင့်ပေးခြင်း၊ ပြောင်းရွှေ့ခန့်ထားခြင်း၊ လေ့ကျင့်ပေးခြင်း၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများ သတ်မှတ်ခြင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဝန်ထမ်းရေးရာကိစ္စရပ်များနှင့် ပတ်သက်၍ အထောက်အကူပြုခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ စတုတ္ထ (၁) နှစ်တာ ကာလအတွင်း ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းအသီးသီး အတွက် နိုင်ငံ့ဝန်ထမ်း အရာထမ်း ၁၃၇၀ ကို ရွေးချယ်ခန့်ထားပေးနိုင်ခဲ့ပါကြောင်း၊ ယခုလျှောက်လွှာခေါ်ယူထားရှိသည့် လစ်လပ်ရာထူး ၂၂၇ နေရာ အတွက် ဆောင်ရွက်ဆဲ ဖြစ်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်နှင့် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် လိုအပ်သည့် လစ်လပ်လျက်ရှိသော လက်ထောက်ဆရာဝန်ရာထူး ၁၃၀၃ နေရာကို တိုင်းဒေသကြီး၊ ပြည်နယ်သို့ သွားရောက်၍ ရွေးချယ်ခန့်ထားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

*စာမျက်နှာ ၈ ကော်လံ ၁* ❍

## သတင်းစာရှင်းလင်းပွဲ ကျင်းပမည်

**နေပြည်တော် ဇွန် ၁၉**

ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့၏ စတုတ္ထ (၁)နှစ်တာ ကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ဇွန် ၂၂ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ရုံးအမှတ်(၇) ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

**တောင်အာရှနိုင်ငံအချို့တွင် ကိုဗစ် - ၁၉ ကူးစက်မှု မြင့်တက်လာ** စာ - ၁၂

……………………

**အိန္ဒိယတွင် တစ်ရက်အတွင်း ကိုဗစ် -၁၉ ကူးစက်ခံရသူ တစ်သောင်းကျော် တွေ့ရှိ** စာ - ၁၃

……………………

**ချင်းရွှေဟော်မြို့မှ နေရပ်ပြန် ပြည်သူ ၁၉၅ ဦးအား သက်ဆိုင်ရာ ဒေသများသို့ ထပ်မံလွှဲပြောင်း ပို့ဆောင်** စာ - ၁၈



## မလေးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် ဇွန် ၁၉**

နိုင်ငံတကာခရီးသည်တင်လေယာဉ်များ ပျံသန်းမှုယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပနိုင်ငံအသီးသီးတွင်ပိတ်မိ၍ အခက်အခဲကြုံတွေ့နေကြသည့် မြန်မာနိုင်ငံသားများအား Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် မြန်မာနိုင်ငံရှိ သက်ဆိုင်ရာဝန်ကြီးဌာနတို့နှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးမှုဖြင့် ပြည်ပနိုင်ငံအသီးသီးတွင် အမှန်တကယ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၄၁၈၃ ဦးအား ကယ်ဆယ်ရေးလေယာဉ်များဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးခဲ့ပြီး ဖြစ်သည်။

ယနေ့တွင်လည်း ထိုင်းနိုင်ငံတွင် အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေပြီး အခက်အခဲကြုံတွေ့နေရသော မြန်မာနိုင်ငံသား ၈၀ အား Myanmar National Airline (MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။ ထို့အပြင် မလေးရှားနိုင်ငံ ပီနန်းမြို့ရှိ Imperial Garment Sdn Bhd နှင့် Pen Apparel Sdn Bhd တို့တွင် အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာအလုပ်သမား ၁၃၇ ဦးကိုလည်း ကုမ္ပဏီမှ စီစဉ်ဆောင်ရွက်ပေးသည့်

*စာမျက်နှာ ၁၈ ကော်လံ ၅* ❖

## ကော်တင်ဟိုကို ကာလတိုစာချုပ် ဘိုင်ယန်မြူးနစ် ချုပ်ဆိုမည်

ဘိုင်ယန်မြူးနစ်အသင်းသည် လီဗာပူးကစားသမားဟောင်း ကော်တင်ဟိုကို ရာသီကုန်အထိ အငှားစာချုပ်သက်တမ်းတိုးရန် ဘာစီလိုနာအသင်းနှင့် သဘောတူညီမှုရရှိခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ထို့ကြောင့် ကော်တင်ဟိုအနေဖြင့် ဩဂုတ်လတွင် ယှဉ်ပြိုင်ကစားမည့် ချန်ပီယံလိဂ်ပွဲစဉ်များကို ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ပါဝင်ကစားခွင့်ရရှိတော့မည် ဖြစ်သည်။



လီဗာပူးကစားသမားဟောင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့ ချုပ်ဆိုထားသော အငှားစာချုပ်မှာ ဇွန် ၃၀ ရက်တွင် ကုန်ဆုံးတော့မည်ဖြစ်သည်။ သို့သော်လည်း ကိုဗစ် - ၁၉ ကပ်ရောဂါကြောင့် ရပ်နားထားသည့် ပွဲစဉ်များကို ပြန်လည်ယှဉ်ပြိုင်ရန်အလို့ငှာ နောက်ထပ် နှစ်လ သက်တမ်းတိုးနိုင်ခဲ့ကြောင်း ထွက်ပေါ်လာသော သတင်းများအရ သိရသည်။ ဘိုင်ယန်မြူးနစ်အသင်းသည် ကော်တင်ဟိုကို အငှားဖြင့် စာချုပ်ခေါ်ယူစဉ်က အငှားစာချုပ်သက်တမ်းကုန်ဆုံးလျှင် အမြဲတမ်းခေါ်ယူခွင့်ကို ထည့်သွင်းချုပ်ဆိုခဲ့သော်လည်း ယခုအခါတွင် အမြဲတမ်း ခေါ်ယူသွားမည်မဟုတ်ကြောင်း သိရသည်။ ဘရာဇီးကစားသမား၏ ကာလရှည်ဆက်လက်ရှိနေရေးမှာ မသေချာကြောင်း ၎င်း၏အေးဂျင့်ဖြစ်သူ ကီယာဂျူရက်ချီယန် က မကြာသေးမီတွင် ပြောကြားထားသည်။

*စာမျက်နှာ ၁၁ ကော်လံ ၁* ❑